မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၂၈၉)

၁၂၇၅ ခုနှစ်က ( ) တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင် ၂၁ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဘယ်လ်ဂျီယံနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇူလိုင် ၂၁

၂၀၁၆ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဘုရင်မင်းမြတ် ဖိလစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✻

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား စစ်ဆေးကုသထောက်ပံ့လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၀

အမျိုးသားလွှတ်တော် ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များ ကူညီစောင့်ရှောက်ရေးကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များအား စမ်းသပ် စစ်ဆေးခွဲစိတ်ကုသထောက်ပံ့လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် မြတ်လေးလမ်းရှိ တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်ရတနပါလ ဓမ္မဗိမာန်တော်၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အဆိုပါ အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် မျက်စိဝေဒနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့သည် တိပိဋကပုလဲရောင်ရှိန်စာသင်တိုက် အတွင်းရှိ တိပိဋကစက္ခုပါလဆေးခန်း၌ မျက်စိဝေဒနာရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး မျက်စိပြင်ပလူနာစမ်းသပ်ခန်း၊ အထွေထွေရောဂါစမ်းသပ်ခန်းနှင့် မျက်စိခွဲစိတ်ခန်းတို့၌ မျက်စိအထူးကုဆရာဝန်ကြီးများက စာမျက်နှာ ၃ ကော်လံ ၁ ■

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ် တိပိဋကပုလဲရောင်ရှိန် စာသင်တိုက်အတွင်းရှိ တိပိဋကစက္ခုပါလဆေးခန်း၌ မျက်စိဝေဒနာရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

မလေးရှားလေယာဉ်ကိစ္စ ဆုံးဖြတ်ချက်မှုကြမ်းချရန် လုံခြုံရေးကောင်စီစဉ်းစားဆဲ စာမျက်နှာ » ၄

ငါးအဒေါးခန်းစက်ရုံ အမိုးနီးယားဓာတ်ငွေ့ ယိုစိမ့်မှုဖြစ်ပွား စာမျက်နှာ » ၅

ရှေးဟောင်းကမ္ပည်းကျောက်စာ ခေါင်းလောင်းစာများမှ ပြောသော မြန်မာပြည် ဆောင်းပါး စာမျက်နှာ » ၆

ဘရာဇီးနည်းပြခန့်မည် စာမျက်နှာ » ၁၄

ကမ္ဘာလှည့်များ အကြိုက်များလာသည့် မြန်မာနိုင်ငံရှိ ရေဝတီမြစ်ကြောင်းခရီးစဉ်

ဘာသာပြန်-ထန်ဆွင်း
ဓာတ်ပုံ
သန်းထိုက်(လှိုင်သာယာ)

ဇူလိုင် ၁၂ ရက်ထုတ် ယူကေသတင်းစာတစ်စောင်ဖြစ်သော The Daily Telegraph က ကမ္ဘာလှည့်ခရီးသည်များသည် မကြာသေးမီနှစ်များအထိ မြစ်ချောင်းသွား အပျော်ခရီးအဖြစ် အီဂျစ်နိုင်ငံ နိုင်းမြစ်တစ်လျှောက် စုန်ဆင်းပြီး ရှေးဟောင်းဘုရားကျောင်းများနှင့် သင်္ချိုင်းများ လှည့်လည်ကြည့်ရှုခြင်း သို့မဟုတ် ရိုင်းမြစ် (Rhine) နှင့် ဒင်းညူမြစ် (Danube) တစ်လျှောက်ရှိ ခရစ္စမတ်ဈေးများသို့ ဈေးဝယ်ထွက်ခြင်းများ ပြုလုပ်ခဲ့ကြကြောင်း၊ ယခုအခါ ကမ္ဘာလှည့်ခရီးသည် အများအပြားသည် ရှခင်းများ လှည့်လည်ကြည့်ရှုခြင်းပါဝင်သည့် ပြင်သစ်နိုင်ငံရှိ ရုန်းမြစ်နှင့် စိန်းမြစ်၊ ပေါ်တူကီနိုင်ငံရှိ Douro မြစ်နှင့် ရုရှားပင်လယ်ရေကြောင်းလမ်း တစ်လျှောက်တို့တွင် လှည့်လည်အပန်းဖြေကြကြောင်း၊ ရုရှားရေကြောင်း ခရီးစဉ်တွင် မော်စကိုမှ စိန့်ပီတာစဘတ်တို့ သွားသည့်ရေကြောင်းခရီးနှင့် တူးမြောင်းများနှင့် ရေကန်ကြီးများတစ်ဝိုက် စာမျက်နှာ ၃ ကော်လံ ၅ ✻

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အမြတ်ဆုံးဆရာနှင့် နာသုံးနာ

ဆရာဟူသည်မှာ အနန္တဂိုဏ်းဝင်များဖြစ်ကြပါသည်။ ဆရာ ဆရာမတိုင်းသည် စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် ''နာသုံးနာ'' ဖြင့် မိမိတို့၏ တပည့်များအပေါ် သင်ကြားပြသ ပေးကြရသူများလည်း ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာများကို အနန္တဂိုဏ်းဝင်ဟု ဆိုခြင်းဖြစ်သည်။ ဤနာသုံးနာသည် ဆရာ ဆရာမတိုင်းအတွက် ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။ ''နာသုံးနာ''ကို အခြေခံ၍ သင်ကြားပြသပေးကြသော ဆရာ ဆရာမအပေါင်းတို့သည် အလွန်ပင်လေးစား ကြည်ညိုဖွယ်ရာ ကောင်းလှသည်။

မိမိတို့ တပည့်သားမြေးများအပေါ် စေတနာလည်းအပြည့်အဝ ထား၍ သင်ကြားပေးရမည်၊ သင်ကြားပြသခြင်းအလုပ်ကို ဝါသနာ လည်းပါရမည်၊ တပည့်လုပ်သူများထံမှ မည်သို့သော တံစိုးလက် ဆောင်တစ်စုံတစ်ရာကိုမျှ မျှော်ကိုးခြင်းမရှိဘဲ အနစ်နာခံသင်ကြားပေး ကြရမည်။ ဤကဲ့သို့ ''နာသုံးနာ''ကို အရင်းခံလျက် သင်ကြား ပြသပေးကြသော ဆရာ ဆရာမတို့သည်ကား အမြတ်ဆုံးဆရာများပင် ဖြစ်သည်။

သို့သော် နာသုံးနာတို့လျော့နည်းပါးလျားကြကုန်သော ဆရာ ဆရာမအချို့ အချို့တို့ကြောင့် ပညာရေးလောက၏ ပုံရိပ်တို့ အရောင်မှိန်နေရသည်ကိုလည်း သတိပြုမိသည်။ ကျောင်းသင်ခန်းစာ များကို အလုပ်သဘော ပြီးစလွယ်သင်ကြားမှုများ ရှိနေသည်။ သင်ခန်းစာကို ကျကျနန ရှင်းလင်းပြသမှုနည်းပါးနေသည်။ ဘယ်အခန်းမှ ဘယ်လိုကြည့်ထား၊ ကျက်ထားဟူ၍သာ သာမန်ကာ လျှံကာ သင်ကြားမှုများရှိနေသည်။ တစ်နည်းအားဖြင့် ဆရာစားချန် သင်ကြားကြပါသည်။ ဤသို့သင်ကြားရခြင်းမှာလည်း အကြောင်း ရှိပါသည်။ ၄င်းတို့တရားမဝင် ဖွင့်လှစ်ထားသော ကျူရှင်များ၊ စာသင်ဝိုင်းများသို့ လာရောက်တက်ရန် ဆရာစားချန် သင်နေကြ သည်ဟု ယူဆစရာများ တွေ့ရပါသည်။ ထို့ကြောင့်လည်း ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို နားမလည် သည့်အဆုံး နီးစပ်ရာကျူရှင်များ၊ စာသင်ဝိုင်းများသို့ အပြေးအလွှား တက်ကြရပြန်သည်။

ကျူရှင်တက်သည်ဆိုရာတွင် ငွေကြေးပြည့်စုံသူများအတွက် အကြောင်းမဟုတ်သော်လည်း ငွေကြေးချို့တဲ့သော မိဘများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသည်။ နောက်ဆုံးကျောင်းသားသည် ကျောင်းတွင်လည်း စာကောင်းစွာမလိုက်နိုင်၊ ကျူရှင်စာကျက် ဝိုင်းများလည်း မတက်နိုင်သည့်အဆုံး ပညာတတ်မြောက်မှု အရည် အသွေး ကျဆင်းသွားရတော့သည်။ အလွန်ပင်ပညာတော်သည့် ကလေးဖြစ်လင့်ကစား ထိုကဲ့သို့ ပညာသင်ကြားရေး အခက်အခဲ များကြောင့် စာတော်သည့်ကလေးအဖြစ်မှ စာညံ့သောကလေး အဖြစ်သို့ ရောက်ရှိသွားရပါတော့သည်။ ကလေးများအတွက် အလွန်ပင် ဝမ်းနည်းစရာကောင်းလှသည်။ ကျောင်းတိုင်း၊ ဆရာတိုင်း ကို ဤသို့သင်ကြားမှုများ ပြုနေသည်ဟု ဆိုလိုခြင်းမဟုတ်ပါ။ အချို့ရှိ နေသည်ကအမှန်ပင်ဖြစ်သည်။ ပညာရေးစနစ်လျော့နည်း အားနည်းလာခြင်းမှာ ထိုအချက်သည် အဓိကအချက်တစ်ချက်အဖြစ် ပါဝင်ပါသည်။

မကြာမီက ထူးချွန်ကျောင်းသားများအား ပညာသင်ဆုပေးပွဲ အခမ်းအနားတစ်ရပ်တွင် ''ကျောင်းသား ကျောင်းသူများအား ကျောင်း စာသင်ခန်းအတွင်းမှာပင် အမှန်တကယ် တတ်မြောက်အောင် သင်ကြားရေး'' တပ်မတော်အကြီးအကဲက ပြောကြားခဲ့သည်ကို ဖတ်မှတ်မိလိုက်ပါသည်။ တစ်ထိုင်တည်းနှင့် ကျောင်းသားကို စာရ သွားအောင်သင်ကြားပေးသည့် ဤစနစ်သည် အလွန်ကောင်းသော စနစ်ဖြစ်သည်။ ကျောင်းတိုင်း လိုက်နာကျင့်သုံးသင့်သောစနစ်ဖြစ် သည်။ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုသည့် နာသုံးနာကို အရင်းခံ လျက် ထိထိရောက်ရောက် သင်ကြားပေးခြင်းဖြင့် ပညာရေးစနစ် သည်လည်း တိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

တပ်ကုန်းမြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီက ကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၄ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့ယာဉ်မှုစစ်ဌာနမှ ရဲအုပ်ထွန်းနိုင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဗဟုသုတများ အသိပညာပေး ဟောပြောကာ ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်များကို ပရိုဂျက်တာဖြင့် ပြသခဲ့စဉ်။ **တင်ထွန်းတာ**

ပြည်တွင်းသတင်း

ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ်(၅)ဆင်း

နေပြည်တော် ဇူလိုင် ၂၀

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်အဆင့်များချမှတ်ကာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် ပြည်သူ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားစွာဖြင့် ပြည်သူတို့၏ ဆန္ဒ၊ လိုအပ်ချက်များကို ဖြည့်ဆည်းစီမံရာ၌ ရလဒ်ကောင်းများ ဖော်ဆောင်နိုင်ရေးအတွက် မိမိတို့တာဝန်များအပေါ် တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ရေး ရည်ရွယ်ချက်များဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာနသည် ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြင့်မားရေး မွမ်းမံသင်တန်းအမှတ်စဉ်(၅)ကို ဇူလိုင် ၇ ရက်မှ ၁၈ ရက်အထိ ရက်သတ္တပတ်နှစ်ပတ်ကြာ ဖွင့်လှစ်ခဲ့ပြီး သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို နေပြည်တော် ရေဆင်းရှိ သစ်တောသုတေသနဌာန စုဝေးခန်းမ၌ ဇူလိုင် ၁၈ ရက် က ကျင်းပရာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားခဲ့သည်။ သင်တန်းဆင်းပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောတက္ကသိုလ်ပါမောက္ခချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။ ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာ၌ လူမှုရေး၊ စီးပွားရေးနှင့်ပတ်ဝန်းကျင် ကဏ္ဍများဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ သဘာဝသစ်တောသယံဇာတများသည် ပြည်သူများအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရုံသာမက နိုင်ငံတော်၏ စီးပွားရေး၊ ဂေဟစနစ်တည်ငြိမ်ရေး နှင့် ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေကောင်းများဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက် ရှိကြောင်း၊ သဘာဝသစ်တောသယံဇာတများ ရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်မှသာ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်မှုရရှိနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံ့လူဦးရေ၏ ၇၀ရာ ခိုင်နှုန်းသော ကျေးလက်နေ ပြည်သူများသည် သစ်တောများအပေါ် တည်မှီလျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျော့နည်းကျဆင်းရေးလုပ်ငန်းစဉ်များတွင် သဘာဝသစ်တောများသည် များစွာအထောက်အကူပြုလျက်ရှိကြောင်း၊ မြို့နယ်ဦးစီးဌာနများသည် သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အခြေခံကျသည့် အဖွဲ့အစည်းများ ဖြစ်ကြောင်း၊ သဘာဝသစ်တော သယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် အသုံးချခြင်းလုပ်ငန်းစဉ်များအား စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်နိုင်မှသာ သဘာဝသစ်တော သယံဇာတများရေရှည်တည်တံ့ ဖွံ့ဖြိုးသည်သာမက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ယင်းသို့ သစ်တောများကို စနစ်တကျ အုပ်ချုပ်လုပ်ကိုင်ရာတွင် မိမိတို့ ပြည်သူ့ဝန်ထမ်းများ သာမက အကျိုး ပါဝင်ပတ်သက်သူများ၊ ဒေသခံကျေးလက်နေပြည်သူများ လက်ခံယုံကြည် ပူးပေါင်းဆောင်ရွက်မှုရရှိရန် အရေးကြီးကြောင်း၊ ပြည်သူများ ပူးပေါင်းပါဝင်သော သစ်တောအုပ်ချုပ် လုပ်ကိုင်မှုဖြင့်သာ မိမိတို့ သစ်တောကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အခြေခံကျသည့် မြို့နယ်အဆင့် ဦးစီးအရာရှိဝန်ထမ်းများ၏ စိတ်ဓာတ်၊ စွမ်းဆောင်ရည်ဖြင့် တာဝန်သိမှု၊ တာဝန်ယူမှု၊ ပေါင်းစပ်ညှိနှိုင်းမှုကောင်းစွာဖြင့် ပြည်သူတို့၏ အားရယူကာ မိမိတစ်ဦးတည်း သာမက မိမိဦးဆောင်ရသည့် အဖွဲ့အစည်းများကိုပါ စွမ်းဆောင်ရည်ပြည့်ဝစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



စာရေးဆရာအသင်း (ဗဟို) ဦးစီး ညီလာခံအတွေ့အကြုံ ရှင်း

ရမည်းသင်း ဇူလိုင် ၂၀

မြန်မာနိုင်ငံ စာရေးဆရာအသင်း (ရန်ကုန်)ဗဟိုဦးစီးအဖွဲ့ ညီလာခံ အတွေ့အကြုံ ရှင်းလင်းပွဲကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ရမည်းသင်းခရိုင် ပြန်/ဆက်ဦးစီးဌာန၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မြို့နယ် စာရေးဆရာအသင်းအတွင်းရေးမှူး ဦးညွန့်ရွှေ(သတင်းထောက် ညွန့်ရွှေ)က ဆောင်ရွက်ပြီး စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်လှ(တက္ကသိုလ်မောင်လူလှ)က ဇွန် ၂၀ ရက်က ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) ဦးစီးအဖွဲ့ ညီလာခံ အတွေ့အကြုံများကို ရှင်းလင်းပြီး အသင်း၏ ရသုံးငွေစာရင်းများကို ဘဏ္ဍာရေးမှူး ဒေါ်စန်းစန်း (အေးမြအေး)က ရှင်းလင်းခဲ့ကြောင်း သိရသည်။ **ဦးညွန့်ရွှေ(ရမည်းသင်း)**

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
ကျောင်းပိတ်ရက်မှာ အကျိုးရှိစေရန်နှင့်
အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
လည်းတန်းကျောင်းခွဲ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046, 392048
Ph: 01-503472, 09 73001453

BASIC ENGLISH SPEAKING		
3:30 - 5	(Mon – Thurs)	21 July
6 - 7:30	(Mon – Thurs)	21 July
1 - 2:30	(Mon – Thurs)	28 July
1 - 4:00	(Sat + Sun)	10 Aug
10-11:30	(Mon – Thurs)	13 Aug

BASIC FOUR SKILLS ENGLISH		
1 - 4:00	(Sat + Sun)	27 July
1 - 2:30	(Mon – Thurs)	30 July
3:30 - 5	(Mon – Thurs)	6,13 Aug
1 - 2:30	(Mon – Thurs)	13 Aug
1 - 4:00	(Sat + Sun)	17 Aug

BASIC WRITING		
2 - 4:00	(Sat + Sun)	3 Aug
10-11:30	(Mon – Thurs)	25 Aug

PRE-INTERMEDIATE		
10-11:30	(Mon – Thurs)	28 July
1 - 4:00	(Sat + Sun)	2 Aug
9 - 12:00	(Sat + Sun)	10 Aug

INTERMEDIATE (ACADEMIC ENGLISH)		
10-11:30	(Mon – Thurs)	21 July
7:30-10:30	(Sat + Sun)	26 July

VOCAB ENRICHMENT		
7:30 - 9	(Mon – Thurs)	21 July
1 - 2:30	(Mon – Thurs)	13 Aug

BASIC GRAMMAR		
3:30 - 5	(Mon – Thurs)	13 Aug

INTERMEDIATE GRAMMAR		
7:30 - 9:30	(Sat + Sun)	10 Aug

BASIC ENGLISH SPEAKING		
7:30 - 9	(Mon – Thurs)	30 July
3:30 - 5	(Mon – Thurs)	30 July

PRE-INTERMEDIATE		
1 - 2:30	(Mon – Thurs)	28 July
2 - 5:00	(Sat + Sun)	10 Aug
7:30 - 9	(Mon – Thurs)	27 Aug

BASIC FOUR SKILLS ENGLISH		
3:30 - 5	(Mon – Thurs)	30 July
6 - 7:30	(Mon – Thurs)	13 Aug
7:30 - 9	(Mon – Thurs)	25 Aug
10-11:30	(Mon – Thurs)	25 Aug

IELTS (Preparation)		
1 - 4:30	(Sat + Sun)	20 July
7:30-9:30	(Mon – Thurs)	18 Aug

IELTS Exam Practice		
3:30 - 5	(Mon – Thurs)	14 July

IELTS (Speaking)		
1 - 2:30	(Mon – Thurs)	11 Aug

IELTS (Reading)		
7:30-9:30	(Mon – Thurs)	28 July

IELTS (Writing)		
7:30 - 9	(Mon – Thurs)	14 July

ပြည်တွင်းသတင်း

※ ရှေ့ဖုံးမှ

အလားတူ ၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အီလီယို ဒိုင်ရှူပိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဘယ်လ်ဂျီယံနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၁

၂၀၁၄ ခုနှစ် ဇူလိုင် ၂၁ ရက်တွင် ကျရောက်သော ဘယ်လ်ဂျီယံနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေး၊ နိုင်ငံခြားကုန်သွယ်ရေးနှင့်ဥရောပရေးရာဝန်ကြီး မစ္စတာ ဒီဒီယာ ရန်ဒါးစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း တိပိဋကစက္ခုပါလ ဆေးခန်း၌ မျက်စိခွဲစိတ်ပြီး လူနာများအား မျက်မှန်များ တပ်ဆင်ပေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

မျက်စိဝေဒနာရှင်များအား စစ်ဆေးစမ်းသပ်၊ ကြည့်ရှု၊ ခွဲစိတ်ကုသနေမှုတို့ကို ကြည့်ရှုကြသည်။ အခမ်းအနားကို ရတနပါလဓမ္မဗိမာန်တော်၌ ကျင်းပရာ ရှေးဦးစွာ(၁၁)ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက တိပိဋက ပုလဲရောင်ရှိန် စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကုန္ဒပါလက မျက်စိအလင်းအလှူပွဲနှင့်စပ်လျဉ်း၍ သြဝါဒစကား မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက မျက်စိအလင်းရောင် ချို့တဲ့သူများအား မျက်စိအလင်းရောင်ရရှိရေးအတွက် ယခုကဲ့သို့ ကြီးကျယ်သည့်အခမ်းအနား ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသူများကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုကဲ့သို့အခမ်းအနားမျိုး ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် ဆုတောင်းပါကြောင်း၊ ဆက်လက်၍ ဘဝအလင်းရောင်ရရှိရေးကို ဆောင်ရွက်ပေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံသားများအနေဖြင့် ကျရာအခန်းကဏ္ဍမှ ပါဝင်ကြရန်ဆန္ဒပြုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ယခုအခမ်းအနားသည် အလွန်ကြီးကျယ်မြင့်မြတ်သည့် အလှူဒါနပွဲဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့် အမျိုးသားလွှတ်တော်ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေတို့က မျက်စိအလင်းအလှူပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဇေကမ္ဘာကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ခရိုင်အလိုက် တာဝန်ရှိသူများနှင့် မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာအေးထွန်းတို့က လက်ခံကြသည်။

ယင်းနောက် မျက်စိဝေဒနာရှင်များကိုယ်စား ကိုယ်စားလှယ်တစ်ဦးက မျက်စိအလှူပွဲ ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများသည် မျက်စိခွဲစိတ်ပြီး လူနာများအား မျက်မှန်များတပ်ဆင်ပေးပြီး ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယခုအခမ်းအနားသည် တိပိဋကစက္ခုပါလအဖွဲ့၏ (၁၅)ကြိမ်မြောက် မျက်စိအလင်းအလှူပွဲဖြစ်ပြီး မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာအေးထွန်း ဦးဆောင်သော မျက်စိအထူးကု ဆရာဝန်ကြီး ၂၀ တို့က ဇူလိုင် ၁၇ ရက်မှ ၂၀ ရက်အထိ မျက်စိဝေဒနာရှင် ၂၉၆၁ ဦးတို့အား ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာမခံပညာပြန့်ပွားရေး သင်တန်းများ လစဉ်ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ၏ အာမခံအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့နှင့် နိုင်ငံခြားအာမခံကုမ္ပဏီ ဌာနေကိုယ်စားလှယ်ရုံးခွဲ Poe-ma insurances တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် ပိုင်ဆိုင်မှုပစ္စည်း အာမခံ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မြန်မာ့အာမခံလုပ်ငန်း (ရုံးချုပ်)၌ ကျင်းပရာ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အာမခံလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်ကြမည့် အရာထမ်း၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ပေးရန်ရည်ရွယ်၍ ဤသင်တန်းဖွင့်လှစ်ခြင်းဖြစ်ပြီး မြန်မာ့အာမခံလုပ်ငန်းနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီ ၁၂ ခုတို့မှ အရာထမ်း၊ ဝန်ထမ်း ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။ အဆိုပါ အာမခံပညာ ပြန့်ပွားရေးသင်တန်းများကို လစဉ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပုလဲမြို့နယ် နှောကန်၊ စပါးစေ့၊ မကျီးကုန်းကျေးရွာများ၏ ရွာလုံးကျွတ်လျှပ်စစ်မီးလင်းရေးအောင်ပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

ပုလဲမြို့နယ် နှောကန်ကျေးရွာ၌ နှောကန်၊ စပါးစေ့၊ မကျီးကုန်းကျေးရွာများ လျှပ်စစ်မီးဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးစိန်မောင်းနှင့် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နွယ်အင်းကျေးရွာသို့ ဆက်လက်ထွက်ခွာပြီး ဆိုလာစနစ်ဖြင့် ရွာလုံးကျွတ် မီးလင်းအောင်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားများ၌ ပြည်ထောင်စုဝန်ကြီးက နှောကန်၊ စပါးစေ့၊ မကျီးကုန်းကျေးရွာများသည် ပုလဲ-ဂန့်ဂေါလမ်းမကြီးဘေးအနီးနှင့် မဟာခတ်အားလိုင်းအနီးတို့တွင် ရှိသော်လည်း လျှပ်စစ်မီးမရရှိခဲ့သဖြင့် ဖွံ့ဖြိုးမှုနောက်ကျခဲ့ရကြောင်း၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျေးရွာလူထုမှ ကျေးလက်မီးလင်းရေးကော်မတီ စနစ်တကျဖွဲ့စည်းပြီး စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းများအနေဖြင့် ငွေကြေးစုဆောင်း ဆောင်ရွက်ခဲ့ကြကြောင်း၊ ၄င်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း ငါးရာကျော်ဖြစ်ပြီး လောလောဆယ်ကျေးရွာမှ ငွေကျပ် ၂၇၃ သိန်းလောက်သာ တတ်နိုင်သဖြင့် 200 KVA ထရမ်စဖော်မာ တည်ဆောက်ရေးအတွက် ကုန်ကျငွေ ၁၁၆ သိန်းကို မိမိက ငွေကျပ် ၆၆ သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်နှင့် အလှူရှင်များက ငွေကျပ်သိန်း ၅၀ တို့ကို လှူဒါန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ကျန်လိုအပ်ငွေကို အရစ်ကျပြန်ဆပ်စနစ်ဖြင့် သမဝါယမဝန်ကြီးဌာနမှ ထုတ်ချေးပေးပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာလုံးကျွတ် မီးလင်းရေးအခမ်းအနား အောင်မြင်စွာ ဖွင့်လှစ်နိုင်ပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးကို အသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ တစ်ပိုင်တစ်နိုင်ဖြစ်ထွန်းအောင် ကြိုးစားကြရန်နှင့် ပညာရေး ကျန်းမာရေးပါ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နှောကန်၊ စပါးစေ့၊ မကျီးကုန်း၊ နွယ်အင်းကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်/စာစောင်များ၊ အင်းကန်၊ ပျော်ဘွယ်ကျင်း၊ ချင်မြစ်ကျင်း၊ ပြင်လှိုင်းကျေးရွာများအတွက် ဆိုလာမီးအိမ်များ၊ မင်းတိုင်ပင်၊ ထန်းတောတိုက်၊ ကျောက်ဖျာကန်၊ သရက်၊ ငှက်ပျောတော၊ ကွင်းတိုင်း၊ ဆင်ရှင်ကျေးရွာများအတွက် လူသုံးကုန်ပစ္စည်းများနှင့် နွယ်အင်းကျေးရွာ အိမ်ထောင်စု ၂၂၀ စုအတွက် ဆိုလာစနစ်ဖြင့် မီးတပ်ဆင်ခြင်း ကုန်ကျငွေ ၆၆ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။ အလားတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း နှောကန်၊ ဆင်ရှင်၊ ကျောက်ဖျာကန်၊ အလယ်ဘုံ၊ နွယ်အင်းကျေးရွာ စာကြည့်တိုက်များတွင် တပ်ဆင်အသုံးပြုနိုင်ရန် Sky Net ရုပ်သံဖမ်းစက်များ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

※ ရှေ့ဖုံးမှ

သွားရောက်သည့် ရေကြောင်းခရီးစဉ်များပါဝင်ကြောင်း၊ ထူးခြားပြီး ရေပန်းစားလာနေသော မြစ်ချောင်းများတွင် တရုတ်နိုင်ငံရှိ ယန်ဇီမြစ်(Yangze)၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ မဲခေါင်မြစ်တို့ ပါဝင်ကြောင်း၊ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်ကြောင်းခရီးစဉ်မှာ ယခုနှစ်လူကြိုက်များသော ခရီးစဉ်ဖြစ်ပြီး Ama Waterways နှင့် Avalon Waterways တို့က ယခုနှစ်နှင့် လာမည့်နှစ်တွင် အပျော်စီးသင်္ဘောများ ပြေးဆွဲမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့မြန်မာစံတော်ချိန် ၁၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(မိုး/ဇလ)**

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအစုအဖွဲ့ အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းစတင်ထူထောင်နိုင်ရေး အစုအဖွဲ့အစည်းအဝေးကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လုပ်ငန်းစတင်ထူထောင်နိုင်ရေး အစုအဖွဲ့ ဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းအောင်က လုပ်ငန်းစတင်ထူထောင်နိုင်ရေး အစုအဖွဲ့၏ လုပ်ငန်းတာဝန်များ၊ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် SME Agency ဖွဲ့စည်းထားရှိမှု၊ SME Agency ရုံးများဖွင့်လှစ်ပြီးစီးမှု၊ One Stop Service Center များ ဖွဲ့စည်းဆောင်ရွက်မှု၊ OnLine စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး ဦးတည်ကြိုးပမ်းဆောင်ရွက်သွားကြရန် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး တိုင်းဦးစီးမှူးက ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်မြေကွက်များဖော်ထုတ်ပြီးစီးမှု၊ စက်ရုံလည်ပတ်နေသော မြေကွက်၊ လုပ်ငန်းထူထောင်ဆဲမြေကွက်တို့နှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦးက နိုင်ငံတော်မှ ချေးငွေရရှိမှုအပေါ် စက်မှုလုပ်ငန်းရှင်များအား ထုတ်ချေးနိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက SMIDB ဘဏ်မှ SME လုပ်ငန်းများအတွက် ငွေချေးမည့် အခြေအနေနှင့်စက်မှုဇုန်များမှ သိရှိလိုသည်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဦးသိန်းအောင်က ဖြည့်စွက်ဆွေးနွေး မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ပပို့ကုန်အမယ်သစ်သီးနှံဖြစ်သည့် တစ်ဧက ပိဿာ ၃၀၀၀ အထက်ထွက်ရှိသည့် ပိန်းဥ၊ တစ်ဧက ပိဿာ ၃၀၀၀ အထက် ထွက်ရှိသည့် ကန်စွန်းဥနှင့် တစ်ဧက ပိဿာ ၂၀ ထွက်ရှိသည့် ကညွတ်သီးနှံ သိပ္ပံနည်းကျစိုက်နည်းစနစ်သင်တန်း

၁။ ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့တင်ပို့ရန် နိုင်ငံခြားဈေးကွက်ခိုင်မာသည့် အမယ်သစ်သီးနှံများဖြစ်သော **ပိန်းဥ၊ ကန်စွန်းဥ** နှင့် **ကညွတ်** သီးနှံများကို **ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product)** စနစ်ဖြင့် သိပ္ပံနည်းကျ စိုက်နည်းစနစ်ကျင့်သုံး၍ စီးပွားဖြစ် စိုက်နည်းစနစ်သင်တန်းကို ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်၊ ကိုးရွာသပြေကုန်းကျေးရွာ၊ ဧက ၉၀၀ စံပြ စိုက်ခင်းတွင် ဇူလိုင် ၂၆ ရက်မှစပြီး လက်တွေ့ပြသသင်တန်းပို့ချသွားမည်ဖြစ်ပါသည်။

၂။ သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူလုပ်ငန်းရှင်များ၊ စိုက်ပျိုးလိုသည့်ဝါသနာရှင်များ မည်သူမဆို ပါဝင်တက်ရောက်နိုင်ပါသည်။ သင်တန်းကို အခမဲ့သင်ကြားပေးမည်ဖြစ်သည့်အပြင် မျိုးပင်နှင့်မျိုးဥများကိုလည်း နမူနာအခမဲ့ ဖြန့်ဖြူးပေးသွားမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန ဖုန်း-၀၆၇-၄၁၀၀၀၇ နှင့် ၀၆၇-၄၁၀၁၃၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စိုက်ပျိုးရေးဦးစီးဌာန
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

နိုင်ငံတကာသတင်း

မလေးရှားလေယာဉ်ကိစ္စ ဆုံးဖြတ်ချက်မူကြမ်းချရန် လုံခြုံရေးကောင်စီစဉ်းစားဆဲ

မလေးရှားလေကြောင်းခရီးစဉ် MH17 ပစ်ချခံရကိစ္စ လုံခြုံရေးကောင်စီဆွေးနွေးပွဲတွင် တက်ရောက်လာသော ကုလသမဂ္ဂဆိုင်ရာ ရုရှားသံအမတ်ကြီး ဗီတာလိုင်ချာရိကင်။

ကုလသမဂ္ဂ ဇူလိုင် ၂၀

မလေးရှားခရီးသည်တင် လေယာဉ် ယူကရိန်းတွင် ပစ်ချခံရခြင်းအတွက် ရှုတ်ချရန်၊ လေယာဉ်ပျက်ကျသည့်နေရာသို့ ဝင်ရောက်ခွင့်ပြုရေးအတွက် လက်နက်ကိုင်အုပ်စုများထံ တောင်းဆိုရန်နှင့် အပြည်ပြည်ဆိုင်ရာ စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ဒေသတွင်းနိုင်ငံများက ပူးပေါင်းဆောင်ရွက်ရေးအတွက် တိုက်တွန်းရန် စသည့်အချက်များ ပါဝင်သော ဆုံးဖြတ်ချက်မူကြမ်းတစ်ခု ချမှတ်နိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက စဉ်းစားလျက်ရှိသည်။

လေယာဉ်ပျက်ကျမှုအတွင်း ၎င်း၏နိုင်ငံသား ၂၈ ဦးဆုံးရှုံးခဲ့ရသော ဩစတြေးလျနိုင်ငံက လုံခြုံရေးကောင်စီအဖွဲ့ဝင် ၁၅ ဦးနှင့်သံတမန်များထံ ဆုံးဖြတ်ချက်စာသားမူကြမ်းတစ်စောင်ကို ယမန်နေ့ညပိုင်းက လိုက်လံဖြန့်ဝေလျက်ရှိပြီး တုဏှိဘာဝေဖြစ်နေသည့် အခြေအနေနှင့် ပတ်သက်၍လည်း ပြောဆိုလျက်ရှိကာ ယင်းကိစ္စအပေါ် တနင်္လာနေ့ထက်နောက်မကျဘဲ ဆန္ဒမဲပေးရမည့်အခြေအနေ ဖြစ်လာနိုင်ကြောင်းလည်း ပြောကြားသည်။

အမေရိကန် ပြည်ထောင်စုနှင့် အခြား အင်အားကြီးနိုင်ငံများက မလေးရှားခရီးသည်တင်လေယာဉ်သည် ယူကရိန်းအရှေ့ပိုင်းရှိ ပုန်ကန်သူများ၏ဒေသမှနေ၍ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ချခံခဲ့ခြင်းဖြစ်ဖွယ်ရှိကြောင်း ပြောကြားထားသည်။ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆာမန်သာပါဝါက ဒုံးပျံပစ်ခတ်မှုတွင် ရုရှားတို့ပါဝင်ကူညီမှုအပေါ် ဝါရှင်တန်အနေဖြင့် မဟန့်တားနိုင်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က ပြောကြားခဲ့သည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်က ယူကရိန်းအရှေ့ပိုင်းရှိ မော်စကိုလိုလားသောသူပုန်များအား ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုက်ပြီး နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအနေဖြင့်လည်း လိုရာဆွဲ၍ ကောက်ချက်မချရန် တင်းတင်းကျပ်ကျပ်တောင်းဆိုလိုက်သည်။ လေယာဉ်ပစ်ချသည့်ကိစ္စတွင် ပါဝင်ပတ်သက်သည်ဆိုမှုအပေါ် မော်စကိုအနေဖြင့် ငြင်းဆိုလိုက်ပြီး ယူကရိန်းစစ်ဘက်ကို လက်ညှိုးထိုးအပြစ်ဖို့ထားသည်။ **(ရိုက်တာ)**

ဟားမားစ်တို့၏ ဥမင်ကွန်ရက်ကိုပါ ဖြိုချမည်ဟု အစ္စရေးပြော

တဲလ်အဗစ် ဇူလိုင် ၂၀

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်တို့အား မြေပြင်ထိုးစစ်ဆင်နွှဲနေခြင်းကို တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ကြောင်း အစ္စရေးတို့က ပြောကြားလိုက်သည်။ ဂါဇာအကြမ်းဖက်သမားများ ထိုးစစ်ဆင်တိုက်ခိုက်မှုတွင် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း အစ္စရေးစစ်တပ်၏ ကြေညာချက်တွင် ဖော်ပြသည်။ တနင်္ဂနွေနေ့လေကြောင်းတိုက်ခိုက်မှုအတွင်း ကလေးနှစ်ဦးအပါအဝင်လူလေးဦးသေဆုံးခဲ့သည်။

ထိုအတောအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် တွေ့ဆုံဆွေးနွေးရန် ကာတာနိုင်ငံသို့ ရောက်ရှိလာသည်။

၎င်းလာရောက်ခြင်းသည် အစ္စရေးနှင့် ပါလက်စတိုင်းအကြမ်းဖက်မှု အဆုံးသတ်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးရန်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးက ပြောသည်။ သို့သော်လည်းဂါဇာကမ်းမြောင်ဒေသ၌ သေဆုံးသူအရေအတွက် မြင့်တက်လျက်ရှိရာ လူပေါင်း ၃၅၀ ကျော်သေဆုံးခဲ့ပြီဖြစ်သည်။ သေဆုံးသူအများစုမှာ ကလေးများဖြစ်သည်။

အစ္စရေးတို့က ဂါဇာကို ၁၀ ရက်ကြာ လေကြောင်းတိုက်ခိုက်ခဲ့ရာ ဟားမားစ်တို့၏ ဒုံးကျည်ဖြင့်ပြန်လည်ပစ်ခတ်မှုရပ်တန့်ခြင်းမရှိသည့်အတွက် ကြာသပတေးနေ့မှ စတင်ကာ မြေပြင်ထိုးစစ်စတင်ခဲ့သည်။ အစ္စရေးတို့က ဝေဟင်မှသာလျှင်မဟုတ်ဘဲ ဟားမားစ်တို့၏ ဥမင်လိုဏ်ခေါင်းကွန်ရက်ကိုပါ လိုအပ်သလို ပစ်မှတ်ထားတိုက်ခိုက်သွားမည်ဟု ဆိုသည်။ **(ဘီဘီစီ)**

မြေအောက်၌ ၁၃၁ နာရီကြာ ပိတ်မိပြီးနောက် အလုပ်သမား ၁၄ ဦးကို ကယ်တင်နိုင်

ကူမင်း ဇူလိုင် ၂၀

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ မြေအောက်မီးရထားလိုဏ်ခေါင်းပြိုကျမှုကြောင့် ငါးရက်ကျော်ကြာ မြေအောက်၌ ပိတ်မိနေခဲ့သော အလုပ်သမား ၁၄ ဦးကို ဇူလိုင် ၂၀ ရက် အစောပိုင်းက ကယ်တင်နိုင်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ပြည်သူ့အများက ဇူလိုင် ၂၀ ရက် နံနက် ၂နာရီ ၅၈ မိနစ်က ပိတ်မိနေသော အလုပ်သမား ၁၄ ဦးကို မြေအောက်မှ ကယ်ဆယ်နိုင်ခဲ့သောကြောင့် အော်ဟစ်ကာ အားပေးခဲ့သည်။ အရေးပေါ်ယာဉ်များကလည်း ၎င်းလိုဏ်ဂူပေါက်၌ အသင့်စောင့်ဆိုင်းနေပြီး အသက်ရှင်ကျန်ရစ်သူများကို ဖူနင်းခရိုင် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

"သူတို့ကို ကြည့်ရတာအဆင်ပြေပုံပါပဲ။ ဒါပေမယ့် အသေးစိတ်ဆေးစစ်မှုတွေတော့ ပြုလုပ်ဖို့လိုအပ်သလို နောက်ပိုင်းမှာ စိတ်ပိုင်းဆိုင်ရာ ဆွေးနွေးမှုတွေလုပ်ပေးဖို့ လိုအပ်မယ်ထင်ပါတယ်"ဟု ပြည်နယ်ကျန်းမာရေးဌာနအကြီးအကဲက ပြောသည်။

တနင်္လာနေ့ ညနေ ၄ နာရီခန့်က ၁၃ ဒသမ ၅ ကီလိုမီတာ လိုဏ်ဂူ၏ မီတာ ၂၀ ခန့် ပြိုကျခဲ့ရာ ပိတ်မိနေသူများလွတ်မြောက်ရန် ကယ်ဆယ်ရေးဝန်ထမ်း ၄၀၀ ကျော် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်။

၂၇ နာရီကျော်ပိတ်ဆို့မှုများကို ဖယ်ရှားခဲ့ပြီး အင်္ဂါနေ့က အစားအစာ၊ ရေနှင့် မီးအိမ်များကို လိုဏ်ဂူအတွင်း အလုပ်သမားများထံ ပို့ပေးခဲ့သည်။ ပိတ်မိနေသော အလုပ်သမားများက ဗုဒ္ဓဟူးနေ့တွင် ပြတ်တောက်နေသော လျှပ်စစ်ဝိုင်ယာကြိုးများကိုဆက်၍ မီးလင်းအောင် လုပ်ဆောင်ခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကို နေ့စဉ်လုပ်ကိုင်ခဲ့သော်လည်း မြေတူးစက်ချွတ်ယွင်းမှုကြောင့် နှောင့်နှေးမှုဖြစ်ခဲ့ရသည်။ အသေးစားစက်များကို အသုံးပြုပြီး မာကျောသော အပျက်အစီးများကို ရှောင်ရှား၍ ကယ်ဆယ်ရေးကို တဖြည်းဖြည်းလုပ်ကိုင်ခဲ့ရသည်။ နောက်ဆုံး၌ အသေးစားလိုဏ်ခေါင်းလေးကို ဇူလိုင် ၂၀ ရက် နံနက် အစောပိုင်းက တူးနိုင်ခဲ့ပြီး ကယ်ဆယ်နိုင်ခဲ့သည်ဟု ၎င်းက ပြောသည်။

အဆိုပါ မတော်တဆမှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**

မလေးရှားခရီးသည်လေယာဉ်ပစ်ချခံရသည့်နေရာ ဝင်ရောက်ခွင့်ပြုရေးအနောက်နိုင်ငံများဖိအားပေး

အမ်စတာဒမ် ဇူလိုင် ၂၀

ကြာသပတေးနေ့က မလေးရှားလေကြောင်းလိုင်း ပစ်ချခံရသည့်နေရာသို့ ချဉ်းကပ်ဝင်ရောက်ခွင့်ပြုရေးအတွက် ခွဲထွက်ရေးသမားများအား ရုရှားက ဖိအားပေးရန် အနောက်နိုင်ငံများက တောင်းဆိုလိုက်သည်။

ဒတ်ချ်လူမျိုးအများဆုံး သေဆုံးခဲ့ရသည့် အဆိုပါလေယာဉ်ပစ်ချခံရမှုကို လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် ဒတ်ချ်ဝန်ကြီးချုပ် မတ်ရွတ်တေးက ရုရှားသမ္မတ ဗလာဒီမာပူတင်သို့ ပြောကြားလိုက်သည်။

အမေရိကန်နှင့်ဗြိတိန်တို့ကလည်း အဆိုပါ လေယာဉ်ပစ်ချခံရသည့်နေရာသို့ လိုအပ်သည်များ ကူညီပေးရန် ဝင်ရောက်နိုင်ရေးအပြည့်အဝကူညီရန် ရုရှားကို ပြောလိုက်သည်။

ရုရှားလိုလားသော ခွဲထွက်ရေးသမားများသည် အဆိုပါလေယာဉ်ပျက်ကျရာ နေရာကို ထိန်းချုပ်ထားသည့်အတွက် နိုင်ငံတကာစောင့်ကြည့်လေ့လာသူများက ဝေဖန်ပြစ်တင်လျက်ရှိသည်။ ယင်းကဲ့သို့ လေယာဉ်ပျက်ကျသည့်နေရာကို ကန့်သတ်ချုပ်ချယ်ထားခြင်းကို အလွန်အမင်းစိုးရိမ်မိကြောင်း အမေရိကန်က ပြောကြားသည်။ ယူကရိန်းနှင့်ရုရှားလိုလားသူခွဲထွက်ရေးသမားများသည် အမ်စတာဒမ်မှ ကွာလာလမ်ပူသွားသည့် ဘိုးရင်း ၇၇၇ ခရီးသည်တင် လေယာဉ်ကြီးပစ်ချခံရမှုအပေါ် အပြန်အလှန်စွပ်စွဲလျက်ရှိသည်။ MH17 လေယာဉ်သည် ကြာသပတေးနေ့က ခွဲထွက်ရေးသမားများ ထိန်းချုပ်ရာဒေသ၌ ဒုံးကျည်ဖြင့်ပစ်ချခံရ၍ ၂၉၈ ဦးစလုံး သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

ဝါရှင်တန်အရှေ့ပိုင်း တောင်ကုန်းဒေသတွင် တောမီးခြောက်ရက်မြောက် ဆက်လက်လောင်ကျွမ်း

ဆီယက်တဲလ် ဇူလိုင် ၂၀

ဝါရှင်တန်ပြည်နယ်အရှေ့ပိုင်းရှိ ကက်စ်ကိတ်ဒ်တောင်ကုန်းဒေသတွင် ခြောက်ရက်မြောက်နေ့အဖြစ် အရှိန်ပြင်းစွာ လောင်ကျွမ်းလျက်ရှိသော တောမီးကြောင့် အိမ်ခြေ ၁၀၀ ခန့် ဆုံးရှုံးခဲ့ရပြီး ဒေသနေပြည်သူ ရာနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ရကာ ဓာတ်အားပြတ်တောက်မှုလည်း ဖြစ်ပေါ်ခဲ့ရကြောင်း ကယ်ဆယ်ရေးဆိုင်ရာ အာဏာပိုင်များက ယမန်နေ့က ပြောကြားသည်။

ကာလ်တန်ရေနွေးသစ်တောမှ ခြောက်သွေ့သစ်တောဧရိယာ ၃၃၆ စတုရန်းမိုင်ထက်မနည်း လောင်ကျွမ်းပြာကျသွားခဲ့ရပြီး ဝါရှင်တန်ဗဟိုမြောက်ပိုင်းရှိ မြက်ခင်းပြင်များမှာလည်း ဇူလိုင် ၁၄ ရက်ကတည်းက လောင်ကျွမ်းခဲ့သည့် တောမီးကြောင့် ဆုံးရှုံးသွားခဲ့ရပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသူ မရှိကြောင်း၊ သို့ရာတွင် မီးဘေးအန္တရာယ်ပြင်းပြင်းထန်ထန်သင့်ခဲ့သည့် ကိုလံဘီယာမြစ်ကမ်းဘေး မြို့ငယ်လေးဖြစ်သော ပက်ထရော့စ်မှ လူ ၁၀ ဦးခန့်ကိုမူ ၎င်းတို့၏ ဆွေမျိုးမိတ်သင်္ဂဟများက သတင်းမကြားရဘဲ ပျောက်ဆုံးနေသည်ဟုဆိုသဖြင့် အာဏာပိုင်များက လိုက်လံရှာဖွေနေကြကြောင်း အိုကာနိုဂန်ခရိုင်ရဲကင်းမှ အရာရှိတစ်ဦးက ပြောကြားသည်။ **(ရိုက်တာ)**

မီးသတ်ရဟတ်ယာဉ်တစ်စင်းက မြစ်အတွင်းမှ ရေသယ်ယူစဉ်။

၂၀၁၄ ခုနှစ် (၂၂) ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်းကြေညာချက်

၁၉-၇-၂၀၁၄မှအဆက်

၆။ အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၈၂) ပါး၊ နှစ်ကျမ်းအောင် အပါး (၅၀)၊ တစ်ကျမ်းအောင် (၃၂) ပါးတို့ ဖြစ်ကြသည်။

အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် (၈၃) ပါးအနက်၊ ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင်ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ စိန်-၁၁၊ အရှင်ပညာဝရာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ-ဦးခွန်ဖုန်း၊ ရွာမ၊ ပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ မုံ-၈၊ အရှင်တိက္ခဉာဏာလင်္ကာရ၊ အသက်(၂၂)နှစ်၊ အဘ-ဦးထွန်းပွင့်၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ ပခ-၁၀၊ ရှင်မေဃိယာလင်္ကာရ ၊ အသက်(၂၂)နှစ်၊ အဘ-ဦးညိုအေး၊ သာမဏေကျော် ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး။(တတိယ)

(ဃ) အင်္ဂုတ္တရနိကာယ် သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက-၁၆၊ မကုလနန္ဒီ၊ အသက်(၂၇)နှစ်၊ အဘ-ဦးဒင်လုံး၊ သိမ်တောင်ပရိယတ္တိစာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)။(သီလရှင်-ပထမ)

၇။ အုပ်စု(၆) ခုဒ္ဒကနိကာယ(၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁)ပါး၊ တစ်ကျမ်းအောင် (၁)ပါးဖြစ်ပါသည်။

၈။ အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)၊ သုတ္တန္တပိဋက)ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် (၁)ပါးဖြစ်ပါသည်။

၉။ အုပ်စု(၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း)နှင့် နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် (၄၇) ပါး၊ တစ်ကျမ်းအောင် (၂၁)ပါးတို့ ဖြစ်ပါသည်။

အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း)နှစ်ကျမ်းအောင် (၄၇) ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ခုံအမှတ်၊ ကြို့-၈၊ အရှင်ကဝိသာရ၊ အသက်(၃၁)နှစ်၊ အဘ-ဦးလေသာထွန်း၊မြို့မစာသင်တိုက်၊ မင်းလှမြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)။ (ပထမ)

(ခ) ခုံအမှတ်၊ ထီလာ-၇၊ အရှင်တိလောက၊ အသက်(၃၈)နှစ်၊ အဘ-ဦးသောင်းပို၊ ပထမကျော်ဓမ္မာစရိယစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(ဒုတိယ)

(ဂ) ခုံအမှတ်၊ ထီလာ-၅၊ အရှင်ဝိလာသ၊ အသက်(၃၅)နှစ်၊ အဘ ဦးချစ်ငွေ၊ ပထမကျော်၊ ဓမ္မာစရိယစာသင်တိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။(တတိယ)

၁၀။ အုပ်စု(၉) ခုဒ္ဒကနိကာယ် (အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁)ပါးဖြစ်ပါသည်။

၁၁။ အုပ်စု(၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၅)ပါး၊ နှစ်ကျမ်းအောင် (၂)ပါး၊ တစ်ကျမ်းအောင် (၅)ပါးတို့ဖြစ်ကြပါသည်။

၁၂။ (၂၂) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် အုပ်စု(၉)ခုနှင့် မဟာဝိဒူတန်းတို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း (၂၀၂၇) ပါး ဖြစ်ပါသည်။

၁၃။ ယင်းအောင်စာရင်းအပြည့်အစုံကို တိုင်းဒေသကြီး/ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများ၊ သာသနာရေးမှူးရုံးများ၊ စာဖြေဌာနရှိရာ မြို့နယ်သံဃနာယကအဖွဲ့များ၌ ကြည့်ရှုနိုင်သည်။

သာသနာရေးဦးစီးဌာန

ပြည်တွင်းသတင်း

မန္တလေးတိုင်းဒေသကြီး ဝူရှူးအသင်းအောင်နိုင်ရေးအတွက် စေတနာရှင်များက အလှူငွေလှူဒါန်း

လားရှိုး ဇူလိုင် ၂၀

ဇူလိုင် ၂၀ ရက်မှ ၂၄ ရက်အထိ လားရှိုးမြို့ ပြည်နယ်အားကစားခန်းမ၌ ကျင်းပမည့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား တိုင်းဒေသကြီးနှင့် ပြည်နယ် ဝူရှူး အားကစားပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်မည့် မန္တလေးဗထူးအားကစားခန်းမ၌ စခန်းဝင်လေ့ကျင့်နေသော တိုင်းဒေသကြီး ဝူရှူး အမျိုးသား အမျိုးသမီး အားကစားလက်ရွေးစင်အသင်းအောင်နိုင်ရေး အတွက် ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခွဲက အဆိုပါခန်းမ၌ မန္တလေးမြို့ Asia Energy Trading Co,.Ltd. အလှူရှင် ဦးသက်ဝေနှင့် ဒေါ်ကြည်မေတို့၏ကိုယ်စား ဦးဆက်သီနှင့် တာဝန်ရှိသူများက ငွေကျပ် ၁၀ သိန်းကို တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်၊ ဝူရှူးဆပ်ကော်မတီအတွင်းရေးမှူး ဦးကျော်အေးတို့က ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ တိုင်းဒေသကြီး ဝူရှူးအားကစားမောင်မယ်များ၏ အားကစားသရုပ်ပြသမှုကို တက်ရောက်လာကြသော တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းသား ပွဲ့ပိုးအလှူရှင်နှင့် အားကစားဝါသနာရှင်များက တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးသည့်စနစ် သင်ကြားပို့ချ

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနနှင့် စင်ကာပူနိုင်ငံအခြေစိုက် East Wind Soluctions Myanmar PTE., Ltd. တို့ ပူးပေါင်းရေးဆွဲသည့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)တွင် အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ပြည့်သူများမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရန် ကျန်ရှိသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးမည့်စနစ် E File Management System Software အသုံးပြုပုံကို သင်ကြားပို့ချပေးသည့် သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၌ကျင်းပရာ တိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့တက်ရောက်ခဲ့ကြသော သင်တန်းသား သင်တန်းသူ ၅၅ ဦးတို့ကို East Wind Solutions Myanmar PTE., Ltd. မှ ဦးတင်ထွန်းအောင်က Software အသုံးပြုနည်းကို သင်ကြားပေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ဆိပ်ဖြူမြို့နယ် ကူရှည်ရွာမ အခြေခံပညာအလယ်တန်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်

ဆိပ်ဖြူ ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကူရှည်ရွာအုပ်စု ကူရှည်ရွာမ အခြေခံပညာ အလယ်တန်းကျောင်းခွဲအဖြစ်မှ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီက ကျောင်းခန်းမ၌ ကျင်းပရာ ဗုဒ္ဓသာသနာ ဟိတကာရီကျောင်း သက်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တ ပညာဇောတ-စိန်စည်ဆရာတော် ဘဒ္ဒန္တသညောဘာသ စသော သံဃာတော်များ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးနှင့်အဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်းနှင့်အဖွဲ့၊ ခရိုင်လက်ထောက်ပညာရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်မေရီနှင့်အဖွဲ့၊ နယ်မြေခံတပ်နယ်စက်ရုံမှ စက်ရုံမှူး ဒုဗိုလ်မှူးကြီးရဲအောင်နှင့်အဖွဲ့၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုနှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်နှင့် ရပ်မိရပ်ဖများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူ ၅၀၀ ကျော်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ငါးအဒေးခန်းစက်ရုံ အမိုးနီးယားဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွား

ရန်ကုန် ဇူလိုင် ၂၀

မြောက်ဥက္ကလာမြို့နယ်အတွင်း ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီ ၁၀ မိနစ်က င/စက်မှုလက်မှုရပ်ကွက်၊ အမရာလမ်းရှိ ငါးအအေးခန်းစက်ရုံမှ အမိုးနီးယားဓာတ်ငွေ့အိုးမှာ ဘားမလုံသဖြင့် အမိုးနီးယားဓာတ်ငွေ့များ ယိုစိမ့်မှု ၁၀ မိနစ်ကြာ ဖြစ်ပွားခဲ့သည်။

အဆိုပါဓာတ်ငွေ့ယိုစိမ့်မှုကြောင့် အနီးရှိ အမှတ်(၃၁) အခြေခံပညာ မူလတန်းကျောင်း၌ စာသင်ကြားနေသော ကျောင်းဆရာမနှစ်ဦးနှင့် ကျောင်းသားသုံးဦး၊ ကျောင်းသူ ၁၈ ဦးတို့မှာ မူးဝေအော့အန်ခြင်း၊ နှာခေါင်းသွေးလျှံခြင်းများ ဖြစ်ပွားခဲ့သဖြင့် မြောက်ဥက္ကလာပဆေးရုံသို့ ပို့အပ်ကုသခဲ့ရာ ဆရာမနှစ်ဦးမှာ ဆေးရုံတက်ရောက်ရခြင်း မရှိသော်လည်း ကျောင်းသား ကျောင်းသူ ၂၁ ဦးမှာ အတွင်းလူနာ(မစိုးရိမ်ရ)များအဖြစ် ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ဖြစ်ပွားခဲ့သည့်အတွက် အဆိုပါမူလတန်းကျောင်းတွင် ကျန်ရှိသည့် ကျောင်းသား ကျောင်းသူ ၂၉၁ ဦးအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆေးစစ်ဆေးမှုများဆောင်ရွက်ပေးခဲ့ပြီး မြို့နယ်ပညာရေးမှူး၏ ခွင့်ပြုချက်ဖြင့် ကျောင်းကို ခေတ္တပိတ်ထားခဲ့ကြောင်းသိရကာ ၎င်းစက်ရုံသို့ မြောက်ဥက္ကလာပ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်အဖွဲ့၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့၊ မြို့နယ်ပညာရေးမှူးနှင့်အဖွဲ့တို့က စက်မှုဇုန်ဥက္ကဋ္ဌနှင့်အတူ သွားရောက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးဝင်း(SP)**

လျှပ်စစ်ဆိုင်ကယ်၊ သုံးဘီး၊ သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် မြို့နယ်အတွင်းရှိ မှတ်ပုံတင်မဲ့ လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များကို ရန်ကုန်မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ မှတ်ပုံတင်ဆောင်ရွက်ပေးနေမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများသို့ မိမိမြို့နယ်အတွင်းရှိ အဆိုပါယာဉ်များ မှတ်ပုံတင်ပြုလုပ်နိုင်ရန် အသိပေးအကြောင်းကြားထားကြောင်း သိရသည်။

အဆိုပါယာဉ်များကို မှော်ဘီမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ရုံးဖွင့်ရက် ၁၈ ရက်တိတိ ဇူလိုင် ၇ ရက်မှ ဇူလိုင် ၃၀ ရက်အထိ မှတ်ပုံတင်ပြုလုပ်ပေးလျက်ရှိကြောင်းနှင့် ဆိုင်ကယ်တိုးပွားလာသော လှိုင်သာယာမြို့နယ်တွင်လည်း လျှပ်စစ်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် နိဗ္ဗာန်ယာဉ်များမှတ်ပုံတင်ပြုလုပ်ရန် ဆန္ဒရှိကြသည့်နည်းတူ ရပ်ကွက်/ကျေးရွာအုပ်စုရှိ အုပ်ချုပ်ရေးမှူးရုံးများမှ အများသိစေနိုင်သော ကြော်ငြာမှုဖြင့် ဆောင်ရွက်ပေးမည်ဆိုပါက လိုင်စင်လုပ်ကိုင်လိုသူ ယာဉ်ပိုင်ရှင်များ ပိုမိုသိရှိဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သုံးဘီးဆိုင်ကယ်အသုံးပြုနေသူတစ်ဦးက ပြောသည်။ **သန်းထိုက်(လှိုင်သာယာ)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ မိုးပွင့်စီမံချက် (၆)အရ တိုင်းဒေသကြီးဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကြည်လွင်၊ အနောက်ပိုင်းခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်တို့၏ ကြီးကြပ်မှုဖြင့် ကြည့်မြင်တိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့်အဖွဲ့သည် ဇူလိုင် ၁၇ ရက်က ဘောဂရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့သည်။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ၂၂ ရက်ကွက်မှ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အလှည့်ကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ဘော်ဂါသွေး**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ရှေးဟောင်းကမ္ပည်းကျောက်စာ ခေါင်းလောင်းစာများမှပြောသော မြန်မာပြည်

ခင်ညိုညို
ရှေးဟောင်းသုတေသန

ပြည်ထောင်စုမြန်မာနိုင်ငံဟုခေါ်သော မြန်မာနိုင်ငံတွင် လွန်ခဲ့သော နှစ်သန်းပေါင်းများစွာကပင် စတင်ပေါက်ဖွားရှင်သန်လာခဲ့သော လူသားမျိုးနွယ်တစ်ရပ်မှသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်းစသည်ဖြင့် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော် ပွားစည်းလာခဲ့ပြီး တိုင်းတစ်ပါးသားတို့ ခန့်ညားလေးစားရသော မြို့ပြနိုင်ငံများကို တည်ထောင်နေထိုင်ခဲ့ကြရာတွင် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာ၊ သုဝဏ္ဏဘူမိ၊ မိုင်းမော၊ တကောင်း၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ဓညဝတီ၊ ဝေသာလီ၊ ကုန်းဘောင်စသော မြို့ပြနိုင်ငံများကို တည်ထောင်နေထိုင်ခဲ့ကြပါသည်။ ထိုမြို့ပြနိုင်ငံများကို စုစည်း၍လည်း ပဒေသရာဇ်မြို့ပြနိုင်ငံများအဖြစ် အနော်ရထာမင်းတရားကြီး၏ ပထမမြန်မာနိုင်ငံတော်၊ ဘုရင့်နောင်မင်းတရားကြီး၏ ဒုတိယမြန်မာနိုင်ငံတော်၊ အလောင်းမင်းတရားကြီး၏ တတိယမြန်မာနိုင်ငံတော်အဖြစ် မြန်မာနိုင်ငံကိုစည်းရုံးတည်ထောင်ကာ "ပြည်ထောင်စုမြန်မာနိုင်ငံတော်" တည်းဟူသော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်ထည်ဝါစွာ ရပ်တည်နိုင်ခဲ့ပြီးဖြစ်သည်။

"မြန်မာပြည်" ဟုခေါ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို ရှေးဟောင်းစာပေများဖြစ်သော ကမ္ပည်းကျောက်စာများ၊ ခေါင်းလောင်းစာများမှနေ၍ တိုင်းနိုင်ငံတစ်ခု၏ အမည်နာမအဖြစ်သော် လည်းကောင်း၊ တိုင်းနိုင်ငံဖွဲ့စည်းပုံအရ ပါဝင်သော နယ်မြေများနှင့် ဖွဲ့စည်းပုံကိုလည်းကောင်း လေ့လာတင်ပြလိုပါသည်။ တိုင်းနိုင်ငံတို့၏ အနက်အဓိပ္ပာယ်ကိုကြည့်မည်ဆိုလျှင် မြန်မာစကားအဖွင့်ကျမ်းအရ အိမ်၊ နေရာ၊ အရပ်၊ ရွာ၊ မြို့၊ နယ် စသည်တို့ ပေါင်းစည်းထားသည်ကို **"ခရိုင်"** ဟုခေါ်၍ ခရိုင်များစုပေါင်းထားရာ နယ်ကို **"တိုက်"** ဟုဆိုပါသည်။ မင်းနေမြို့ကြီး၊ မြို့ရိုး၊ ကျုံးမြောင်း၊ ခံတပ်နှင့်တကွရှိသော နေရပ်ကို **"ပြည်"** ဟုခေါ်ပြီး နိုင်ငံဆိုသည်မှာ **"နေင်"** ဟူသောစကားမှလာ၍ **"နိုင်ငံ"** ၏အနက်ကား **"ဘုရင်မင်းမြတ် ပိုင်နိုင်၊ သိမ်းပိုက်၊ စိုးစံ၊ အုပ်ချုပ်လျက်ရှိသော နယ်တိုင်း"** ဟူ၍ အနက်အဓိပ္ပာယ်ရသည်။

ပုဂံခေတ်မှစတင်၍ "မြန်မာ" "မြန်မာပြည်"ဟူသောအသုံးကို ပုဂံခေတ် ကျန်စစ်သားမင်းကြီး ရေးထိုးသော ကျန်စစ်သား နန်းတည်ကျောက်စာ၌ **"မိရ်မာ"** ဟူသော ဝေါဟာရကို စတင်တွေ့ရှိရပြီး အေဒီ ၁၁၉၃ ခုနှစ် ရေးထိုးသော သက်တော်ရှည်ဘုရားကျောက်စာတွင် **"ကွဝ်ထ ကြေညာမိဗ်မာ ရှာတိ"** ဟူသောအခေါ်ကို ရွာအနေအထားအနေနှင့် လည်းကောင်း၊ ခရိုင်ဟူသော အသုံးကိုကား သက္ကရာဇ် ၁၁၉၆ ခုထိုး ပုဂံမြို့ ဓမ္မရာဇက ကျောက်စာ **"မြင်ခုန္တိုင် ခရိုန်အနက် တော်ပိလူမ္လိယ်တံ ၁၅၀"** ဟူ၍ လည်းကောင်း **"တိုက်"** သုံးကိုကား ယင်းကျောက်စာ၌ပင် **"မှဆိုဝ်ဖိုဝ် တိုက်တွင် ဓမ္မရာဇကဖုရာဝတ် ၅၀၀"** ဟူ၍လည်းကောင်း၊ မြန်မာပြည် ဟူသော တိုင်းနိုင်ငံတစ်ခု၏ အမည်အသုံးအနှုန်းကိုကား **"အရိမဒ္ဒရပူရမည်သော ပြည်ကိုဝ်လေ အစိုဝ်ရထသော နိုင်ငံကွ္လယ်ခြင် အထုကာ"** ဟူ၍ သုံးခဲ့သည်ကို တွေ့နိုင်ပါသည်။ ထိုကျောက်စာ တစ်ချပ်တည်းတွင်ပင် ခရိုင်၊ တိုက်၊ နိုင်ငံဟူသော ဝေါဟာရများကို သုံးနှုန်းထားသည်ကို ကြည့်ခြင်းအားဖြင့် ပုဂံခေတ်တွင် နိုင်ငံတစ်နိုင်ငံ၏ အနေအထားပေါ်လွင်နေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

အင်းဝခေတ်ရောက်သောအခါတွင် နိုင်ငံအစား" **မြန်မာပြည်**" ဟု တွင်ကျယ်စွာ သုံးနှုန်းလာသည်ကို အေဒီ ၁၅၀၉ ခုနှစ်ထိုး ရတနာဗိမာန်ကျောင်းတော်ကျောက်စာ၌ **"မြောက်တလွှားက သုနပရန္တ၊ တောင်ဘက်က တမ္ပဒီပမည်သော တိုင်းနှစ်တိုင်းကို ကြပ်တိုင်ဖုံးအုပ်၊ အာဏာချုပ်လျက်ပိုက်ထုတ်ရိုက်ရာ သာသနာလတည် မြဲမာပြည်"** ဟူ၍ လည်းကောင်း၊ သက္ကရာဇ် ၁၃၉၈ မင်းကြီးစွာစော်ကဲ ကျောက်စာ၌ " **တရိဘဝနာ ဒိတ္တျာပဝရ ဓမ္မရာဇာ တျာ မင်းကြီးသည် တည်ဟူသော အဝပြည်၌ မင်းမူရွှေမြဲမာပြည် အလုံမ်းစုံကို အစိုဝ်ရသော"** ဟူ၍ မြန်မာနိုင်ငံ **"မြန်မာပြည်"** ဟူ၍သာ သုံးစွဲခဲ့ကြပါသည်။ သို့ရာတွင် ပုဂံခေတ်၌ ခရိုင်၊ တိုက်၊ နိုင်ငံဟူသော အခေါ်အဝေါ်ကို သုံးနှုန်းခဲ့ပြီး အင်းဝခေတ်သို့ရောက်သောအခါ **"ပြည်"** အသုံးဖြင့် ပြောင်းလဲသုံးစွဲလာ၍ **"မြန်မာပြည်"** ဟု တွင်ကျယ်စွာ သုံးစွဲလာခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။

ဘုရင်မင်းမြတ် ပိုင်ဆိုင်ရာ အုပ်ချုပ်ခံနယ်မြေအဖြစ် တိုင်းများစွာဖြင့် ဖွဲ့စည်းထားသော နိုင်ငံတစ်နိုင်ငံ၏ ဖွဲ့စည်းတည်ဆောက်ပုံကို တင်ပြရလျှင် "မြန်မာပြည်" ဟု ခေါ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းတည်ဆောက်ပုံကို ယခုမျက်မှောက်ခေတ်၌ ၁၉၄၇ ခုနှစ် ရေးထိုးသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခန်း(၁)၊ ပုဒ်မ(၂)အရ ယခင်က မြန်မာပြည် ဘုရင်ခံမှတစ်ဆင့် ဗြိတိသျှဘုရင်မင်းမြတ် အုပ်ချုပ်တော်မူခဲ့သော နယ်မြေအားလုံးနှင့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိဒေသတိုင်းတို့ဖြင့် ဖွဲ့စည်းထားခဲ့သည်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ တိုင်း ၇ တိုင်း၊ ပြည်နယ် ၇ ခု ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်ကို တိုင်းဒေသကြီး ၇ ခုအဖြစ် (၁) စစ်ကိုင်းတိုင်းဒေသကြီး၊ (၂)တနင်္သာရီတိုင်းဒေသကြီး၊ (၃)ပဲခူးတိုင်းဒေသကြီး၊ (၄)မကွေးတိုင်းဒေသကြီး၊ (၅) မန္တလေးတိုင်းဒေသကြီး၊ (၆) ရန်ကုန်တိုင်းဒေသကြီး၊ (၇)ဧရာဝတီတိုင်းဒေသကြီးဟု ခွဲခြားထားပါသည်။ ပြည်နယ် ခုနစ်ပြည်နယ်အဖြစ် (၁) ကချင်ပြည်နယ်၊ (၂)ကယားပြည်နယ်၊ (၃) ကရင်ပြည်နယ်၊ (၄) ချင်းပြည်နယ်၊ (၅) မွန်ပြည်နယ်၊ (၆) ရခိုင်ပြည်နယ်၊ (၇) ရှမ်းပြည်နယ်ဟု ပြည်နယ် ခုနစ်ခု ပိုင်းခြားထားပြီး ပြည်ထောင်စုနယ်မြေများအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို အောက်ပါအတိုင်း သတ်မှတ်ခဲ့သည်မှာ (က)စစ်ကိုင်းတိုင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊(ခ) ရှမ်းပြည်နယ်ရှိ ရွာငံမြို့နယ်နှင့် ပင်းတယမြို့နယ်တို့ကို စုစည်းပြီး ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဂ)ရှမ်းပြည်နယ်ရှိ ဟိုပုန်းမြို့နယ်၊ ဆီဆိုင်မြို့နယ်နှင့် ပင်လောင်းမြို့နယ်တို့ကိုစုစည်းပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (ဃ)ရှမ်းပြည်နယ်ရှိ နမ့်ဆန်မြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကို စုစည်းပြီး ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (င)ရှမ်းပြည်နယ်ရှိ ကုန်းကြမ်းမြို့နယ်နှင့် လောက်ကိုင်မြို့နယ်တို့ကိုစုစည်းပြီး ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ (စ)ရှမ်းပြည်နယ်ရှိ ဟိုပန်မြို့နယ်၊ မိုင်းမောမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ နားဖန်းမြို့နယ်၊ မက်မန်းမြို့နယ်၊ ပန်ဆန်းမြို့နယ်၊ ခြောက်မြို့နယ်တို့ကို ခရိုင်နှစ်ခရိုင်ဖွဲ့ပြီး " ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသဟူ၍ နယ်မြေများသတ်မှတ်ကာ မြို့တော်မှာ နေပြည်တော်ဖြစ်ပြီး နိုင်ငံတော်သမ္မတ၏ တိုက်ရိုက်အုပ်ချုပ်မှုအောက်တွင်ထားရှိသည့် ပြည်ထောင်စုနယ်မြေများအဖြစ် နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံကို ဖော်ပြထားသည်။

ရှေးယခင်က ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ပိုင်ဆိုင်ရာ နယ်မြေဖွဲ့စည်းပုံကို လေ့လာကြည့်မည်ဆိုလျှင် ပုဂံခေတ်တွင် နိုင်ငံ၏ပိုင်ဆိုင်ရာ ဒေသကိုတောင်၊ မြောက်အရပ်မျက်နှာနှင့်သာ နိုင်ငံအကျယ်အဝန်းကို ဖော်ပြသည်ကို အေဒီ ၁၁၉၆ ခုနှစ်ရေးထိုးသော ဓမ္မရာဇက ကျောက်စာ၌ မြို့တော်သည် (**အရိမဒ္ဒနပူရ**)ခေါ် ပုဂံမြို့ဖြစ်ပြီး တိုင်းနိုင်ငံအကျယ်အဝန်းကိုကား **"အရှေ့သို့လာသောနိုင်ငံကာ သလွင်မ္လစ် အရှေ့ဘက်အတိုင်။ တောင်ကာ (ထဝယ်။)... မ္လေစ်သြက္ကာတကောင်း။ ငဆောင်ချံ။"** ဟူ၍ နယ်မြေများကို ပိုင်းခြားသတ်မှတ်ထားပုံကို တွေ့ရှိရသည်။

အင်းဝခေတ်ရောက်သောအခါ တိုင်းနိုင်ငံတစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်လာပုံကိုကြည့်လျှင် မြို့တော်သည် **အဝမြို့**ဖြစ်ပြီး တန်ခိုးအာဏာပြန့်ပွားရာ နယ်မြေများမှာ အေဒီ ၁၄၀၈ ခုနှစ် ရေးထိုးသော မိဖုရားစောကျောက်စာ၌ **" ရွှေလက်ရုံမ်တော် အာလ္ဖွင့် မြဲမာပြည် တန်လိုင်ပြည် သျံပြည် ကုလာပြည် အလုံမ်စုံကို အစိုဝ်ရသော"** ဟူ၍လည်းကောင်း၊ အေဒီ ၁၃၆၃ ခုနှစ်တွင် မင်းအမတ်ကြီး ပိတ္တရာဇ်မောင်နှံ ရေးထိုးသော ကျောက်စာ၌ **" ဇကရာဇ်တျာဖျား မင်းကြီးအထံနှိုက် ယွန်၊ ပဲကူ၊ ရောင်မြ၊ ရခိုင်၊ ကာလေ၊ မိုဝ်ညင်ဆွေများရောက်၍ လက်ဆောင်ဆက်သသောအခါ"** ဟူ၍ မိမိတို့၏ပိုင်ဆိုင်ရသော ရသောနယ်မြေများကို ကျောက်စာများ၌ ရေးထိုးဖော်ပြခဲ့သည်ကို တွေ့နိုင်သည်။

တိုင်းနိုင်ငံတို့၏ အနက်အဓိပ္ပာယ်ကိုကြည့်မည်ဆိုလျှင် မြန်မာစကားအဖွင့်ကျမ်းအရ အိမ်၊ နေရာ၊ အရပ်၊ ရွာ၊ မြို့၊ နယ် စသည်တို့ ပေါင်းစည်းထားသည်ကို "ခရိုင်" ဟု ခေါ်၍ ခရိုင်များ စုပေါင်းထားရာနယ်ကို "တိုက်" ဟု ဆိုပါသည်။ မင်းနေမြို့ကြီး၊ မြို့ရိုး၊ ကျုံးမြောင်း၊ ခံတပ်နှင့် တကွရှိသော နေရပ်ကို "ပြည်" ဟု ခေါ်ပြီး နိုင်ငံဆိုသည်မှာ "နေင်" ဟူသောစကားမှလာ၍ "နိုင်ငံ" ၏ အနက်ကား "ဘုရင်မင်းမြတ် ပိုင်နိုင်၊ သိမ်းပိုက်၊ စိုးစံ၊ အုပ်ချုပ်လျက်ရှိသော နယ်တိုင်း" ဟူ၍ အနက်အဓိပ္ပာယ်ရသည်။

တောင်ငူခေတ်တွင် မြို့တော်သည် ဟံသာဝတီမြို့ဖြစ်ပြီး တန်ခိုးအာဏာပြန့်ပွားရာနယ်မြေများနှင့် တိုင်းနိုင်ငံ၏အမည်မှာ မြန်မာပြည်ဟူသော အသုံးအနှုန်းနှင့် ပါဝင်သည့် အေဒီ ၁၅၅၃ ခုနှစ် ဘုရင့်နောင်မင်းတရားကြီး ရေးထိုးသော ရွှေစည်းခုံဘုရားခေါင်းလောင်းစာ၌ **" မြဲမာပြည် တိုင် နိုင်ငံ ထီးဖြူဆောင်ဟူသမျှ လက်နက်တော်ဖြစ်ရယ်၊ ကေတုမတီ၊ ဟင်သာဝတီ၊ သရေခေတ္တရာ၊ အဝ၊ မိုဝ်မိတ်၊ သီပေါ၊ မိုဝ်ကောင်၊ မိုဝ်ညှင်၊ ကလေ မင်းဇကရာဇ်ထီးဖြူ အစင်များကို အုပ်စိုဝ်ရတော်မူသော"** ဟူ၍ မြန်မာပြည်အတွင်း ပါဝင်သော ခရိုင်၊ မြို့ပြကျေးရွာ နေရာဒေသများကိုပါ ထည့်သွင်းဖော်ပြခြင်းအားဖြင့် မြန်မာပြည်ဟူသော တိုင်းနိုင်ငံတွင် နယ်မြေများစွာပါဝင်သည်ကို လေ့လာသိရှိနိုင်ပါသည်။

ကုန်းဘောင်ခေတ်သို့ ရောက်သောအခါ မြန်မာနိုင်ငံတော်၏ဖွဲ့စည်းတည်ဆောက်ပုံကို မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းအရ မဇ္ဈိမဒေသ ခွဲပုံစံကို စံပြအတုယူကာ တိုင်း ၈ တိုင်း၊ တိုင်း ၉ တိုင်း၊ တိုင်း ၁၀ တိုင်း၊ တိုင်း ၁၅ တိုင်း၊ တိုင်း ၁၆ တိုင်း၊ တိုင်း ၂၀ တိုင်းစသည်ဖြင့် တိုင်းဒေသများကို အတိအကျ အမည်ပေးဖွဲ့စည်းထားခြင်းကို တွေ့ရှိရပါသည်။ အေဒီ ၁၇၆၅ အင်းဝ ဆင်ဖြူရှင်မင်းရေးထိုးသော ဘုံစံတုလွတ်ကျောင်း ကျောက်စာတွင် ပါဝင်သော တိုင်း ၁၆ တိုင်းကို ဖော်ပြရလျှင် (၁) ဟံသာဝတီ၊ ပုသိမ်၊ မုတ္တမ ဟူသော ၃၃ မြို့၊ အရံ ၉၉ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော တလိုင်းသုံးရပ်တို့၏နေရာ ဥဿပဲခူးဟူသော ရာမညတိုင်း။ (၂) တနင်္သာရီ၊ ပိဿလောက်၊ ကမန်ပိုက်၊ သောက်ကတဲစသော ၇၉ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော ဂျွန်း၊ ယိုးဒယားတို့နေရာ ဒွါရာဝတီဟူသော အရုဏ္ဏပုရတိုင်း။ (၃) ပြည်း၊ အနန်းပရော၊ ကျိုင်းသေည်၊ လပုံ စသော ၅၇ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော ယွန်းလူမျိုးတို့နေရာ ဇင်းမယ်ဟူသော ဟရိဘုဥ္စတိုင်း။ (၄) မိုင်းမည်း၊ မိုင်းသတ်၊ မိုင်းချိုင်၊ မိုင်းပိုင်စသော ၃၇ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော ဂုံလူမျိုးတို့နေရာ ကျိုင်းတုံဟူသော ခေမာဝရတိုင်း။ (၅) မိုင်းစဲ့၊ ကျိုင်းဟွန်း၊ မိုင်းယတ်စသော ၁၂ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော လူမျိုးတို့နေရာ ကျိုင်းရုံဟူသော မဟာနဂရတိုင်း။ (၆) မိုင်းလုံး၊ မိုင်းကွန်၊ လောသွတ်၊ တိုက်ခံ၊ တေသန်၊ တေသိန်၊ မိုင်းဆံကြီး၊ မိုင်းဆံ ငယ်စသော တစ်ရာသောမြို့တို့ဖြင့် တန်ဆာဆင်အပ်သော လင်းဇင်းလူမျိုးတို့နေရာ စန္ဒပူရိဟူသော လဝရဌတိုင်း။ (၇) မိုးနဲ ညောင်ရွှေ၊ ယောက်စောက်၊ မိုးဗြဲ၊ သိန္နီ၊ ကိုင်းမာ၊ သီပေါ၊ မိုးမိတ်၊ မိုင်းလုံ၊ သုံးဆယ်ဟူသော မြို့ကြီးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော စော်ဘွားအပေါင်းတို့ နေရာဖြစ်သော ကမ္ဗောဇတိုင်း။ (၈) မိုးတာ၊ မိုးစစ်၊ မိုးညင်း၊ မိုးကောင်း၊ ခန္တီ၊ တက်ခေါင်၊ မိုင်းလုံ ဟူသော မြို့ကြီးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သုံးဆယ်သော ရှမ်းစော်ဘွားနေရာဖြစ်သော အဠဝီတိုင်း။ (၉) မိုင်းမော၊ စည်ခွင်၊ ဟိုသာ၊ လာသာ၊ မိုးနား၊ စန်းတား၊ မိုးဝန်းစသော မြို့ကြီး (၉)မြို့ဖြင့် တန်ဆာဆင်အပ်သော ရှမ်းတရုတ်လူမျိုးတို့နေရာ မော ၉ ခွင်ဟူသော မောရိယတိုင်း။ (၁၀) ကကို၊ စိုးငံ၊ ဆေးသစ်၊ ကောင်းစင်၊ ငရင်း၊ ငရုန်း၊ ယင်းကပ်ဟူသော မြို့ကြီးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော ဗန်းမော်ရှမ်းစော်ဘွားတို့နေရာဖြစ်သော စိန့်တိုင်း။ (၁၁) မိုးကုတ်၊ ကျတ်ပြင်၊ ရေလျှံစသော မြို့လတ် ရွာငယ်အပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော စို့သူကြီးတို့နေရာဖြစ်သော မဟီ သကတိုင်း။ (၁၂) မွေးရည်၊ မည်ကယ်၊ ငစင်ကျယ်စသော မြို့တို့ဖြင့် တန်ဆာဆင်အပ်သော ကသည်းကုလားဟုန်းစော်ဘွားတို့ နေရာဖြစ်သော မဏိပုရတိုင်း။ (၁၃) ကလေး၊ သောင်သွပ်၊ ထီးလင်း၊ ယော၊ ဆော၊ စကု၊ စလင်း၊ ငဖဲ၊ မင်းတုန်းစသော ၃၇ မြို့တို့ဖြင့် တန်ဆာဆင်အပ်သော သုနာပရန္တတိုင်း။ (၁၄) သာယာဝတီ၊ ကျွန်းဆုံ၊ ပေါင်းတည်၊ တလီစီ၊ ပန်းတောင်းစသော မြို့ကြီးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော သီရိခေတ္တရာမတိုင်း။ (၁၅)ဗာရာဏသီ၊ ကယ်လင်း၊ တောင်ညို၊ ကမ်းပါးနီ၊ တောင်ငူငယ်၊ ဇေယျဝတီ၊ ကေတုမတီစသော မြို့ကြီးအပေါင်းတို့ဖြင့် တန်ဆာဆင်အပ်သော ဇေယဝဓနတိုင်း။ (၁၆) ဤသို့စသော တိုင်းကြီး တစ်ဆယ့်ငါးတိုင်းတို့ဖြင့် ခြံရံတင့်တယ်စွာ တန်ဆာဆင်အပ်သော တမ္ဗဒီပတိုင်းထိပ်ဝန်း ဦးစွန်း ခေါင်းချာ၊ ရတနာပူရဟူသော ရွှေပြည်တော်ကြီး။ ဟူ၍ တိုင်း(၁၆)တိုင်း ခွဲခြားထားသည်ကို တွေ့ရသည်။

ကုန်းဘောင်ခေတ်လယ်တွင် တိုင်း ၂၀ တိုင်းအဖြစ် ပါဝင်ပေါင်းစပ်ဖွဲ့စည်းထားသည်ကို အေဒီ ၁၈၁၁ ခု ရေးထိုးသော ဘိုးတော်ဗဒုံမင်းတရားကြီး၏ သားတော်အိမ်ရှေ့မင်းလှူဒါန်းသော မဟာမြတ်မုနိခေါင်းလောင်းစာ၌ (၁) သျှမ်းတုံ၊ သျှမ်သီ၊ သျှမ်ရှိ၊ သီဆင်စသော တရုတ်ပြည်အပါအဝင် ရှမ်းမြို့ရွာများကို ဂန္ဓာရတိုင်း။ (၂) ဓညဝတီစသော ရခိုင်ပြည်ကို မဟာဝိဟိကတိုင်း။ (၃) ချင်းလူမျိုးတို့နေရာကို ခိရာဋ္ဌတိုင်း။ (၄) ကချင်သိမ်းပေါ လူမျိုးတို့နေရာကို ကိခီရာဋ္ဌတိုင်း။ (၅) ကရင်လူမျိုးတို့နေရာကို ကိရာဋ္ဌတိုင်း ဟူ၍ အထက် (၁၆)တိုင်းနှင့် ပေါင်းသော် တိုင်း ၂၀ တိုင်းဖြင့် ဖွဲ့စည်းထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုဒေသများတွင် ပါဝင်သော လူမျိုးများနှင့် လူမျိုးစုများတို့၏ နေထိုင်ရာဒေသများကို နယ်မြေဒေသအားဖြင့်လည်းကောင်း၊ တိုင်းဒေသအခေါ်အဝေါ်အနေဖြင့်လည်းကောင်း နယ်မြေအပိုင်းအခြားကို တိကျပြည့်စုံစွာ ဖော်ပြနိုင်ခဲ့သည်ကို ကြည့်ခြင်းအားဖြင့် ကုန်းဘောင်ခေတ်လယ်၏ တိုင်းနိုင်ငံဖွဲ့စည်းပုံမှာ ကျယ်ဝန်းပြီး နယ်မြေအုပ်ချုပ်ပုံ စနစ်တကျရှိကြောင်းကို လေ့လာသိရှိနိုင်ပါသည်။

ထို့ကြောင့် အေဒီ (၁၁)ရာစုခန့်လောက်မှစတင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် လူမျိုးစုများစွာဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံတော်တစ်ခုဖြစ်ပြီး ဖွဲ့စည်းပုံတွင် ကချင်၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းစသော လူမျိုးများ၏ ပြည်နယ်ဒေသများသည်လည်း တစ်စုတစ်ဝေးတည်း ပါဝင်နေပြီဖြစ်ကြောင်း သိရှိရသည်။ လူမျိုးစုအားလုံးသည် နေထိုင်ရာဒေသ ကွဲပြားခြားနားသည့်အတွက် ဒေသိယစကားအသံထွက် မတူညီသည့်အတွက်လည်းကောင်း၊ ဘာသာစကား အရေးအသားရေးထုံး ပြောင်းလဲမှုကြောင့်သော် လည်းကောင်း နယ်မြေများ၏ အမည်နာမများသည် ရှေးခေတ်နှင့်မတူ ကွဲပြားခြားနားသွားရပါသည်။ သို့သော်လည်း နေထိုင်သော လူမျိုးများမှာ ပြောင်းလဲသွားခြင်းမဟုတ်ဘဲ ပြည်ထောင်စုတစ်ခုတည်းတွင် တစ်စုတစ်ဝေးတည်း စုစည်းပါဝင်နေပြီဖြစ်ကြောင်းကို ရှေးဟောင်းစာပေများဖြစ်သော ကမ္ပည်းကျောက်စာ၊ ခေါင်းလောင်းစာများမှနေ၍ လေ့လာတင်ပြလိုက်ရပါသည်။ ။

ဂျပန်ဝက်ဦးနှောက်ရောင်ရောဂါ ကာကွယ်တားဆီးရေးဟောပြော

မိုးမောက် ဇူလိုင် ၂၀

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မခွယ်ကျေးရွာ၊ မိုင်းခတ်ကျေးရွာတွင် ဂျပန် ဝက်ဦးနှောက်ရောင်ရောဂါ ဖြစ်ပွားနေသဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ မြို့နယ်ကျန်းမာရေးအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီတွင် မခွယ်ကျေးရွာသို့ ကွင်းဆင်းပြီး ရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးမှူးအဆင့်(၁)ဦးအောင်ကျော်စိုးက ဂျပန်ဝက်ဦးနှောက်ရောင်ရောဂါ စတင်ဖြစ်မှုနှင့်ကူးစက်မှုအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မခွယ်ကျေးရွာမှတစ်ဆင့် မိုင်းခတ်ကျေးရွာသို့ မွန်းလွဲ ၁ နာရီတွင် ရောက်ရှိပြီး ကျေးလက်ကျန်းမာရေး ဆေးပေးခန်းတွင် ဂျပန် ဝက်ဦးနှောက်ရောင်ရောဂါဖြစ်၍ ဆေးကုသမှုခံယူနေသူ မောင်ဝေဖြိုးလွင် (၉ နှစ်)အား မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဌ ဒေါ်ခါးခါးဒင်းက ထောက်ပံ့ငွေကို ပေးအပ်ခဲ့ကြောင်း သိရသည်။

လွန်းနန်းထွေး(မိုးမောက်)

ပြည်တွင်းသတင်း

တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု လုပ်ငန်းစဉ်များဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၀

ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာ ဝင်းမြင့်က ကိုယ်ကျိုးကင်းပြီး နိုင်ငံအပေါ်၊ ပြည်သူများအပေါ်၊ မိမိဝန်ကြီးဌာနအပေါ် ကောင်းမွန်သည့် စေတနာများဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်သွားရန် လိုပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရာ၌လည်း e-Government ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းသည် အရေးကြီးသော လုပ်ငန်းတစ်ခုဖြစ်၍ e-Government စနစ်ကို ထိရောက်စွာအသုံးချနိုင်ရန်၊ တာဝန်သိမှု၊ တာဝန်ယူမှုအတွက် အခြေခံစိတ်ဓာတ်ကောင်းများအပြင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် စွမ်းဆောင်ရည်မြှင့်မားရေး အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မိမိတာဝန်ကို သေချာစွာ သိရှိပြီး မိမိလုပ်ဆောင်မှုအပေါ် တာဝန်ယူရဲသည့် စိတ်နေစိတ်ထား ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် မွန်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးခင်မောင်သွင်က အင်ဂျင်နီယာများ၊ ဝန်ထမ်းများ၏ လိုက်နာဆောင်ရွက်ရမည့် တာဝန်သိမှု၊ တာဝန်ယူမှုနှင့် ပေါင်းစပ်ညှိနှိုင်း စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများ၊ ဌာနအလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ မှာကြားခဲ့သည်။

အလားတူ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ကလည်း ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်ခန်းမ၌ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများအား တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ဆွေးနွေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❋ ကျောဖုံးမှ

နှစ်နိုင်ငံ နယ်စပ်သွားလာခွင့် စာအုပ်အနီ (B.P) စာအုပ်နှင့် တစ်ဖက်အလုပ်ရှင် ထောက်ခံချက်ပါမှ တစ်ဖက်နိုင်ငံတွင် ယာယီနေထိုင်၍ အလုပ်လုပ်ကိုင်ခွင့်ရကြသဖြင့် လည်းကောင်း၊ ဖမ်းဆီးအရေးယူမှုလည်း တစ်ကြိမ်တစ်ခါမှ မရှိသဖြင့် လည်းကောင်း၊ စာအုပ်အနီကို ရသည့်နည်းလမ်းများဖြင့် လက်ဝယ်ကိုင်ဆောင်ခွင့်ရအောင်ကြိုးစားကြသည်။ ထိုအခြေအနေတွင်ပွဲစားများက မူဆယ်လဝကမှ တာဝန်ယူ ထုတ်ပေးသည့် စာအုပ်မှအပ အခြား စာအုပ် ထုတ်ပေးနိုင်သည့်ဂိတ်များ၏ တံဆိပ်လက်မှတ် အထောက်အထား အတုများဖြင့် စာအုပ်အတုထုတ်ပေးခြင်း၊ တစ်နည်းမှောင်ခိုဈေးဖြင့် ရောင်းခြင်းဖြစ်ကြောင်း လေ့လာသိရသည်။ မူဆယ် လဝကမှ ထုတ်ပေးသော (B.P) စာအုပ်များကို အတုမလုပ်ရခြင်းမှာ မူဆယ်ဝင်/ထွက်ဂိတ်များနှင့် (B.P) ထုတ်ပေးကောင်တာများ နီးစပ်နေသဖြင့် ချက်ချင်းဖမ်း ဆီးခံရနိုင်ခြင်းကြောင့် ဖြစ်ပြီး (B.P)ထုတ်ပေးဂိတ်များနှင့် ဝင်/ထွက် စစ်ဆေးရေးဂိတ်များ ဝေးကွာသည့်နေရာများမှ စာအုပ်များကို အတုပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ယခုရက်ပိုင်း အတွင်းမှာ မူဆယ်ဘက်ကနေ တစ်ဖက်နိုင်ငံဘက်ကို သွားတဲ့လူတွေရဲ့စာအုပ်တွေကို တစ်ဖက်နိုင်ငံကသိမ်းတယ်။ လူတွေဖမ်းနေတယ်။ ဇူလိုင် ၁၇ ရက် မွန်းတည့် ၁၂ နာရီအထိ လူ ၃၀၀ ကျော်တယ်လို့လည်း သိရပါတယ်။ လူတွေ တော့ ဒီဘက်ကို ရောက်အောင်တာဝန်ရှိသူတွေက ညှိနှိုင်းဆောင်ရွက်ပေးပြီးပါပြီ။ အားလုံးပြန်ရောက်ပါပြီ။ ဒါကြောင့်ဝင်ထွက်ဂိတ်တွေမှာ အတုလို့သိရတဲ့ စာအုပ်ဆိုရင် ဒီဘက် မူဆယ်လဝကမှ မသွားခိုင်းတော့ပါဘူး။ ကိုယ့်နိုင်ငံကလူတွေ ဒုက္ခရောက်မှာစိုးလို့ပါ။ (B.P)စာအုပ်ကို သိမ်းပြီး ယာယီကတ်ပြားနဲ့ ဝင်လို့ရအောင် ချက်ချင်းလုပ်ပေးနေပါတယ်။ စာအုပ်အတုက မူဆယ်ကထွက်စရာ အကြောင်းကိုမရှိပါဘူး" ဟု ခရိုင်လဝကရုံးတွင် လာရောက်မေးမြန်းစုံစမ်းသူတစ်ဦးက ပြောပြသည်။

မူဆယ်တွင် ယာယီနေထိုင်သူများမှာ နှစ်နိုင်ငံနယ်စပ် သွားလာခွင့်စာအုပ် (Border Pass) (B.P) အနီရောင်စာအုပ်ရလိုခြင်းကြောင့် အဆက်အသွယ်များဖြင့် ကြိုးစားရာမှ ဈေးကွက်ဖြစ်လာပြီး စာအုပ်(အတု) အရောင်းအဝယ်ဖြစ်လာခြင်းဖြစ်သည်။ အများစုမှာ အတုအစစ်အဓိကမဟုတ်ဘဲ နေ့စဉ်ဝင်ထွက်သွားလာရာတွင် တစ်ခါသုံးကတ်လိုတန်းစီပြီး လုပ်နေရသည့် ဒုက္ခနည်းသွားသလို အချိန်အနည်းငယ်အတွင်း စာအုပ်ပြ၊ တံဆိပ်ရိုက်ပြီး ဝင်ထွက်ခွင့် တစ်နှစ်သက်တမ်းရှိသည့် နယ်စပ်သွားလာခွင့် စာအုပ်အနီကိုသာ ရလိုကြခြင်းဖြစ်သည်။ ရွှေလီကျယ်ဂေါင်အတွင်း (၃/၆) လကြာ အလုပ်လုပ်လိုကြသူများအတွက်ကလည်း စာအုပ်အနီမရှိလျှင် အလုပ်လုပ်ခွင့်မရသည့်အတွက် (B.P) စာအုပ်အနီရလျှင်ပြီးရောဆိုပြီး နည်းမျိုးစုံဖြင့် ရသည့်နေရာတွင် လုပ်ကိုင်ကြကြောင်း၊ ကျယ်ဂေါင်ထဲတွင် စာအုပ်အတုလုပ်သည့်နေရာ သုံးနေရာခန့်ရှိကြောင်း သိရသည်။ ၎င်းအပြင် ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ်ကတ်ပြား စာရွက်သာဖြစ်သော (Tenporary Border Pass. TBP) မှာစိမ်းပြာရောင် ကတ်ပြားဖြစ်ပြီး တစ်ခါသုံးဖြစ်ကာ အများအားဖြင့် တစ်ခါသုံးကတ်ဟု အခေါ်များပြီး ဝင်ထွက်လျှင် အများဆုံးခြောက်ညခုနစ်ရက် နေထိုင်ခွင့်ရှိကြောင်း သိရသည်။

"အနီစာအုပ်ကတော့ ဂိတ်မှာ စောင့်စရာသိပ်မလိုဘူး။ ဒီစာအုပ်ကတော့ တစ်ခါသုံးကတ်လိုပဲ အများဆုံးခြောက်ညခုနစ်ရက် နေလို့ရတာအတူတူပဲ။ ဒါပေမယ့် စာအုပ်သက်တမ်းတစ်နှစ်အတွင်း အခါခါ ဝင်လို့ရတယ်။ ဒါကလည်း မူဆယ်သန်းခေါင်စာရင်းရှိမှ ရမယ်ဆိုတော့ စာအုပ်အနီလိုချင်တဲ့သူတွေသုံးချင်တဲ့သူတွေကြောင့် အခုလိုမှောင်ခိုအတုဈေးကွက်ဖြစ်လာတာပါ။ ကိုင်ဆောင်သူတွေကတော့ အတုအစစ်ဘာမှ မသိပါဘူး။ ဘာပဲဖြစ်ဖြစ်အခုလိုအဖမ်းခံရတော့ အထိနာပါတယ်။ တစ်ဖက်နိုင်ငံကို ကိုယ့်မြေကိုယ့်ဒေသကိုယ့်နိုင်ငံကနေ သွားကြမည့်သူတွေ စည်းကမ်းတကျဖြစ်ဖို့ ကိုယ်တိုင်လည်းလိုက်နာ ဌာနဆိုင်ရာတွေကလည်းဝိုင်းကူကြဖို့ တိုက်တွန်းပါတယ်။ အခုဖြစ်စဉ်မှာတော့ ဖြစ်နိုင်ရင် တစ်ဖက်နိုင်ငံမှာ တရားဝင်အလုပ်လုပ်လိုသူများကို နေထိုင်ခွင့်ပါမစ်တွေနဲ့ တရားဝင်အလုပ် လုပ်ကိုင်ခွင့် တစ်ခုခုထုတ်ပေးနိုင်ရင်တော့ အဆင်ပြေသွားမှာပါ" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ထိုဖြစ်စဉ်များ မဖြစ်ခင်ရက်ပိုင်းအတွင်းကလည်း တစ်ဖက်နိုင်ငံတွင် သွားရောက် အလုပ်လုပ်ကိုင်နေသူ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမား ၄၆၀ ကျော် မြန်မာနိုင်ငံသို့ အသုတ်လိုက် ပြန်ပို့ခဲ့သဖြင့် မူဆယ်မြို့မှ တာဝန်ရှိဌာနဆိုင်ရာများက လက်ခံခဲ့ပြီး နေရပ်ပြန်ပို့နိုင်ရန် တာဝန်ရှိသူများ ပို့-ဆက်၊ မထသနှင့်လူမှုရေးအဖွဲ့များက မော်တော်ယာဉ်များ စီစဉ်ပေးခြင်း၊ စားသောက်ဖွယ်ရာများ ကျွေးမွေးခဲ့ခြင်းများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောက်တန်း၌ကျင်းပ

ကျောက်တန်း ဇူလိုင် ၂၀

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ စံချိန်မီရက်ကွက် အားကစားရုံ(၂) လမ်းဘေး၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်း၊ သစ်တောဦးစီးဌာနနယ်မြေတာဝန်ခံ တောအုပ်ဦးဇော်ခိုင်နှင့် ဌာနဆိုင်ရာများ၊ မြို့ပေါ် (၆) ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် NGO အဖွဲ့ဝင်များ၊ စုစုပေါင်း ၁၅၅ ဦးဖြင့် ယူကလစ်ပင် ၂၀၀၊ ပျဉ်းမပင် ၂၄၀၊ ဗာဒံပင် ၄၀၊ ခရေပင် ၂၀၊ ကံ့ကော်ပင် ၂၀ တို့ကို စိုက်ပျိုးခဲ့ကြသည်။ **(အပေါ်ပုံ)**

(၀၁၉)

ဆိုင်ကယ်တွင်ဝှက်ယူလာသော စိတ်ကြွရူးသွပ်ဆေးပြားများ ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိ

တာချီလိတ် ဇူလိုင် ၂၀

ဇူလိုင် ၁၈ ရက်မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်း ဦးစီးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ဟွေ့ရဲပူးပေါင်းစစ်ဆေးရေးစခန်းတွင် မိုင်းဆတ်ဘက်မှ တာချီလိတ်ဘက်သို့ လီဒူ(အမျိုးသား) မောင်းနှင်ပြီး လီဆား (အမျိုးသား) လိုက်ပါလာသည့် ကတ/...... နံပါတ်ပါ Haujue 150-2A အမျိုးအစားအနီရောင်ဆိုင်ကယ်ကို ရပ်တန့် စစ်ဆေးရှာဖွေခဲ့ရာ ဆိုင်ကယ်ဖင်ထိုင်ခုံအောက်၌ သိုဝှက်ထားပြီး အပြာရောင်ပလတ်စတစ်အိတ်ငယ်များဖြင့်ထည့်လျက် WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ ငါးထုပ်နှင့် ၁၈၅ စီပါ တစ်ထုပ် စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၅ ပြား၊ အလေးချိန် ၁၁၈ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၂၉၆၂၅၀၀ ကိုတွေ့ရှိသဖြင့် သက်သေများရှေ့ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။ **(အောက်ပုံ)**

အမှုမှ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူ လီဒူ (၁၈ နှစ်) မိုင်းညှင်းကျေးရွာ မိုင်းခတ်မြို့နယ်နှင့်လီဆား(၁၈ နှစ်)မိုင်းညှင်းကျေးရွာ မိုင်းခတ်မြို့နယ်နေသူတို့ နှစ်ဦးအား တာချီလိတ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

သောင်ခုံကျေးရွာ၌ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

ကွမ်းခြံကုန်း ဇူလိုင် ၂၀

ကွမ်းခြံကုန်းမြို့နယ် သောင်ခုံကျေးရွာ၌ ဇူလိုင် ၁၉ ရက် ည ၁၁ နာရီက လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ကျေးရွာအတွင်းရှိ ခနိမိုး၊ ထရံကာ နေအိမ် ၃၈ လုံး ပျက်စီးခဲ့ရကြောင်း သိရသည်။ **(အောက်ပုံ)**

ထိုကဲ့သို့ လေဆင်နှာမောင်း တိုက်ခတ်စဉ် သောင်ခုံကျေးရွာနေ ဒေါ်အေး (၅၉နှစ်) မှာ သွေးခုန်နှုန်း မမှန်ခြင်း၊ နှာခေါင်းသွေးလျှံခြင်းများ ဖြစ်ခဲ့သဖြင့် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်တိုက်နယ်ဆေးရုံသို့ တင်ပို့ကုသစဉ် ယနေ့ နံနက် ၁ နာရီမိနစ် ၂၀ က သေဆုံးသွားခဲ့ကြောင်းသိရသဖြင့် အဆိုပါ ကျေးရွာသို့ တာဝန်ရှိသူများ ရောက်ရှိကာ နေအိမ်များ ပျက်စီးခဲ့သည့် မိသားစုဝင်များကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ယာယီပြောင်းရွှေ့ နေရာချပေးထားကာ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

စိုးဝင်း(SP)

လျှပ်စစ်အန္တရာယ် ကင်းဝေးရေးဆောင်ရွက်

တောင်ကြီး ဇူလိုင် ၂၀

တောင်ကြီးမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးနိုင်လင်း ဦးစီးဝန်ထမ်းများသည် ဇူလိုင် ဒုတိယပတ်အတွင်း တောင်ကြီးမြို့ပေါ် ရပ်ကွက်များဖြစ်သည့် စဝ်စံထွန်းရပ်ကွက်၊ သစ်တောရပ်ကွက်များအတွင်းရှိ လမ်းများ တစ်လျှောက် ဓာတ်အားလိုင်းများနှင့် မလွတ်သည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဓာတ်ကြိုးများ ကြွခိုင်ရေးအခြေအနေစစ်ဆေးခြင်းနှင့် ဇူလိုင် ၁၇ ရက်က လျှပ်စစ်မီတာခ လာရောက်ပေးသွင်းသူများ၊ မြို့တွင်း လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေး၊ စဝ်စံထွန်းဈေး၊ လမ်းဆုံလမ်းခွများ၊ စာသင်ကျောင်းများတွင် လျှပ်စစ်အန္တရာယ် ကင်းဝေးရေး ကြိုတင်သတိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ သတိပေးကြော်ငြာဆိုင်းဘုတ်များ ကပ်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ထွန်း (TGI)

❋ ကျောဖုံးမှ

ထုတ်လုပ်ကြသလို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်တို့တွင်လည်း ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။

မြန်မာနိုင်ငံမှ ပျားရည် ထုတ်လုပ်နိုင်မှုမှာ ၂၀၀၈-၂၀၀၉ခုနှစ်က မက်ထရစ်တန် ၁၅၀၀ ခန့်ရှိခဲ့ပြီး ၁၃၇၅ တန် တင်ပို့ခဲ့သော်လည်း ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ်ကာလအတွင်း ပုံမှန်ကုန်သွယ်ရေးနှင့် နယ်စပ်ကုန်သွယ်ရေးတို့မှ ပျားရည် မက်ထရစ်တန် ၂၄၉၃ကျော် တင်ပို့နိုင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသော ပျားရည်များကို တရုတ်၊ ဂျပန်၊ ထိုင်း၊ စင်ကာပူနှင့် တောင်ကိုရီးယားနိုင်ငံတို့မှ အဓိကဝယ်ယူကြသည်။ မြန်မာနိုင်ငံတွင် သဘာဝပျားရည် ထုတ်လုပ်မှုမှာ စီးပွားဖြစ်မတွင်ကျယ်နိုင်သဖြင့် ဒေသသုံးအဖြစ်သာရောင်းဝယ်အသုံးပြုမှုရှိနေဆဲဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

နိုင်ငံသားစိစစ်ရေးကတ်သည် နိုင်ငံသားတစ်ဦး၏အခွင့်အရေးအပြည့်အဝရရှိစေရန် အထောက်အထားဖြစ်သဖြင့် ပျက်စီးပျောက်ဆုံးမှုမရှိရေးဂရုပြု

နေပြည်တော် ဇူလိုင် ၂၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ဘုရားငုတ်တိုကျေးရွာ ရွှေဟသ်ာတောရကျောင်း ဓမ္မာရုံ၌လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောင်းမြမြို့နယ် ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့်ကွင်းဆင်းထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဒေသခံရွာသူရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား၏ အရေးပါမှု၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့ဌာနက တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား လွယ်ကူလျင်မြန်စွာ၊ ကုန်ကျစရိတ် သက်သာစွာဖြင့် ထုတ်ပေးနိုင်ရေးအတွက် မိုးပွင့်စီမံချက်များဖြင့် ရပ်ကွက်/ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှု၊ မြို့နယ် ၂၄ မြို့နယ်ကို Norgien Refugee Council (NRC) နှင့် ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားကို One Stop Service ဖြင့် အခမဲ့ကွင်းဆင်းဆောင်ရွက်ထုတ်ပေးနေမှု နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းသည် ဥပဒေ၊ လုပ်ထုံးလုပ်နည်းမှတ်တမ်းမှတ်ရာများအပေါ် အခြေခံစိစစ်ဆောင်ရွက်ပေးရသဖြင့် ကွင်းဆင်းဆောင်ရွက်ပေးရန် လုပ်ငန်းအခက်အခဲ၊ အကန့်အသတ်များစွာရှိသော်လည်း ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးမှုတစ်ရပ်အဖြစ် ပြည်သူကို ဝန်ဆောင်မှုအပြည့်အဝပေးရေးဆောင်ရွက်ပေးမှု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦး၏အခွင့်အရေးအပြည့်အဝရရှိစေရန် အထောက်အထား ဖြစ်သည်နှင့်အညီ ပျက်စီးပျောက်ဆုံးမှုမရှိစေရေးအတွက် ဂရုပြုကြရေးနှင့် ယခုကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးမှုအပေါ် လိုအပ်သည်များ၊ လုပ်ငန်းအခက်အခဲများရှိပါကလည်း ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရေး အခြေအနေများနှင့်စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြောင်းမြမြို့၌ မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာကြသူများအား လုပ်ငန်းလိုအပ်ချက်များကို ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးရာ ဒေသခံပြည်သူများက မိုးပွင့်စီမံချက်များဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကျေးရွာအရောက် ကွင်းဆင်း ဆောင်ရွက်ပေးမှုများကြောင့် အချိန်ကုန်၊ ငွေကုန်သက်သာသည့်အတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ရုံးပိတ်ရက်များတွင် အနားမယူဘဲ ကွင်းဆင်း ဆောင်ရွက်ပေးသည့် ဝန်ထမ်းများကိုလည်း ချီးကျူးပါကြောင်းဖြင့် အသီးသီးရှင်းလင်းပြောကြားသည်။

ထို့နောက် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ပြည်သူတစ်ဦးချင်းထံအသီးသီးပေးအပ်ကြပြီး ပြည်ထောင်စုဝန်ကြီးက ဒေသခံကျေးရွာလူငယ်များအား ကျေးလက်လူငယ် အကျီများကို ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် နံနက်ပိုင်းကလည်း မြောင်းမြမြို့နယ် ပုဂံဥကျေးရွာရှိ ပြည်လုံးချမ်းသာဘုရားတန်ဆောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြောင်းမြခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဆောင်ရွက်နေမှု တတိယအဆင့်အရှိန်မြှင့်တင်မှု လုပ်ငန်းစဉ်ဆောင်ရွက်နိုင်ရေးနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့လုပ်ငန်းအပေါ် တာဝန်သိမှု၊ တာဝန်ယူမှုဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရေး ပြည်သူကိုယဉ်ကျေးပျူငှာစွာ ဆက်ဆံ၍ ဝန်ဆောင်မှုအပြည့်အဝပေးနိုင်ရေး၊ ဥပဒေလုပ်ထုံးလုပ်နည်း၊ နည်းပညာနှင့် ဘာသာစကားတတ်ကျွမ်းကြရေးအတွက် အစဉ်လေ့လာဆည်းပူးကြရေးတို့ကို ရှင်းလင်းမှာကြားပြီး မြောင်းမြခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးရုံးတို့အတွက် ကွန်ပျူတာတစ်စုံ၊ ပရင်တာနှင့် ဖက်စ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့ ကောင်တာဖွင့်

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ပြည်ပထွက်ခွာခန်းမ (Departure Lobby)နှင့် ပြည်ပဆိုက်ရောက်ခန်းမ (Arrival Lobby)တို့တွင် ရွှေ့ပြောင်းလုပ်သားများ သတင်းပို့နေရာ (Myanmar Migrant Worker's Reporting Counter) တစ်ခုစီကို ယနေ့ မွန်းလွဲပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဤသို့ဖွင့်လှစ်ရခြင်းမှာ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ပြည်ပသို့ တရားမဝင်သွားရောက်မှု လျော့နည်းပပျောက်စေရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ ကာကွယ်စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများ၏ ပြည်ပထွက်ခွာ၊ ဆိုက်ရောက်စာရင်းနှင့် သတင်းအချက်အလက်များ စုဆောင်းနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား လိုအပ်သောအကူအညီနှင့် ကာကွယ်စောင့်ရှောက်မှုများ ပေးသွားနိုင်ရေးတို့အတွက် ရည်ရွယ်ခြင်းဖြစ်သည်။

ရွှေ့ပြောင်းလုပ်သားများသတင်းပို့ရာ ကောင်တာနေရာများတွင် အလုပ်သမားများသိရှိသင့်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး ဖုန်းနံပါတ်၊ သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေနှင့် ဓလေ့ထုံးစံများ၊ ဆောင်ရန်၊ ရှောင်ရန်များနှင့် အလုပ်သမားသံအရာရှိဖုန်းနံပါတ်တို့ကို အလုပ်သမားများသိရှိစေရေးအတွက် အသိပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

“အခုကိုရီးယားသမ္မတနိုင်ငံကို အမျိုးသား အလုပ်သမား ၃၉ ဦး ညနေ ၄ နာရီ မိနစ် ၅၀ တွင် စင်ကာပူလေယာဉ်နဲ့သွားကြမှာပါ။ ကုန်ထုတ်လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် တောင်ကိုရီးယားကို သွားရောက်လုပ်ကိုင်တာပါ။ တရားဝင် သွားတဲ့အတွက် အခက်အခဲကြုံခဲ့ရင်လည်း ကူညီပေးလို့ရပါတယ်။ SME ရည်မှန်းချက်ကိုလည်း အထောက်အကူဖြစ်စေပါတယ်” ဟု ပြည်ပအလုပ်အကိုင်အေဂျင်စီ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြောကြားခဲ့သည်။

“အခုသွားမယ့် အဖွဲ့က ဒေသအသီးသီးက လာကြတာပါ။ ကျွန်တော်တို့ ကုန်ကျငွေနှစ်လ၊ သုံးလနဲ့ ကျေသွားမှာပါ။ ဒစ်ပို့ဇစ်က ၁၅ သိန်းနဲ့ လေယာဉ်လက်မှတ်အပါအဝင်အထွေထွေ စရိတ်ကခြောက်သိန်းကျပါတယ်။ အခုလို တရားဝင် သွားရောက်လုပ်ခွင့်ရအောင် ဆောင်ရွက်ပေးတဲ့လူကြီး အားလုံးကိုလည်း ဂါရဝပြုကျေးဇူးတင်ပါတယ်” ဟု တောင်ကိုရီးယားသို့ထွက်ခွာတော့မည့် အလုပ်သမားတစ်ဦးက ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ပြည်ပထွက်ခွာမည့် မြန်မာရွှေ့ပြောင်းလုပ်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။

စေလွှတ်ခဲ့

အဆိုပါ မြန်မာရွှေ့ပြောင်းလုပ်သားများ သတင်းပို့ကောင်တာဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အလုပ်သမားရေးရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ပတွင်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီဝင်များ၊ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ILO၊ IOM၊ World Vision မှကိုယ်စားလှယ်များနှင့် HRD Korea မှ ဌာနေကိုယ်စားလှယ်တို့တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံသို့ ၃၉ ဦး၊ Golden Plant Co.,Ltd.မှ မလေးရှားနိုင်ငံသို့ အလုပ်သမား ၂၅ ဦး စေလွှတ်ခဲ့ကြောင်း သိရသည်။

သန်းထိုက်(လှိုင်သာယာ)

ပုဂံ-ညောင်ဦးမြို့နယ်အသင်း(ရန်ကုန်) စာအောင်သံဃာတော်များအားဂုဏ်ပြုပူဇော်

ရန်ကုန် ဇူလိုင် ၂၀

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်) (၁၂) ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့်စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်း ဓမ္မသုခတိုက်မှန်ကျောင်း၌ကျင်းပရာ ရှေးဦးစွာ ဘဒ္ဒန္တပရမ (မဟာကမ္မဋ္ဌာနာစရိယ)ထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးသောင်းညွန့်က ဝါဆိုသင်္ကန်းဆက်ကပ်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)နှင့်စပ်လျဉ်း၍လည်းကောင်း လျှောက်ထားတင်ပြသည်။

ယင်းနောက် အရှင်ပရမ(မဟာကမ္မဋ္ဌာနာစရိယ)နှင့် ဓမ္မာစရိယစာမေးပွဲအောင်မြင်တော်မူကြသည့် အရှင်စရဏ၊ အရှင်ဉာဏိကတို့၏ ထေရုပ္ပတ္တိများကို တာဝန်ရှိသူများက ဖတ်ကြားလျှောက်ထားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်ဇနီး၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်နှင့်ဇနီးနှင့် အသင်းသား အသင်းသူများက သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

(သတင်းစဉ်)

ချောင်းဆုံမြို့နယ် ကျေးရွာများသို့ မှတ်ပုံတင်ကတ်များကွင်းဆင်းဆောင်ရွက်

ချောင်းဆုံ ဇူလိုင် ၂၀

ချောင်းဆုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့် (၆) စီမံချက်ဖြင့်နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်မှုကို မုရစ်ကလေးကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ဇူလိုင် ၁၇ ရက်မှ စတင်၍ (လဝက)ဦးစီးမှူး ဦးတင်မြိုင်နှင့် ဝန်ထမ်းငါးဦးတို့က ကျေးရွာများရှိ မိဘပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါစီမံချက်ကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး အခြားကျေးရွာများသို့လည်း ဆက်လက်ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

စနစ်ကျလယ်ယာမြေ ဖော်ထုတ်ရေးဆောင်ရွက်

မိုးမိတ် ဇူလိုင် ၂၀

မိုးမိတ်မြို့နယ်အတွင်း စက်မှုလယ်ယာစနစ်ကျ လယ်ဧက ၁၀၀ဖော်ထုတ်နိုင်ရေးအတွက် ဒေသတွင်းရှိ တောင်သူများထံသို့ ပြည်နယ်စက်မှုလယ်ယာဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း)ရုံးမှ တာဝန်ရှိသူများနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များသည် ဇူလိုင် ပထမပတ်မှစတင်၍ ရွှေဇာလီကျေးရွာအုပ်စု၊ ပဒါန်းကျေးရွာ၊ နဘူးကျေးရွာ၊ နမီကျေးရွာများရှိ တောင်သူများနှင့် သွားရောက်တွေ့ဆုံ၍ အဆင့်မြင့်လယ်ယာဖော်ထုတ်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ချင်းပြည်နယ်မြို့တော် ဟားခါးမြို့၌ လျှပ်စစ်ဓာတ်အားပိုမိုရရှိတော့မည်

ဝေယံ

ဟားခါးမြို့သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်ပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၆၁၂၀ တွင် တည်ရှိ၍ လှပသော တောင်ပေါ်မြို့တစ်မြို့ဖြစ်သည်။ ရပ်ကွက်ပေါင်း ခြောက်ရပ်ကွက်၊ အိမ်ထောင်စု ၃၇၆၃ စု ရှိပြီး လူဦးရေ ၁၇ ဒသမ ၈၂၀ ရှိသည်။ ဟားခါးမြို့ကို ၁၀-၄-၁၉၅၈ ရက်နေ့မှစ၍ ၁၅ ကီလိုဝပ် ဒီဇယ်စက်တစ်လုံးဖြင့် မြို့၏ ၁၀ ရာခိုင်နှုန်းကို စတင်ဓာတ်အားပေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် ၂၅ ကီလိုဝပ်ပါကင် ဒီဇယ်စက်တစ်လုံး တိုးချဲ့နိုင်ခဲ့ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်သည်။ ၁၉၇၆ ခုနှစ်တွင် ၅၇ ကီလိုဝပ်ပါကင် ဒီဇယ်စက်တစ်လုံးတိုးချဲ့၍ ဓာတ်အားပေးနိုင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇွန်လအထိ ၁၂၀ ကီလိုဝပ် စကိုဒါ ဒီဇယ်စက်၊ ၂၄၀ ကီလိုဝပ် စကိုဒါဒီဇယ်စက်နှင့် ၂၄၀ ကီလိုဝပ် ဒွိုက်စ် ဒီဇယ်စက်တို့ဖြင့် ထပ်မံတိုးချဲ့ ဓာတ်အားပေးခဲ့ပါသည်။

ဟားခါးမြို့ပေါ်တွင် လူဦးရေ၊ အိမ်ထောင်စု၊ ဓာတ်အားသုံးစွဲသူဦးရေ တိုးတက်များပြားလာသည့်အလျောက် ဟားခါးမြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်အကွာရှိ ဒေါင်ဗား ရေအားလျှပ်စစ်စက်ရုံ (၂၀၀ ကီလိုဝပ် × ၂ လုံး)ဖြင့် ၆-၉-၁၉၈၄ ရက်နေ့မှစ၍ ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးပါသည်။ ဟားခါးမြို့၏ အရှေ့မြောက်ဘက် ဖလမ်း-ဟားခါး ကားလမ်းမအတိုင်း ၂၄ မိုင်အကွာရှိ လိုင်ဗားရေအားလျှပ်စစ်စက်ရုံ (၃၀၀ ကီလိုဝပ် × ၂ လုံး)ဖြင့် ၆-၄-၁၉၉၄ ရက်နေ့မှစ၍ တိုးချဲ့ဓာတ်အားပေးပါသည်။ ဒေါင်ဗားရေအားလျှပ်စစ်စက်ရုံမှ ရွာနှစ်ရွာ၊ လိုင်ဗား ရေအားလျှပ်စစ်စက်ရုံမှ ဟားခါးမြို့ ၁၁ ကေဗွီဓာတ်အားလိုင်းဖြင့် ကျေးရွာလေးရွာနှင့် ထန်တလန် ၁၁ ကေဗွီ ဓာတ်အားလိုင်းဖြင့် ကျေးရွာလေးရွာတို့ကို ဓာတ်အားပေးပါသည်။

ဤသို့ဖြင့် ဟားခါးမြို့ကို ဒီဇယ်ဓာတ်အားပေးစက် အသေးစားရေအားလျှပ်စစ်စက်ရုံ နှစ်ရုံတို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့သော်လည်း တိုးတက်လာသော အိမ်ထောင်စု၊ လူဦးရေနှင့် သုံးစွဲသော လျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့ကြောင့် လျှပ်စစ်ဓာတ်အားလုံလောက်မှုမရှိသဖြင့် ဟားခါးမြို့ပေါ်နှင့်အနီးရှိ ကျေးရွာရှစ်ရွာကို အလှည့်ကျစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ရသည်။

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးသည် အဓိကအချက်အနေဖြင့် ပါဝင်လျက်ရှိရာ နိုင်ငံတော်က နှစ်အလိုက် စီမံကိန်းများ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ဟားခါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဂန့်ဂေါ-ဟားခါး ၆၆ ကေဗွီလိုင်း ၅၇ မိုင်၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် မြို့တွင်း ၁၁ ကေဗွီလိုင်း၊ ၄၀၀ ဗို့လိုင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ ဂန့်ဂေါမှဟားခါးအထိ တည်ဆောက်ခဲ့သော ဓာတ်အားလိုင်းသည် တောင်ဆင်းတောင်တက် လျှိုမြောင်များကိုဖြတ်၍ ခဲယဉ်းစွာဖြင့် တည်ဆောက်ခဲ့ရသည်။ ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးသဖြင့် ဇူလိုင် ၈ ရက် ညနေ ၃ နာရီတွင် ဟားခါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီဖြစ်သည်။

ဟားခါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပို့လွှတ်ခြင်း အခမ်းအနားကို ဇူလိုင် ၈ ရက်က ဟားခါးမြို့တော်ခန်းမ၌ ဆောင်ရွက်ခဲ့ရာ ချင်းပြည်နယ်ဝန်ကြီးချုပ်က "ဟားခါးမြို့ကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အား ရယူ၍ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစပြီး ဂန့်ဂေါ-ဟားခါး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၅၇ မိုင်ကို ကျပ်သန်းပေါင်း ၂၂၉၃ သန်း ဒသမ ၂၃၅၊ ဟားခါး ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေခွဲရုံကို ကျပ်သန်းပေါင်း ၁၉၇ သန်းနှင့် မြို့ပေါ် ၁၁ ကေဗွီလိုင်း ၃ ဒသမ ၇ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေဓာတ်အားခွဲရုံ နှစ်ရုံ၊ ၄၀၀ ဗို့လိုင်း သုံးမိုင် တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ အစားထိုးပြုပြင်ခြင်း လုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၂၁၀ ဒသမ ၄၈ သန်းကို နိုင်ငံတော်ဘတ်ဂျက်မှ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုလုပ်ငန်း အားလုံး၏ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ဇူလိုင် ၈ ရက် ညနေ ၃နာရီ ၅ မိနစ်ကစပြီး ယာယီစတင်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ယခင် ဟားခါးမြို့ပေါ်သို့ ဓာတ်အားဖြန့်ဖြူးပေးနေသည့် လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အားများကို ထန်တလန်မြို့သို့အချိန်ပြည့် ဖြန့်ဖြူးပေးနိုင်ပြီဖြစ်၍ ထန်တလန်မြို့တွင်လည်း လျှပ်စစ်ဓာတ်အားပိုမို ရရှိလာမည်ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး ဟားခါး-ဖလမ်း-သိုင်းငင်း-ကလေး-ကလေးဝ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၈၀ မိုင်၊ ပေါက်-မင်းတပ် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၃၅ မိုင်၊ ဖလမ်း၊ မင်းတပ်၊ သိုင်းငင်းမြို့များတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ခွဲရုံတစ်ရုံစီတိုးချဲ့တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်နေကြောင်း "ဖြင့် ထည့်သွင်းပြောကြားသွားပါသည်။

ချင်းပြည်နယ်၌ ၆၆ ကေဗွီ ဓာတ်အားလိုင်းများ သွယ်တန်းထားသည်ကို တွေ့ရစဉ်။

ဟားခါးမြို့ပေါ်ကို အသေးစားရေအားလျှပ်စစ်စက်ရုံနှင့် ဒီဇယ်စက်တို့ဖြင့် လျှပ်စစ်ဓာတ်အား မလောက်မင ဖြန့်ဖြူးပေးနေရာမှ ၂၀၁၆ ခုနှစ် ဇူလိုင် ၈ ရက် ညနေ ၃ နာရီ ၅ မိနစ်မှစ၍ ဓာတ်အားစနစ်မှ ဓာတ်အားဖြင့် ၂၄ နာရီ အလှည့်ကျမရှိဓာတ်အား ပြည့်ဝစွာ ဖြန့်ဖြူးပေးနေပြီဖြစ်သောကြောင့် ဟားခါးမြို့နှင့် အနီးပတ်ဝန်းကျင် ကျေးရွာရှစ်ရွာမှ အများပြည်သူများ ဝမ်းသာနေကြပြီဖြစ်သည်။

တောင်ဇလပ်ပန်းများ၏ လှပတင့်တယ်မှုဖြင့် တောင်ဇလပ်မြို့ဟု တင်စားခေါ်ဝေါ်သော ဟားခါးမြို့သည် ဓာတ်အားအပြည့်အဝ အသုံးပြုနိုင်တော့မည်ဖြစ်၍ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများတိုးတက်မှုအတွက် များစွာ အထောက်အကူပြုမည့်အပြင် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်၍ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာတော့မည်ဖြစ်သည်။

ပြည်တွင်းသတင်း

နိုင်ငံတကာမီဒီယာများထဲက မြန်မာနိုင်ငံအကြောင်း

မြန်မာနိုင်ငံသို့ ဝင်ရောက်မည့် ဘဏ်အုပ်စုများ

ဇူလိုင် ၁၄ ရက်ထုတ် ယူကေ သတင်းစာတစ်စောင်ဖြစ်သော Financial Times (Europe) က များပြားသော နိုင်ငံခြားဘဏ်များသည် ဇူလိုင် ၁၃ ရက်နေ့က အပြီးသတ်သည့် တင်ဒါအပြိုင်တင်သွင်းမှုတွင် မြန်မာနိုင်ငံ၌ လိုင်စင်ရလုပ်ငန်းများ လည်ပတ်ရန် အလုအယက် ကြိုးပမ်းနေကြပြီး အလျင်အမြန် တံခါးဖွင့်လာသည့် မြန်မာနိုင်ငံသို့ ဝင်ရောက်လုပ်ကိုင်ခြင်း၏ အားနည်းချက်နှင့် အားသာချက်များကို လှစ်ဟကြကြောင်း၊ မြန်မာနိုင်ငံ၌ လုပ်ငန်းတိုးချဲ့ရန် အပူတပြင်းလုပ်ဆောင်နေသည့် အာရှဘဏ္ဍာရေးအဖွဲ့အစည်းများတွင် Sumitomo Mitsui ဘဏ္ဍာရေးအုပ်စုနှင့် Mizuho ဘဏ္ဍာရေးအုပ်စုတို့ ပါဝင်ကြောင်း၊ အခြေခံအဆောက်အအုံမလုံလောက်မှုပြဿနာများနှင့် ကျန်ရှိနေသေးသည့် နိုင်ငံတကာ အရေးယူပိတ်ဆို့မှုများက အနောက်ကမ္ဘာ၏ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လုပ်ကိုင်ရေးစိတ်အားထက်သန်မှုအပေါ် ကန့်သတ်ထားသကဲ့သို့ ဖြစ်နေသည့်တိုင် Standard Chartered နှင့် ANZ တို့မှာ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းဈေးကွက်သို့ ဝင်ရောက်မည့် ဘဏ္ဍာရေးအုပ်စုများအဖြစ် ရှုမြင်ရကြောင်း စသည်ဖြင့် ရေးသားဖော်ပြသည်။

ဘာသာပြန်-ထန်ဆွင်း

ကြက်ခြေနီအကြောင်း သိကောင်းစရာဟောပြော

ရန်ကုန် ဇူလိုင် ၂၀

ကြက်ခြေနီအကြောင်း သိကောင်းစရာဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက အမှာစကားပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကြက်ခြေနီအကြောင်းသိကောင်းစရာများ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

မိုးလေဝသအခြေအနေ

၂၀-၇-၂၀၁၆

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

လူမှုတာဝန်သိတတ်သော သတင်းမီဒီယာဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

လူမှုတာဝန် သိတတ်သော သတင်းမီဒီယာများ ဖြစ်ထွန်းလာစေရန် အလေ့အကျင့်ကောင်းများနှင့် နည်းပညာ အလွဲသုံးစားမှုဆိုင်ရာ စိန်ခေါ်မှုများအား အဖြေရှာဆွေးနွေးသွားရန် ရည်ရွယ်လျက် လူမှုတာဝန်သိတတ်သော သတင်းမီဒီယာနှင့် ပတ်သက်သော ဆွေးနွေးပွဲ (Community Forum on Responsible Social Media in Myanmar) ကို ရန်ကုန်မြို့ MICT Park ရှိ အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲတွင် သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်း၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းမှ တာဝန်ရှိသူများ၊ The Asia Foundation, Google, Facebook, Twitter, Deloitterမှ တာဝန်ရှိသူများနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာလုပ်ငန်းလုပ်ကိုင်လျက်ရှိသော အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းက သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍသည် ယနေ့ခေတ်နှင့်အညီ အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည်လည်း သတင်းအချက်အလက်နည်းပညာရေစီးကြောင်းနှင့်အတူ လိုက်ပါတိုးတက်လျက်ရှိကြောင်း၊ နည်းပညာတိုးတက်မှုဖြစ်ပေါ်လာသည့်နည်းတူ ကောင်းကျိုး၊ ဆိုးကျိုးများသည်လည်း အတူယှဉ်တွဲ ဖြစ်ပေါ်လာကြောင်း၊ မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းသုံးစွဲမှုမြင့်မားလာသည်နှင့် မိုဘိုင်းဖုန်းနှင့်အတူ အင်တာနက်သုံးစွဲမှုမြင့်မားလျက်ရှိကြောင်း၊ အထူးသဖြင့် လူမှုကွန်ရက်မီဒီယာများ သုံးစွဲနှုန်းမြင့်တက်လျက်ရှိပြီး အင်တာနက်သုံးစွဲသူ သုံးသန်းရှိသည့်အနက် ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်စာမျက်နှာ သုံးစွဲသူ နှစ်သန်းခန့်ရှိနေကြောင်း၊ သုံးစွဲသူများမှာ လူမှုရေးကဏ္ဍအတွက်သာမက စီးပွားရေး၊ နိုင်ငံရေးကဲ့သို့သော ကဏ္ဍများကိုပါ သုံးစွဲလာကြပါကြောင်း၊ အဆိုပါ လူမှုကွန်ရက်မီဒီယာများကို ကြားခံသတင်းမီဒီယာများအဖြစ် သုံးစွဲလျက်ရှိကြောင်း၊ အမုန်းစကားများကို အရင်းခံကာ တစ်ဦးနှင့်တစ်ဦး ၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့အပြင် လူမှုအသိုက်အဝန်းတစ်ခုနှင့်တစ်ခုပါ ထိပါးနှောင့်ယှက်မှုများဖြစ်လာပြီး လူ့အသိုက်အဝန်းတစ်ခုကို အမုန်းတရားများပြန့်ပွားအောင် ဖန်တီးမှုများရှိနေကြောင်း၊ လူမှုအသိုက်အဝန်းအတွင်း ဖြစ်လေ့ဖြစ်ထရှိသော သာမန်အမှုအခင်းများပေါ်အခြေခံကာ မလိုလားအပ်သော ပြဿနာများ ပိုမိုကြီးထွားစေသည့် အပြောအဆိုများ ရေးသားလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ မိမိကိုယ်တိုင်စိစစ်လေ့လာကာ ပြောသင့်ပြောထိုက်သော စကားအသုံးအနှုန်းများမှအစ တာဝန်ယူတတ်သော အလေ့အထများ ပိုမိုဖြစ်ထွန်းလာစေရန် အလွှာအသီးသီးပါဝင်သော လူထုဆွေးနွေးပွဲများ ကျင်းပပြီးအဖြေရှာလျက်ရှိကြောင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို မထိပါးဘဲ လူမှုတာဝန်သိတတ်သော သတင်းမီဒီယာများ ဖြစ်ထွန်းလာစေရန် နိုင်ငံတကာတွင် ကျင့်သုံးနေသော ကျင့်ဝတ်များ၊ အခြေခံမှုများအား လေ့လာကာ မိမိနိုင်ငံနှင့် သင့်လျော်သော အလေ့အကျင့်ကောင်းများ ဖြစ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပကြောင်း၊ ဆွေးနွေးပွဲမှ ရရှိလာသော အဖြေရှာမှုများကို အသုံးပြုကာ ပိုမိုတိုးတက်ကောင်းမွန်သော လူမှုအသိုက်အဝန်းများ ဖြစ်ထွန်းလာစေရန် မျှော်လင့်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတရုံး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းတို့မှ ပူးပေါင်းကျင်းပကာ လူမှုကွန်ရက်မီဒီယာများအတွက် အလေ့အကျင့်ကောင်းများ၊ လူမှုကွန်ရက်မီဒီယာများ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုများ၊ မြန်မာနိုင်ငံ၏ လူမှုကွန်ရက်မီဒီယာဆိုင်ရာ စိန်ခေါ်မှုများ၊ လူမှုကွန်ရက်မီဒီယာများ၏ အနာဂတ် အလားအလာ စသည့်ခေါင်းစဉ်များကို နိုင်ငံတကာနှင့် ပြည်တွင်းမှ နည်းပညာဆိုင်ရာပညာရှင်များ၊ သတင်းမီဒီယာများမှ တာဝန်ရှိသူများက ဦးဆောင်ဆွေးနွေးခဲ့ပြီး နည်းပညာနယ်ပယ်မှ တာဝန်ရှိသူများ၊ ဌာနအသီးသီးမှ တာဝန်ရှိသူများ၊ နည်းပညာနှင့် ဆက်နွယ်နေသောမီဒီယာများ၊ စိတ်ပါဝင်စားသူများ တက်ရောက် ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ MICT Park ၌ လူမှုတာဝန်သိတတ်သော သတင်းမီဒီယာဆိုင်ရာ ဆွေးနွေးပွဲကျင်းပစဉ်။

ပြည်တွင်းသတင်း

လောက်ကိုင်၌ အရှိန်အဟုန်မြှင့်တင်မှုလုပ်ငန်းစဉ်များ ရှင်းလင်း

လောက်ကိုင် ဇူလိုင် ၂၀

ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၉ရက် နံနက် ၇ နာရီက ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကား ပြောကြားရာတွင် လက်ရှိနိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်နေသော ကာလဖြစ်ကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပါ လိုက်ပါပြောင်းလဲနေကြောင်း၊ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာတွင် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် အရေးကြီးဆုံး ဖြစ်ကြောင်း၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် မိမိမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူများမှ ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။ ထို့နောက် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်က ဒေသဆိုင်ရာ အချက်အလက်များနှင့် လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ပြီး လောက်ကိုင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်မှုအခြေအနေများအား ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိဆောင်ရွက်နေမှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ပရိုဂျက်တာဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လောက်ကိုင်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် ကုန်းကြမ်းမြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင် ဦးထွန်းနိုင်တို့က ဒေသ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဆွေးနွေးတင်ပြခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သူ၊ လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွန့်၊ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က မိမိတို့လုပ်ငန်းများအား ကဏ္ဍအလိုက် လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်း၊ ခဲဖွယ်နှင့်လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး BP 125 စီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စာရေးဆရာအသင်းအစည်းအဝေး အတွေ့အကြုံရှင်းလင်းမည်

မန္တလေး ဇူလိုင် ၂၀

မြန်မာနိုင်ငံစာရေးဆရာအသင်း ပထမအကြိမ်ညီလာခံ ဗဟိုဦးစီးအစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကျင်းပရန် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၈ရက် နံနက် ၁၀နာရီက မန္တလေးမြို့ ၄၂လမ်း ၈၁လမ်းရှိ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းရုံး၌ ကျင်းပသည်။

ဇွန် ၂၇ရက်က ရန်ကုန်မြို့ မြန်မာနိုင်ငံစာရေးဆရာအသင်းအစည်းအဝေးခန်းမ၌ ပထမအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့ အကြိုညှိနှိုင်းအစည်းဝေးနှင့် ဇွန် ၂၈ ရက်က ပထမအကြိမ်ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းကို ရန်ကုန်မြို့ သူနာပြုတက္ကသိုလ်တွင် ကျင်းပခဲ့ရာ မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ်များမှ ဗဟိုဦးစီးကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲကို မန္တလေးခရိုင်အတွင်းရှိ အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့ စုပေါင်း၍ အတွေ့အကြုံရှင်းလင်းပွဲကျင်းပရန်ညှိနှိုင်းခဲ့ရာ ဗဟိုဦးစီးကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

မန္တလေးခရိုင်အတွင်းရှိ မြို့နယ်များစုပေါင်း၍ အတွေ့အကြုံရှင်းလင်းပွဲကျင်းပရန် မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရာစိုး(ရာစိုး-လူမှု)၊ ချမ်းအေးသာစံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ) နှင့် ဗဟိုဦးစီးကိုယ်စားလှယ်များ၏ သဘောတူညီချက်အရ ဇူလိုင် ၂၆ရက် နံနက် ၉ နာရီခွဲတွင် မန္တလေးမြို့ ၈၁ လမ်းနှင့် ၄၂ လမ်းရှိ မဟာအောင် စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

ခင်ခင်ဝင်း(ပညာရေး)

နတလ(လွိုင်ကော်)၊ UNDP နှင့် IRC ပူးပေါင်း၍ လမ်း/တံတားနှင့် လုပ်ငန်းများဖွင့်

ဖရူဆို ဇူလိုင် ၂၀

ကျေးလက်နေပြည်သူများ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးကို ရည်ရွယ်လျက် နိုင်ငံတစ်ဝန်း၌ လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ အခြားသော NGO အဖွဲ့အစည်းများနှင့်အတူ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် UNDP နှင့် နတလ၊ IRC အဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီးပွားရေးအထောက်အကူပြု လမ်းတံတားနှင့်လုပ်ငန်းများ ဖွင့်ပွဲကို ကယားပြည်နယ် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောဂျာကျေးရွာတွင် ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်ကျော်သွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်း၊ UNDP မှ ဧရိယာညှိနှိုင်းရေးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်ကျော်သွင်က လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး UNDP မှ တာဝန်ရှိသူတစ်ဦးက မိမိတို့ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုပါလမ်းသစ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်ကျော်သွင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းအေး၊ UNDP မှ တာဝန်ရှိသူ တစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ လမ်းသည် အရှည်ပေ ၃၆၀၀၊ အကျယ် ၁၂ ပေရှိပြီး ဖရူဆိုမှ လောဂျာကျေးရွာသို့ အနီးဆုံးသွားလာရသော လမ်းဖြစ်ကြောင်း၊ ယခုအခါ အဆိုပါလမ်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ရာသီမရွေးလွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မိုးပွင့်အဆင့်(၆)စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြား One Stop Service နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် ဥတ္တရခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦး၊ ဥတ္တရသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်နှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်စိုးနှင့်အုပ်ချုပ်ရေးအဖွဲ့ဝင်များက အသက် ၁၀ နှစ်ပြည့်၊ အသက် ၁၈ နှစ်ပြည့်ပြီးသူများ စုစုပေါင်း ၁၀၀ အား မိုးပွင့်အဆင့်(၆)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို One Stop Service နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကိုကို(ပျဉ်းမနား)

သံတွဲမြို့နယ်အတွင်း ဇူလိုင် ၁၉ ရက် နံနက်ပိုင်းမှစ၍ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံနစ်မြုပ်လျက်ရှိရာ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုနှင့် သံတွဲမြို့ ချောင်းရေလျှံမှုကြောင့် မြို့နယ်အတွင်းရှိ မာဃလမ်း၊ ရတနာလမ်း၊ ဘုရင့်နောင်လမ်း၊ ညောင်ပင်ဈေးရပ်ကွက် အချို့နေရာတို့တွင် ရေကြီးနစ်မြုပ်စဉ်။ (ခရိုင် ပြန်/ဆက်)

ကျောင်းမုန့်ဈေးတန်း အစားအသောက်အန္တရာယ်ကင်းရှင်းရေး အသိပေး

နေပြည်တော် ဇူလိုင် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ စာသင်ကျောင်း မုန့်ဈေးတန်းအစားအသောက်ဘေးအန္တရာယ် ကင်းရှင်းရေးလုပ်ငန်း အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က စာသင်ကျောင်းမုန့်ဈေးတန်း အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို အသိပေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက ကျောင်းများတွင် ရောင်းချလျက်ရှိသော အစားအစာများတွင် ဆိုးဆေးအရောင်များ ပါဝင်မှုဖြင့် ကျောင်းသား ကျောင်းသူများတွင် ဘေးဥပဒ် ဖြစ်စေနိုင်သည့်အတွက် ယခုကဲ့သို့ ကျောင်းကျန်းမာရေးအဖွဲ့များက လိုက်လံကွင်းဆင်းဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် မြို့နယ် ရှစ်မြို့နယ်မှ တာဝန်ခံဆရာဝန်များက မိမိတို့ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ပေါ်ရှိ အထက(၁)၊ အထက(၂)၊ အထက(၃)နှင့်ကန်ဦး အခြေခံပညာ မူလတန်းကျောင်းတို့ကို ကျောင်းကျန်းမာရေးအဖွဲ့မှ ဇူလိုင် ၂၁ ရက်က ကွင်းဆင်း၍ရောင်းချသည့် အစားအစာများမှ နမူနာယူကာ ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၁၅၄)**

လျှပ်စစ်အန္တရာယ်ကင်းရေး အသိပညာပေး

ကျောက်တန်း ဇူလိုင် ၂၀

လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ ရက် နံနက်က ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ အထက(၂) သော်က ရတနာခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဦးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးပြီး သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း၍ အသိပညာပေးစာစောင်များ ဖြန့်ဝေပေးသည်။အလားတူ ဆွေးနွေးပွဲကို အထက(၁)တွင်လည်း ကျင်းပခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၄၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **(၀၁၉)**

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

မြန်မာ–ဂျပန်ချစ်ကြည်ရေးသစ်ပင်စိုက်ပွဲကျင်းပ

တိုက်ကြီး ဇူလိုင် ၂၀

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီက တောင်လှိုင်ရိုးမကြိုးဝိုင်း ဖောင်ကြီးလမ်း၌ ဒုတိယအကြိမ် မြန်မာ-ဂျပန် ချစ်ကြည်ရေးသစ်ပင်စိုက်ပွဲကို သစ်တောဦးစီးဌာနနှင့် ဂျပန်နိုင်ငံ AEON Environmental Foundation တို့ ပူးပေါင်း၍ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဂျပန်နိုင်ငံ AEON Environmental Foundation ဥက္ကဋ္ဌ အိုခတေကုယနှင့် ဂျပန်လူမျိုး ၆၂ ဦး၊ ဂျပန်သံရုံးအတွင်းဝန် မဆုအိုဟိဒဲအကိ၊ တိုက်ကြီးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်စိုး၊ သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO များ၊ မြန်မာနိုင်ငံရောက် ဂျပန်လူမျိုးများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးရခြင်းအကြောင်း ပြောကြားပြီး ဂျပန်နိုင်ငံ အီးယွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် ကောင်စစ်ဝန် မဆုအိုဟိဒဲအကိတို့က မြန်မာ-ဂျပန်ချစ်ကြည်ရေး ပိုမိုခိုင်မြဲရန် သစ်ပင်ပူးပေါင်းစိုက်ပျိုးရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားကြသည်။ သစ်ပင်စိုက်ပျိုးရေးအဖွဲ့များကို ပျိုးပင်များဝေငှပြီး သတ်မှတ်ထားသော နေရာများတွင် တာဝန်ရှိသူများက သစ်ပင်များ စိုက်ပျိုးကြရာ သစ်ပင်မျိုးစုံ စုစုပေါင်း အပင် ၈၀၀၀ ခန့်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

မြန်မာ-ဂျပန်ချစ်ကြည်ရေး သစ်ပင်စိုက်ပွဲတော်ကို နှစ်နိုင်ငံချစ်ကြည်ရေး ပိုမိုကောင်းမွန်လာစေရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေရန်၊ သစ်ပင်များ တိုးပွားလာစေရန်နှင့် ရေဝေရေလဲဒေသများ ကာကွယ်ထိန်းသိမ်းရန်ဖြစ်ပြီး ပထမအကြိမ် မြန်မာ-ဂျပန်ချစ်ကြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၁ ရက်က တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက်အမှတ်(၁၃)၌ ကျင်းပခဲ့ပြီး အပင် ၆၀၀၀ ခန့် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိတ်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သပိတ်ကျင်း၌စက်ရေတွင်းတူးဖော်အောင်မြင်

သပိတ်ကျင်း ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် အုံးဖုံးကျေးရွာအုပ်စု ဖက်ရှည်ကျေးရွာတွင် ပြည်သူများ နှစ်စဉ်သောက်သုံးရေအခက်အခဲများနှင့် ရင်ဆိုင်နေရပြီး ပူပြင်းသည့်နွေရာသီတွင် သောက်သုံးရေရှားပါးမှုကြောင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ခုနှစ် အထူးဖြည့်စွက်ရန်ပုံငွေဖြင့် စက်ရေတွင်းများ တူးဖော်ပေးခဲ့ကြောင်း သိရသည်။

ဖက်ရှည်ကျေးရွာတွင် လေးလက်မစက်ရေတွင်းကို လက်ဒ်ဒီပကုမ္ပဏီက တာဝန်ယူတူးဖော်ခဲ့ခြင်းဖြစ်ပြီး အနက်ပေ ၄၁၀ တွင် တူးဖော်အောင်မြင်ခဲ့ကြောင်းနှင့် ကျေးလက်ဦးစီးမှူး ဦးဆန်းမင်း၊ ဦးလှိုင်မင်း(ဦးစီးအရာရှိ)(နည်းပညာ) တို့က ဒေသခံပြည်သူများနှင့်အတူ စက်ရေတွင်းစမ်းသပ်မောင်းနှင်မှုကို သွားရောက်ကြည့်ကာ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါစက်ရေတွင်းသည် တစ်နာရီလျှင် ရေဂါလန် ၂၅၀၀ ထွက်ရှိသည့်အတွက် ဖက်ရှည်ကျေးရွာရှိ အိမ်ခြေ ၆၀၀ ခန့်အတွက် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိနိုင်တော့မည်ဟု သိရသည်။

စိုးနိုင်ဝင်း(သပိတ်ကျင်း)

တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ လှိုင်လင်မြို့၌ကျင်းပ

လှိုင်လင် ဇူလိုင် ၂၀

၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ဇူလိုင် ၂၀ ရက်က လှိုင်လင်ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

လှိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဟိန်းကျော်က အမှာစကားပြောကြားပြီး စစ်တုရင်ပြိုင်ပွဲကျင်းပရေးဒိုင်ချုပ် ဦးရွှေနိုင်ထွန်းက ပြိုင်ပွဲစည်းကမ်းများနှင့် ပတ်သက်၍ ပြောကြားသည်။ ၂၀၁၄ခုနှစ် လှိုင်လင်ခရိုင် တက္ကသိုလ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲကို ခရိုင်အုပ်ချုပ်ရေးမှူးက ပထမဆုံးရွှေ့ကွက်ကို ရွှေ့ပေး၍ ဖွင့်လှစ်ပေးခဲ့သည်။

တက္ကသိုလ်ပေါင်းစုံစစ်တုရင်ပြိုင်ပွဲကို ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ စိတ်တည်ငြိမ်ပြီး စဉ်းစားတွေးခေါ်တတ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရှိရသည်။ ပင်လုံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၊ နည်းပညာ တက္ကသိုလ်(ပင်လုံ)မှ ကျောင်းသား ကျောင်းသူ ၃၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇူလိုင် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

စစ်တောင်းမြစ်လူကူးတံတားနှင့် ကျေးရွာချင်းဆက်လမ်းများဖွင့်

လယ်ဝေး ဇူလိုင် ၂၀

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး စစ်တောင်းမြစ်ကူးတံတားဖွင့်ပွဲနှင့် အေးချမ်းသာ-ကျောက်တစ်လုံးကျေးရွာချင်းဆက်လမ်းဖွင့်ပွဲကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီက ကျင်းပသည်။

ယနေ့ဖွင့်လှစ်သည့် စစ်တောင်းမြစ် လူကူးတံတားသည် အရှည်ပေ ၈၀၀၊ အကျယ် ခြောက်ပေရှိပြီး ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ်သိန်း ၁၉၀ ကျော်ဖြင့် တည်ဆောက်ခြင်းဖြစ်ပြီး အေးချမ်းသာ-ကျောက်တစ်လုံး ကျေးရွာချင်းဆက်မြေသားလမ်းကို နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၂၀ ၊ ပြည်သူများထည့်ဝင်ငွေ ကျပ် ၂၅ သိန်း စုစုပေါင်း ငွေကျပ် ၄၅ သိန်း အကုန်အကျခံ ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်တောင်းမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာ ၁၂ ရွာရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ကြောင်း နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေက တံတားဖွင့်ပွဲ၌ ပြောကြားသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီး၊ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ လယ်ဝေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် ဌာနဆိုင်ရာများ၊ NGO များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လူကူးတံတားနှင့် ကျေးရွာချင်းဆက်လမ်းများကို ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ခဲ့သည်။

ဇော်မျိုးနိုင်

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများအား
၂၀၁၄ခုနှစ် ဇူလိုင်လတွင် ဆက်လက်ဖြန့်ဖြူးရောင်းချပေးမည့်အစီအစဉ်

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းများကို ပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူအသုံးပြုနိုင်စေရန်နှင့် အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန်အတွက် ၂၀၁၃ခုနှစ် ဧပြီလမှစတင်၍ တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်း SIM Card များအား တစ်ကတ်လျှင် ၁၅၀၀ိ/-နှုန်းဖြင့် တစ်လလျှင် ဖုန်းအလုံးရေ ၃၅၀၀၀၀ကို ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ လစဉ်ခွဲဝေဖြန့်ဖြူးပေးခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရောင်းချပေးလျက်ရှိပါသည်။

၂။ ယင်းသို့ရောင်းချပေးခဲ့ရာတွင် ၂၀၁၃ခုနှစ် ဧပြီလမှ ၂၀၁၄ခုနှစ် ဇွန်လအထိ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ တန်ဖိုးနည်း CDMA 800 MHz တယ်လီဖုန်း ၂၉၉၀၀၀၀ လုံး၊ GSM တယ်လီဖုန်း ၁၇၄၉၇၀၀ လုံးနှင့် WCDMA တယ်လီဖုန်း ၇၁၀၃၀၀ လုံး၊ စုစုပေါင်းတန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်း ၅ ဒသမ ၀၅ သန်း ရောင်းချပေးခဲ့ပါသည်။ အဆိုပါတန်ဖိုးနည်း မိုဘိုင်းတယ်လီဖုန်းများအပါအဝင် တစ်နိုင်ငံလုံးတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုဘိုင်းတယ်လီဖုန်းပေါင်း ၉ ဒသမ ၂၅ သန်းကျော် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါတွင် တယ်လီဖုန်းခေါ်ဆိုခ ကျပ် ၃၀၀၊ ကြိုတင်ပေးသွင်းထားသော CDMA 800 MHz/ GSM/ WCDMA တန်ဖိုးနည်းမိုဘိုင်းဖုန်း SIM Card များကို တစ်ကတ်လျှင် ၁၅၀၀ိ/-နှုန်းဖြင့် ၂၀၁၄ ခုနှစ် ဧပြီလမှစတင်၍ တစ်လလျှင် ၄၀၀၀၀၀သို့ တိုးမြှင့်ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ အဆိုပါပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ပြည်သူများအတွက် ပုံမှန်ရောင်းချပေးနေသည့် အစီအစဉ်တွင် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်ပင်စင်ခံစားနေသည့် အငြိမ်းစားဝန်ထမ်းများအတွက်လည်း ဆက်လက်ထည့်သွင်းဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပါသည်။

၄။ ၂၀၁၄ခုနှစ် ဇူလိုင်လတွင် တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများကို ဆက်လက်ဖြန့်ဖြူးရောင်းချရာ၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လက်ရှိတပ်ဆင်ပေးထားသော ရေဒီယိုစခန်းများ၏ လိုင်းအင်အားနှင့်အမှန်တကယ်သုံးစွဲနေသော အခြေအနေများအပေါ်မူတည်၍ပြည်သူများအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အောက်ပါအတိုင်း အချိုးကျခွဲဝေပေးရန် လျာထားတွက်ချက်ထားရှိပါသည်။

ဖခင်အမည်မှန်

မရမ်းကုန်းမြို့နယ် အထက (၄)၊ တက္ကသိုလ်ဝင်တန်း(B)တွင် ပညာသင်ကြားနေသော မခင်ဇင်မာနွယ်၏ဖခင်အမည်မှန်မှာ ဦးစိုးကျော်ဖြစ်ပါကြောင်း။

ဦးစိုးကျော် ၁၂/ဒလန(နိုင်)၀၆၈၁၇၀

၂၀၁၄ ခုနှစ် ဇူလိုင်လတွင် တန်ဖိုးနည်းမိုဘိုင်းတယ်လီဖုန်းများ ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ပြည်နယ်/တိုင်းဒေသကြီးအလိုက် ခွဲဝေပေးရန် လျာထားမှုအခြေအနေ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	အများပြည်သူ		ပင်စင်စား	စုစုပေါင်း
		GSM	WCDMA	WCDMA	
၁။	နေပြည်တော်ကောင်စီနယ်မြေ	၁၇၅၀၀	၂၂၅၀၀	၂၂၀၀	၄၂၂၀၀
၂။	ကချင်ပြည်နယ်	၄၀၀		၁၃၀၀	၁၇၀၀
၃။	ကယားပြည်နယ်		၂၀၀	၄၀၀	၆၀၀
၄။	ကရင်ပြည်နယ်	၂၅၀၀	၅၀၀	၉၀၀	၃၉၀၀
၅။	ချင်းပြည်နယ်	၄၀၀		၇၀၀	၁၁၀၀
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၉၂၀၀	၈၀၀	၃၆၀၀	၁၃၆၀၀
၇။	တနင်္သာရီတိုင်းဒေသကြီး	၇၀၀၀	၂၀၀၀	၇၀၀	၉၇၀၀
၈။	ပဲခူးတိုင်းဒေသကြီး(အရှေ့)	၁၀၀၀၀	၃၀၀၀	၃၆၀၀	၁၆၆၀၀
၉။	ပဲခူးတိုင်းဒေသကြီး(အနောက်)	၁၁၀၀၀	၂၀၀၀	၁၆၀၀	၁၄၆၀၀
၁၀။	မကွေးတိုင်းဒေသကြီး	၁၉၅၀၀	၂၅၀၀	၃၃၀၀	၂၅၃၀၀
၁၁။	မန္တလေးတိုင်းဒေသကြီး	၂၆၅၀၀	၁၉၅၀၀	၅၃၀၀	၅၁၃၀၀
၁၂။	မွန်ပြည်နယ်	၁၃၀၀၀	၂၀၀၀	၂၀၀၀	၁၇၀၀၀
၁၃။	ရခိုင်ပြည်နယ်	၉၀၀၀	၁၀၀၀	၁၇၀၀	၁၁၇၀၀
၁၄။	ရန်ကုန်တိုင်းဒေသကြီး	၆၃၄၀၀	၆၆၆၀၀	၁၅၀၀၀	၁၄၅၀၀၀
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၃၀၀	၇၀၀	၁၀၀၀	၄၀၀၀
၁၆။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂၅၀၀	၅၀၀	၅၀၀	၃၅၀၀
၁၇။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၈၇၀၀	၁၃၀၀	၁၆၀၀	၁၁၆၀၀
၁၈။	ဧရာဝတီတိုင်းဒေသကြီး	၂၀၅၀၀	၁၅၀၀	၄၆၀၀	၂၆၆၀၀
		၂၂၃၄၀၀	၁၂၆၆၀၀	၅၀၀၀၀	၄၀၀၀၀၀

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆန်၊ ကွမ်းသီးဈေးကောင်းရ၍ မော်လမြိုင်ကျွန်းမြို့မှ တင်ပို့မှုများလာ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်ဈေးကွက်တွင် နှံ့ဆန်တစ်အိတ်လျှင် ၁၈၂၀၀-၁၈၅၀၀ ကျပ်နှုန်း၊ ပေါ်ကွဲဆန်တစ်အိတ် ၂၂၅၀၀-၂၃၀၀၀ ကျပ်နှုန်း၊ ပေါ်ဆန်းဆန်တစ်အိတ် ၂၇၀၀၀-၃၁၀၀၀ ကျပ်နှုန်းသို့ ဈေးမြင့်လာသကဲ့သို့ ကွမ်းသီးဈေးနှုန်းမှာလည်း မြိတ်ဒေသတွင် ငွေကျပ် ၅၀၀၀၊ ကော့သောင်း-ထားဝယ်ဒေသတွင်ငွေကျပ် ၄၆၀၀၀ နှုန်းသို့ ဈေးမြင့်လာသဖြင့် မော်လမြိုင်ကျွန်းဒေသမှ နေ့စဉ်ကွမ်းသီးအိတ်(အစို)၊ ဆန်အိတ်များ ရန်ကုန်သို့ တင်ပို့မှုများလာသကဲ့သို့ အထက်အညာဒေသသို့ အညာဆန်မော်တော်ကြီးများဖြင့် စင်းလုံးတင်ပို့မှုရှိလာသည်ဟု ဇူလိုင် ၁၉ ရက်က ဒေသခံ ခရီးသည်တစ်ဦးက ဆိုသည်။

ယခုလပိုင်း မြစ်ဝကျွန်းပေါ်ဒေသတွင် မိုးစပါးစိုက်ပျိုးရာတွင် အချို့လယ်ကွင်းများစိုက်ပျိုးပြီးစီးနေသည်ကို မြင်တွေ့ကြရာ မိုးကောက်စောစပါးများဈေးကွက်သို့ စက်တင်ဘာလကုန်တွင် စတင်ဝင်ရောက်နိုင်ကြောင်း၊ ဆန်စပါး အဓိက ထွက်ရှိရာ မြစ်ဝကျွန်းပေါ်ဒေသများတွင် စပါးအများအပြား လက်ကျန်ရှိနေသေးကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ လယ်လုပ်ကိုင်သူတစ်ဦးကဆိုသည်။

ကောက်စောစပါး စတင်ထွက်ပေါ်ရန် နှစ်လမျှသာ လိုအပ်နေကြောင်း၊ ဆည်ရေသောက် နွေစပါးများဈေးကွက်သို့ ဝင်ရောက်နေခြင်းကြောင့် မြင့်တက်နေသော ဆန်ကြမ်းဈေးနှုန်းထပ်မံမြင့်တက်ရန် အလားအလာနည်းကြောင်း၊ ဈေးနှုန်းအမြင့်တွင် လှောင်လက်များထုတ်ရောင်းနိုင်ပြီး စပါးကြမ်းများ ဈေးနှုန်းအမြင့်တွင်ရှိရန် အချိန်ကာလ မှာ နှစ်လသာရှိသဖြင့် စားသုံးသူများ သောက ဖြစ်ရန်မလိုကြောင်း ဆန်စပါးလုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ကွမ်းသီးခြောက်များ ဈေးနှုန်းမြင့်သကဲ့သို့ ကွမ်းသီးစိုများမှာ တစ်လုံးလျှင် ဇူလိုင်လဆန်းပိုင်းတွင် ၆၀ကျပ်ဝန်းကျင်ရှိသော်လည်း ကွမ်းသီးသစ်ထွက်လာသည့် လလယ်ပိုင်းတွင် ၂၅ကျပ်ဝန်းကျင်သို့ ဈေးကျလာကြောင်း၊ ကွမ်းသီးခြောက်ဈေးနှုန်းနှင့်အတူ ကွမ်းသီးစိုများပါ ဈေးမြင့်ရ၍ ရန်ကုန်သို့ မော်လမြိုင်ကျွန်းဒေသမှ နေ့စဉ် တင်ပို့မှု များနေကြောင်း၊ ကွမ်းသီးဈေးနှုန်း ပုံမှန်ရှိသောနှစ်များတွင် ကွမ်းသီးစိုတစ်လုံးလျှင် ရှစ်ကျပ်မှ ကျပ် ၁၀ ဝန်းကျင်သာရှိပြီး အခြောက်ခံ သိုလှောင်ကြကာ အခွံခွာသည့်အချိန် တွင် ကွမ်းသီးစိုအလုံး ၁၀၀လျှင် ကွမ်းသီးခြောက် ၃၀ ကျပ်သား အလေးချိန်ရရှိသည်ဟု ကွမ်းသီးစိုဝယ်ယူ အခြောက်ခံသူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၀-၇-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၆၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၃၆၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၇၃၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၈၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၆၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၂၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၈၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၁၀၀၀-၁၄၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၃၅၀၀-၂၂၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၉၅၀၀
၈။	ကြက်	တစ်ပိဿာ	၅၈၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၅၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၅၀၀-၈၅၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၉၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၂-၉၇၉
ဥရောပ	တစ်ယူရို	၁၃၂၂-၁၃၃၀
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၇၉
ထိုင်း	တစ်ဘတ်	၃၂.၂-၃၀.၉
အိန္ဒိယ	တစ်ရူပီး	၁၄.၆-၁၅
တရုတ်	တစ်ယွမ်	၁၅၈-၁၆၇
မလေးရှား	တစ်ရင်းဂစ်	၃၀၀-၃၀၇

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

ဝယ်လိုအားထက် ရောင်းလိုအားများနေသည့် ဇုန်ကားများ စလစ်ဈေးထိုးကျ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ-ဘော်ဂါသွေး

ရန်ကုန် ဇူလိုင် ၂၀

ယာဉ်အိုယာဉ်ဟောင်း အပ်နှံမှုစနစ်အရ ဇုန်ထုတ်ကားများ အပ်နှံခြင်းကို ဇူလိုင် ၁၄ ရက်က စတင်၍ ဆောင်ရွက်နေကြပြီဖြစ်သည်။

ဇုန်ထုတ် ကားပိုင်ရှင်များနှင့် ဇုန်ထုတ်ကားများကို ကိုင်ထားသော ဝယ်ရောင်းပွဲစားများက စတင်သည့်နေ့မှာပင် သူ့ထက်ငါ စောစီးစွာ အပ်နှံနေကြပြီဖြစ်သည်။ တောင်ဥက္ကလာပမြို့နယ် ကညနရုံးဝင်းအတွင်း အပ်နှံမည့်ကားတန်းကြီးမှာ တစ်မျှော်တစ်ခေါ် ရှည်လျားစွာ တန်းစီနေကြသည်။ အထူးသဖြင့် ဇုန်ထုတ်ကားများကို ပိုမိုများပြားစွာ တွေ့မြင်နေရသည်။ ဇုန်ထုတ်ကားများ အပ်နှံမည့်နေ့ကို စောင့်ဆိုင်းနေကြသည်မှာ ကြာပြီဖြစ်သည်။

ဇုန်ထုတ်ကားများကို လက်ခံသွားမည်ဟု သတင်းထုတ်ပြန်သည့်ရက်က ငွေကျပ်သိန်း ၅၀ ဝန်းကျင်ရှိနေ သော ဂျစ်ကားများနှင့် အခြားဇုန်ထုတ်ကားများ ငွေကျပ်သိန်း ၇၀ အထိ ဈေးခုန်တက်သွားသည်ဟု ဝယ်ရောင်း မိတ်ဆွေတစ်ဦးက သတင်းစကားဆိုခဲ့သည်။ ဝယ်ရောင်းသမားအချို့က ခပ်ပါးပါးအမြတ်နှင့် တွက်၍ ဈေးပေးကာ ဇုန်ထုတ်ကားများကို စုဆောင်းထားကြသည်။

ဇုန်ထုတ်ကားများကို ဖျက်သိမ်းအပ်နှံခွင့်ပြု၍ အစားထိုးတင်သွင်းရာတွင် CIF အရ အမေရိကန်ဒေါ်လာ ၁၅၀၀၀ နှင့် ၄င်းအောက် ယာဉ်များကိုသာ အစားထိုးတင်သွင်းခွင့်ပြု၍ အခွန်ငွေ ၂၀ ရာခိုင်နှုန်းလျှော့ပေါ့ပေးထားသည်ဟုဆိုကြသည်။

ဇုန်ထုတ်ကားများ စတင်လက်ခံသည့်နေ့တွင် မှန်းချက်နှင့်နှမ်းထွက်မကိုက်ဆိုသကဲ့သို့ ဂျစ်ကားအပါအဝင်ဇုန်ထုတ်ကား စလစ်ဈေးများ ထိုးကျသွားခဲ့သည်။ ကျပ် သိန်း ၅၀၊ ၅၅ အကြားဈေးဖြစ်သွားခဲ့သည်။ ၁က/. . . ကားစလစ်ဈေး မှာလည်း ကျပ်သိန်း ၁၁၀ ဝန်းကျင်မှ ကျပ် ၈၅ သိန်းအနီးသို့ ကျသွားခဲ့သည်။ သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေး စခန်းမှ ဦးတင်လှိုင်က ဇူလိုင် ၁၅ ရက်နေ့က ဇုန်ကားပစ်ကပ်လေးများအပ်တာ၊ စလစ်ဈေးငွေကျပ် ၄၇ သိန်းပဲရတော့တယ်” ဟု အတည်ပြုစကား ဆိုခဲ့သည်။ ဇူလိုင် ၁၈ ရက်တွင် ပိုမိုကျဆင်းလာခဲ့သည်။ ဇုန်ကားအားလုံးစလစ်ဈေး ငွေကျပ် ၄၂ သိန်း၊ ၄၃ သိန်းသာရှိတော့သည့် သက်တမ်းလွန် နယ်လိုင်စင်သုံးဘီးကားလေးများမှာ စလစ်ဈေးငွေကျပ်ကိုးသိန်းဝန်းကျင်သာ ရှိပြီးမောင်း၍ရနေသည်။ သုံးဘီးလေးမှာ စလစ်ဈေးငွေကျပ် ၁၅ သိန်းဝန်းကျင်ရှိနေသည်ဟု ရောင်းဝယ်ပြုလုပ်သူများထံမှ ကြားသိခဲ့ရသည်။

လက်ရှိဇုန်ကားများမှာ ဝယ်လိုအားထက်ရောင်းလိုအားလွန်စွာများပြားလျက်ရှိပြီး ယခုအခြေအနေအတိုင်းဆိုပါက စလစ်ဈေးများထပ်မံကျဆင်းလာဦးမည်ဟု ဟံသာဝတီ ယာဉ်ရောင်းဝယ်ရေး စခန်းမှ ဦးကျော်နိုင်က ပြောခဲ့သည်။

ဟိုမိန်းမြို့၌ ပဲပုပ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ဟိုမိန်း ဇူလိုင် ၂၀

ဟိုမိန်းမြို့နယ် နောင်ခမ်းကျေးရွာနှင့် မြို့အနီးဝန်းကျင်ကျေးရွာများရှိ တောင်သူများစိုက်ပျိုးထားသော ပဲပုပ်စိုက်ခင်းများသည် မိုးဦးကောင်းမွန်မှုကြောင့် ယခုနှစ်စိုက်ပျိုးရာသီတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ပဲပုပ်စိုက်တောင်သူများထံမှ သိရသည်။

“ကျွန်တော်တို့ဒေသမှာ သီးနှံမျိုးစုံတော့ စိုက်ပျိုးကြတယ်။ နေကြာ၊ နှမ်းတို့လည်းစိုက်တယ်။ ဒါပေမယ့် ဒေသရဲ့ ရာသီဥတုအခြေအနေကြောင့် စိုက်သလောက် အောင်မြင်ဖြစ်ထွန်းမှုကနည်းတော့ တောင်သူတွေက ဈေးကွက်မှာ ဈေးကောင်းရတဲ့ ပဲပုပ်ကို ပြောင်းပြီးစိုက်ပျိုးလာကြတယ်။ မနှစ်ကဆို ပဲပုပ်စိုက်တောင်သူတွေ တော်တော်ရကြပါတယ်။ ပဲပုပ်ကို တောင်သူတွေ အားလုံးနီးပါး စိုက်လာကြတယ်။ ယခင်နှစ်တွေထက် ဒီနှစ်မှာ ပဲပုပ်ပိုမိုစိုက်ပျိုးလာကြတာကို တွေ့ရတယ်”ဟု တောင်သူတစ်ဦးမှ ပြောသည်။

ရဲနောင်(iprd)

ဖခင်အမည်မှန်

အထက(၂) မြောက်ဥက္ကလာပ၊ နဝမတန်း(G) တွင် ပညာသင်ကြားနေသော မောင်ဖြိုးပြည့်စုံ၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၁၂/ဥကမ(နိုင်)၅၅၇၈၃၂ ဖြစ်ပါကြောင်း။

ဦးမောင်ထွေး



ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၄၁၆၆ Okkala L/T, P/U ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ခင်စု ၁၂/ရကန(နိုင်)၀၅၂၅၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာခြင်း

၃-၇-၂၀၁၄ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ ပါ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရွှေဝှမ်းထုပ်ကျေးရွာအုပ်စု၊ ပြည်သူ့ကောင်စီမှ ၈-၁၀-၁၉၈၆ ရက်စွဲဖြင့် လုပ်ပိုင်ခွင့်ချထားပေးသည့် ကွင်းအမှတ် ၅၉၅၊ ဦးပိုင် ၆ မြေကွက်နှင့်ပတ်သက်၍ အထက်တန်းရှေ့နေ ဒေါ်မာမာထွန်းမှ ၂၇-၆-၂၀၁၄ ရက်စွဲဖြင့် အသိပေးကြေညာခြင်းအား ကန့်ကွက်ခြင်းခေါင်းစဉ်ဖြင့် ကြော်ငြာခြင်းအား ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ် ၂၃ နေ (ဘ)ဦးဘအေး၏သမီးကြီးဖြစ်သူ ဒေါ်မြမြ ၁၂/ဗဟန(နိုင်)၀၆၈၀၇၉မှ ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြမြ ၁၂/ဗဟန(နိုင်)၀၆၈၀၇၉
ဖုန်း-၀၉-၄၂၂၅၁၄၃၅၀**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ချင်းပြည်နယ်၊ ကန်ပက်လက် (ပွိုင့် -၇၆၀၀) မိုက္ကရိုဝေ့ဗ်စခန်းအတွက် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ တည်ဆောက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စက်မှုအဆောက်အအုံ (၂၅ပေ×၁၅ပေ×၁၂ပေ) RC Slab အမိုးပါ
(ခ) ဝန်ထမ်းနေအိမ် (ပေ၄၀×၂၂ပေ×ပေ၂၀×၉ပေ) နှစ်ခန်းတွဲ
(ဂ) ၄၂ မီတာ တာဝါဖောင်ဒေးရှင်း
(ဃ) ခြံစည်းရိုးကာရံခြင်း(ဂိတ်သံပန်းတံခါးအပါ) (ပေ ၃၂၀)
(င) အုတ်ရေကန် (ဂါလန် ၄၅၀၀) (၁၀ပေ×၁၂ပေ×၆ပေ)
(စ) ရေလောင်းအိမ်သာ (၄ပေ×၄ပေ×၆ပေ) နှစ်လုံး

၂။ (က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - ၂၂-၇-၂၀၁၄ရက် (ရုံးချိန်)
(ခ) တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၈-၂၀၁၄ရက် ညနေ ၄း၀၀ နာရီ
(ဂ) တင်ဒါပေးသွင်းမည့်နေရာ - ပြည်နယ်မန်နေဂျာရုံး၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါလုပ်ငန်းကြီးကြပ်မှုကော်မတီ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဟားခါးမြို့၊
ဖုန်း-၀၇၀-၂၁၁၀၁၊ ၀၇၀-၂၁၁၉၀၊ ၀၇၀-၂၁၁၁၁**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
နိုင်ငံတကာကျောင်းများနှင့် နိုင်ငံတကာသင်ရိုးဖြင့်သင်ကြားသော
ပြည်တွင်းပုဂ္ဂလိကကျောင်းများမှ
ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာကျောင်းများနှင့်
ဝန်ကြီးဌာနမှခွင့်ပြုထားသော
ကိုယ်ပိုင်ကျောင်းများတွင် ပြောင်းရွှေ့ပညာသင်ကြားလိုသူများအတွက်
Placement Test ဖြေဆိုရန် လျှောက်လွှာခေါ်ယူခြင်း(ဒုတိယအကြိမ်)**

Placement Test ဖြေဆိုရန် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရပါမည်-

(၁) လျှောက်ထားသူသည် မိမိတက်ရောက်ခဲ့သည့်ကျောင်းမှ ဖြေဆိုအောင်မြင်ခဲ့သည့် Level ကို ကျောင်း၏ထောက်ခံချက်မူရင်း (သို့မဟုတ်) အောင်လက်မှတ်မူရင်းဖြင့် တင်ပြလျှောက်ထားရမည်။
(၂) မွေးသက္ကရာဇ်အတွက် မူရင်းမွေးစာရင်း (သို့မဟုတ်) အသက်အတွက် ထောက်ခံချက်တစ်ခုခုဖြင့် တင်ပြလျှောက်ထားရမည်။
(၃) လျှောက်ထားသူသည် မိမိသင်ကြားပြီးမြောက်ခဲ့သော Level အရ တက်ရောက်သင်ကြားလိုသောအတန်း၏ တစ်ဆင့်နိမ့်အတန်းကို Placement Test ဖြေဆိုရမည်။
(၄) ပညာရေးဝန်ကြီးဌာန၏ အတန်းအလိုက်သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းအတိုင်း ဘာသာရပ်များကို ဖြေဆိုရမည်။
(၅) ဖြေဆိုလိုသောအတန်းနှင့်ကျောင်း၊ မွေးသက္ကရာဇ်အရ အသက်ကိုက်ညီမှုရှိရမည်။
(၆) ၂၀၁၄ ခုနှစ် ဇွန်လတွင် ကျင်းပခဲ့သော Placement Test ကို မဖြေဆိုလိုက်ရသူများဖြစ်ရမည်။
(၇) Placement Test ဖြေဆိုခွင့်လျှောက်လွှာများကို အမှတ်(၁)၊ (၂)အခြေခံပညာဦးစီးဌာနများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများတွင်လည်းကောင်း၊ အမှတ်(၃) အခြေခံပညာဦးစီးဌာနအတွက် လက်ထောက်ညွှန်ကြားရေးမှူး (သင်ကြား) ရုံးခန်း၊ အမှတ် (၅၉၁)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်တွင်လည်းကောင်း ၂၁-၇-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အခမဲ့ထုတ်ယူပြီး ၂၀၁၄ခုနှစ် သြဂုတ် ၁ ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

ပညာရေးဝန်ကြီးဌာန

HIV ရောဂါခံစားနေရသူ ရေကန်ထဲဆင်း၍ အဆုံးစီရင်မှုဖြစ်

ပျဉ်းမနား ဇူလိုင် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် HIV ခံစားနေရသူ တစ်ဦး ဘဝကို အရှုံးပေး၍ မိမိကိုယ်မိမိ ရေကန်ထဲဆင်း၍ အသက် အဆုံးစီရင်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၈ ရက် မွန်းတည့် ၁၂ နာရီ ၁၅ မိနစ်က ဒုရဲအုပ်မင်းဇော်ဟန် ပျဉ်းမနားမြို့မ ရဲစခန်းတွင် တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ပျဉ်းမနားမြို့၏အထင်ကရ အပန်းဖြေနေရာတစ်ခုဖြစ်သည့် မင်္ဂလာရှမ်းကန်ထဲသို့ အမျိုးသမီးတစ်ဦးဆင်းသွားရာမှ ပြန်ပေါ်လာခြင်းမရှိကြောင်း သတင်းရရှိ၍ ပျဉ်းမနား မြို့မရဲစခန်းမှူး ဒုရဲမှူး မျိုးသန်းဝင်း၊ ရန်အောင်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကြည်ခိုင်မင်းတို့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မင်္ဂလာရှမ်းကန် တောင်ဘက်ကမ်းစပ်နှင့် ခြောက်ပေခန့်အကွာ အနက်ခြောက်ပေခန့်ရှိ ရေထဲမှ အမျိုးသမီးအလောင်းကို မွန်းတည့် ၁၂ နာရီ ၃၇ မိနစ်တွင် ပြန်လည်ဆယ်ယူရရှိခဲ့ပြီး စစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမတွေ့ရှိ၍ ကမ်းစပ်တွင် ကျန်ရှိသည့် လက်ဆွဲကွင်းပါသော ပလတ်စတစ်အိတ်အဖြူရောင်ကို ကြည့်ရှုစစ်ဆေးရာ ၎င်းအိတ်ထဲတွင် အမျိုးသမီးအဝတ်အစားများနှင့် ဆေးရုံမှ ဆင်းလာသည့် ဆေးမှတ်တမ်းစာရွက်များ တွေ့ရ၍ HIV ရောဂါ ခံစားနေရသူတစ်ဦးဖြစ်ကြောင်း သိရသဖြင့် အလောင်းကို ရဲဆေးစာဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့အပ်ခဲ့ရာ PR အမှတ် (၁၀)ဖြင့် မှုခင်း ဆရာဝန်ကြီး ဒေါက်တာသန့်ကျော်က လက်ခံထားရှိပြီး ပျဉ်းမနား ရဲစခန်းမှ ဒုရဲမှူးမျိုးသန်းဝင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ခင်ဦးမြို့နယ်၌ ကောက်စိုက်သမများ ထော်လာဂျီပေါ်မှပြုတ်ကျ

ခင်ဦး ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ထော်လာဂျီဖြင့် ကောက်စိုက်သွားစဉ် လမ်းပေါ်မတက်နိုင်၍ နောက်ပြန်လျှောကျပြီး ကောက်စိုက်သမများ ပြုတ်ကျခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြစ်တော်ကျေးရွာအနောက်ဘက် SMC တူးမြောင်း ခင်ဦး-မုံရွာ ရထားသံလမ်းကူးအတက်တွင် မြစ်တော်ရွာမှ ခိုင်မင်း (၃၀)နှစ် မောင်းနှင်လာသော ထော်လာဂျီသည် လမ်းပေါ်မတက်နိုင်ဘဲ နောက်ပြန်လျှောကျခဲ့ရာ ယာဉ်ပေါ်လိုက်ပါလာသော ကောက်စိုက်သမ ၁၀ ဦးမှာ ထော်လာဂျီပေါ်မှ ပြုတ်ကျ၍ ဒဏ်ရာများရရှိသဖြင့် ခင်ဦးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ထော်လာဂျီကို မဆင်မခြင်မောင်းနှင်သော ယာဉ်မောင်းခိုင်မင်းကို ခင်ဦးရဲစခန်းက အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

ခင်ဦး-စိုးဝေ

လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီး

မော်လမြိုင် ဇူလိုင် ၂၀

မွန်ပြည်နယ် ပေါင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် နံနက် ၇နာရီ ၄၅ မိနစ်က ပေါင်မြို့ ပေါင်ရပ်ကွက် ဘူတာလမ်းထိပ် ရန်ကုန်-မော်လမြိုင် ကားလမ်းပေါ်၌ ယာဉ်မောင်းကျော်နိုင် (၃၁နှစ်) မောင်းနှင်လာသည့် Custom အမျိုးအစားယာဉ်အမှတ် 4F/ ----- အဖြူရောင်ယာဉ်ကို စစ်ဆေးရာ လိုင်စင်မဲ့ မော်တော်ယာဉ်ဖြစ်သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ပေါင်မြို့မရဲစခန်းမှ ကျော်နိုင်ကို ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး အလားတူ သထုံမြို့နယ် သုဓမ္မဝတီရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၈ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ က သထုံမြို့နယ် ကမာစိုင်ကျေးရွာ ကွက်သစ်ပိုင်း သထုံ-ဘီးလင်း ကားလမ်းဘေး၌ Caldina အမျိုးအစား ယာဉ်အမှတ် 6G/-----အဖြူရောင်ယာဉ်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်နှင့် ပတ်သက်၍ သုဓမ္မဝတီရဲစခန်းမှ ကုန်းလမ်းပို့ဆောင်ရေးနှင့် ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ မေးမြန်းပြီး ကျင့် ၅၂၃/၅၂၄ အရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမဟာ

၂၂ ဘီးယာဉ် လမ်းချော်ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွား

ရေတာရှည် ဇူလိုင် ၂၀

နိုင်ငံအနှံ့အပြားတွင် ကုန်စည်စီးဆင်းမှု အားကောင်းလာသည်နှင့် အမျှ ကုန်တင်ယာဉ်ကြီးများကို အဓိကအားဖြင့် သုံးစွဲလာကြသည်ကို တွေ့ရှိရသည်။ ယခုနောက်ပိုင်း ယာဉ်မတော်တဆမှုများဖြစ်ပွားရာတွင် ၂၂ ဘီး ကုန်တင်ယာဉ်ကြီးများ မကြာခဏဆိုသလိုဖြစ်ပွားလေ့ရှိရာ ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တောင်ဘက်အဝင် ရန်ကုန်-မန္တလေးကားလမ်းပေါ်တွင် အရှိန်ဖြင့် မောင်းနှင်လာသော ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး လမ်းချော်မှုဖြစ်ကာ လမ်းပိတ်ဆို့မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးကားလမ်းအတိုင်း မြောက်မှတောင်သို့ ဦးသိန်းတင် (၅၆ နှစ်) မြန်အောင်မြို့နေသူ မောင်းနှင်သည့် 7G/---၂၂ ဘီးကွန်တိန်နာဘောက်စ်တင်ယာဉ်သည် ကားလမ်းမိုင်တိုင်အမှတ် (၁၉၁/၀)မြို့မ ဘောလုံးကွင်းအနီး အရောက်တွင် လမ်းချော်မှုဖြစ်ပွားရာမှ ယာဉ်၏ဦးခေါင်းပိုင်းနောက်ပြန်လည်ပြီး ကားလမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။ ရေတာရှည်မြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး ကျော်ဇေယျ၊ တာဝန်မှူး ဒုရဲအုပ်သိန်းမြင့် ဦးစီးရဲတပ်ဖွဲ့ဝင်များက ကုန်တင်ယာဉ်ကြီးကို ရှင်းလင်းဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၂၀ တွင် လမ်းကြောင်းပွင့်သွားခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ဘိန်းဖြူ၊ ပစ္စတိုတစ်လက်၊ ဆက်စပ်ပစ္စည်းများနှင့် ဘတ်ငွေ ၆၅၀၀၀ တို့ ဖမ်းဆီးရမိ

တာချီလိတ် ဇူလိုင် ၂၀

ဇူလိုင် ၁၉ ရက် ညနေ ၆ နာရီ ၁၅ မိနစ်ခန့်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာ အုပ်စု ပန်ကူ(အောက်)ကျေးရွာနှင့် ကျောက်လိုဏ်ဂူ တပ်စခန်းအကြား ရှိ တံတားအနီးတွင် ပိတ်ဆို့ရှာဖွေ စစ်ဆေးမှု ပြုလုပ်နေစဉ် မိုင်းဆတ်မြို့နယ် ပူနားကိုကျေးရွာဘက်မှ တာချီလိတ်မြို့နယ်ဘက်သို့ ကျကွင်း မောင်းနှင်ပြီး ကျဘိုနှင့် နန်းစံခမ်းတို့ စီးနင်းလိုက်ပါလာသည့် 1G/---နံပါတ်ပါ Vigo အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေ စစ်ဆေးရာ မော်တော်ယာဉ်အတွင်း သယ်ဆောင်လာသည့် ဘိန်းဖြူဘလောက်တုံး ၄၀ (အလေးချိန် ၁၄ ကီလို) ကာလတန်ဖိုးငွေကျပ် သိန်းပေါင်း ၂၂၄၀ ကို လည်းကောင်း၊ အမေရိကန်နိုင်ငံထုတ် 5202 နံပါတ်ပါ ပွိုင့် ၃၈ ပစ္စတို သေနတ်တစ်လက်၊ ၎င်းကျည်ကတ် နှစ်ကတ်၊ ကျည် ၁၄ တောင့်နှင့် ထိုင်းနိုင်ငံသုံး ဘတ်ငွေ ၆၅၀၀၀ တို့ကို လည်းကောင်း စစ်ဆေးဖမ်းဆီးရရှိခဲ့သည်။

ဖမ်းဆီးရမိ ပြစ်မှုကျူးလွန်သူ ကျကွင်းနှင့် ဇနီးဖြစ်သူ နန်းစံခမ်းတို့၏ အစစ်ခံချက်အရ ၎င်းတို့နေထိုင်ရာ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ)ရပ်ကွက်ကို ဇူလိုင် ၂၀ ရက် နံနက် ၃ နာရီတွင် ဆက်လက်ရှာဖွေစစ်ဆေးရာ ဘိန်းဖြူ ဘလောက်တုံးတစ်တုံး (အလေးချိန် ၀ ဒသမ ၃၅ ကီလိုဂရမ်) ကာလတန်ဖိုးငွေကျပ် ၅၆ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ တန် အရွက် ၁၁၀ (စုစုပေါင်းဒေါ်လာ ၁၁၀၀၀)တို့ကို ရှာဖွေသိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပညာရေးဝန်ကြီးဌာန
အမှတ်(၂)အခြေခံပညာဦးစီးဌာန
ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး
ရှမ်းပြည်နယ်၊ တောင်ကြီးမြို့

တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အောက်ဖော်ပြပါ ကျောင်းဆောင်သစ်များကို ဆောက်လုပ်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင်အသိအမှတ်ပြု လိုင်စင်ရ(အဖွဲ့အစည်း/ကုမ္ပဏီ/ကန်ထရိုက်တာ)များထံမှ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ ထည့်သွင်းနိုင်ရန် ခေါ်ယူအပ်ပါသည်။

၂။

စဉ်	ကျောင်းဦးရေ			လုပ်ငန်းအမျိုးအစား	မှတ်ချက်
	ရှမ်း(ရှေ့)	ရှမ်း(မြောက်)	ရှမ်း(တောင်)		
၁		၅		ပေ(၄၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၂	၁၈	၂၂	၆၅	ပေ(၆၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၃		၁		ပေ(၇၀×၃၀)၊ RCC နှစ်ထပ်အသစ်ဆောက်ရန်	
၄	၁	၆	၂	ပေ(၈၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၅	၄	၄	၁၄	ပေ(၉၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၆		၅	၁	ပေ(၁၀၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၇		၂	၁	ပေ(၁၀၀×၃၀)၊ RCC နှစ်ထပ်အသစ်ဆောက်ရန်	
၈	၆	၁၄	၁၅	ပေ(၁၂၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
၉			၁	ပေ(၁၅၀×၃၀)၊ RCC တစ်ထပ်အသစ်ဆောက်ရန်	
ပေါင်း	၂၉	၅၉	၉၉	ကျောင်း	

၃။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသေးစိတ်သိလိုသော အချက်အလက်များကို ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံး၊ တောင်ကြီးမြို့၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ခွဲ)လားရှိုးမြို့၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံး(ခွဲ) ကျိုင်းတုံမြို့များတွင် ရုံးချိန်အတွင်း လာရောက် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၈-၈-၂၀၁၄ရက် ညနေ ၁၆:၀၀ နာရီဖြစ်ပြီး အချိန်မီတင်သွင်းရန်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်း(တောင်) ဖုန်း-၀၈၁-၂၁၂၃၁၈၊ ၂၁၂၃၁၉
ရှမ်း(မြောက်)ဖုန်း-၀၈၂-၂၃၆၈၀၊ ၀၉-၂၅၉၀၄၀၇၆၄
ရှမ်း(အရှေ့)ဖုန်း-၀၈၄-၂၂၆၈၁၊ ၀၉-၄၁၀၀၉၆၉၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)

ရန်ကုန်တက္ကသိုလ် "သိပ္ပံပွဲခင်း-၂၀၁၄"

သိပ္ပံနည်းပညာဆိုင်ရာပြပွဲ
"သိပ္ပံပွဲခင်း-၂၀၁၄"အတွက် တက္ကသိုလ်၊ ကောလိပ်များ၊ ဝန်ကြီးဌာနများ၊
သိပ္ပံနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများကိုဖိတ်ခေါ်ခြင်း

ရန်ကုန်တက္ကသိုလ်မှ ကြီးမှူးကျင်းပမည့် သိပ္ပံနည်းပညာဆိုင်ရာပြပွဲနှင့် ဟောပြောပွဲ **"သိပ္ပံပွဲခင်း-၂၀၁၄"**ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ သင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊ သုတေသနလုပ်ငန်းသုံး စက်ကိရိယာများနှင့်ပတ်သက်သော သိပ္ပံနှင့် နည်းပညာဆိုင်ရာအသိပညာပြန့်ပွားလာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။

ကျင်းပမည့်နေရာ - အပန်းဖြေရိပ်သာ Recreation Centre(RC)၊ ရန်ကုန်တက္ကသိုလ်
ကျင်းပမည့်နေ့ရက် - ၂၃-၈-၂၀၁၄ ရက်(စနေနေ့)၊ ၂၄-၈-၂၀၁၄ ရက် (တနင်္ဂနွေနေ့)၊ ၂၅-၈-၂၀၁၄ ရက် (တနင်္လာနေ့)

ပါဝင်ပြသလိုသူများနှင့် စိတ်ပါဝင်စားသူများအားဖိတ်ခေါ်ခြင်း

အဆိုပါ**"သိပ္ပံပွဲခင်း-၂၀၁၄"**သို့ တက္ကသိုလ်၊ ကောလိပ်များ၊ ဝန်ကြီးဌာနများ၊ သိပ္ပံနည်းပညာဆိုင်ရာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများအား လာရောက်ပြသရန်ဖိတ်ခေါ်အပ်ပါသည်။ စိတ်ပါဝင်စားသူတိုင်း လာရောက်ကြည့်ရှုနိုင်ရန်လည်း ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်သိရှိလိုပါက-

ဒေါက်တာဖိုးကောင်း၊ ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း-၀၁-၅၀၂၀၇၈၊ ၀၉-၇၃၁၅၅၇၉၉ နှင့်
ဒေါက်တာအေးအေးမြင့်၊ ပါမောက္ခ၊ တက္ကသိုလ်များသိပ္ပံသုတေသနဌာန(URC)၊ ဖုန်း-၀၁-၅၀၂၀၇၄၊ ၀၉-၇၃၁၈၆၅၃၅ တို့ထံတွင် စုံစမ်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၈)လမ်း၊ အမှတ် ၁၁၉၁ ဟု ခေါ်တွင်သော ပေ(၃၀×၆၀)၊ အကျယ်အဝန်းရှိ မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့သည်ဟု အဆိုပြုသည့်ဒေါ်ရှောက်လီ ၁၃/ဟပတ(နိုင်)၀၁၃၀၃၈ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ၁၈-၇-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ခြံ၊ မြေ အရောင်းအဝယ်စရန်ပေးကတိစာချုပ် ချုပ်ဆို၍ စရန်ငွေတချို့တစ်ဝက်ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မို့မို့ဇင်ကို
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ
ရုံးလိပ်စာ- တိုက် (၉/၁၁)၊ အခန်း ၀၀၄ (မြေညီထပ်)၊ ၃၆လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၄၅၆၃၀

နိုင်ငံတကာအားကစားသတင်း

စောင့်ကြည့်ရမယ့် တန်းတက်လက်စတာအသင်း

မိုးမြင့်လင်းလက်

လာမယ့် ပရီမီယာလိဂ်ရာသီသစ်မှာ တန်းတက်လာတဲ့အသင်းကတော့ လက်စတာပဲ ဖြစ်ပါတယ်။ လက်စတာဟာ ပရီမီယာလိဂ်နဲ့ ကိုးနှစ်ကြာဝေးကွာခဲ့ပြီးမှ တစ်ကျော့ပြန်ရောက်ရှိလာတာဖြစ်လို့ ပရိသတ်တွေက စိတ်ဝင်တစား စောင့်ကြည့်နေကြပြီ ဖြစ်ပါတယ်။

၂၀၀၄ ခုနှစ်က စတင်ဝေးကွာခဲ့တဲ့ လက်စတာအသင်းဟာ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီမှာ ပရီမီယာလိဂ်ကို တန်းပြန်တက်ဖို့အတွက် ဝက်ဖို့ဒ်နဲ့ Play-off ယှဉ်ပြိုင်ကစားခဲ့ပေမယ့် ရှုံးခဲ့လို့ တန်းတက်ဖို့အခွင့်အရေး မရခဲ့ပါဘူး။

၂၀၁၃-၂၀၁၄ ဘောလုံးရာသီမှာတော့ ချန်ပီယံရှစ် ချန်ပီယံဖြစ်ခဲ့လို့ အခုနှစ်မှာတော့ ပရီမီယာလိဂ်ကို တက်ရောက်လာခွင့်ရှိခဲ့တာ ဖြစ်ပါတယ်။ ချန်ပီယံရှစ်မှာ ရမှတ်ပေါင်း ၁၀၂ မှတ်အထိ ရရှိခဲ့တာဖြစ်ပြီး ဘန်လေ၊ ကျူပီအာတို့နဲ့အတူ တန်းတက်ခွင့်ရရှိခဲ့ခြင်းဖြစ်တာမို့ လက်စတာရဲ့ ခြေစွမ်းကိုစောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

လက်စတာတို့ဟာ ပရီမီယာလိဂ်ကို (၄၇)ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ရာမှာ ချန်ပီယံတစ်ကြိမ်မှ မဖြစ်ခဲ့ဘဲ ချန်ပီယံရှစ်ပြိုင်ပွဲကို (၆၂)ကြိမ် ယှဉ်ပြိုင်ခဲ့တဲ့အခါ ချန်ပီယံ ခုနစ်ကြိမ်ဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အက်ဖ်အေပြိုင်ပွဲကို ၁၀၄ ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ပေမယ့် တစ်ကြိမ်မှ အက်ဖ်အေဖလားမရခဲ့ပါဘူး။ ဒါပေမယ့် ကွန်မြူနတီဒိုင်းကိုတော့ တစ်ကြိမ်ရရှိခဲ့ဖူးပါတယ်။

လက်စတာတို့ဟာ ပရီမီယာလိဂ်မှာတော့ အမြင့်ဆုံးအောင်မြင်မှုက ၁၉၉၉-၂၀၀၀ ပြည့်နှစ် ဘောလုံးရာသီဖြစ်ပြီး တန်းစီဇယား အဆင့်(၈)နေရာမှာ ရပ်တည်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် လာမယ့် ဘောလုံးရာသီမှာ လက်စတာရဲ့ အားထုတ်မှု၊ စွမ်းဆောင်မှုတွေ ဘယ်လောက်ကောင်းပြီး ဘယ်အဆင့်ထိ ရပ်တည်နိုင်မလဲဆိုတာ မြင်တွေ့ရတော့မှာ ဖြစ်ပါတယ်။

လာမယ့် ဘောလုံးရာသီအစမှာတော့ လက်စတာအသင်းဟာ အသင်းကြီးတွေဖြစ်တဲ့ အဲဗာတန်၊ ချယ်လ်ဆီး၊ အာဆင်နယ်တို့နဲ့ ဆက်တိုက်ယှဉ်ပြိုင်ရမှာဆိုတော့ အမှတ်ရရှိဖို့ ပြင်းထန်တဲ့ဖိအားတွေ စောင့်ကြိုနေပါတယ်။ လက်စတာတို့ဟာ အခုတန်းတက်လာတဲ့အသင်း သုံးသင်းထဲမှာ ခြေစွမ်းအကောင်းဆုံး ဖြစ်တာမို့ သူတို့ရဲ့ လုပ်အား ဘယ်လောက်အထိရှိတယ်၊ ဘယ်လောက်အထိ ပြနိုင်မယ်ဆိုတာလည်း စိတ်ဝင်စားစရာ ကောင်းနေပါတယ်။

ဒါကြောင့် လူဦးရေ သုံးသိန်းကျော်နေထိုင်တဲ့ လက်စတာစီးတီးမြို့ကိုယ်စားပြု လက်စတာအသင်းရဲ့ လာမယ့် ဘောလုံးရာသီခရီးစဉ်ဟာ ချောမွေ့နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

ခြေစမ်းပွဲနှင့် ဂိုးရလဒ်များ

သီဟ

နိုင်ငံတကာ ကလပ်ခြေစမ်းပွဲ ဇူလိုင် ၂၁/၂၂

အက်သလက်တီကို	-	မစ်ဒယ်ဘရော့	ညနေ ၄း၃၀
နော့စ်ကောင်တီ	-	ဘက်ဆစ်တပ်စ်	ည ၈း၃၀
ဖာရယ်ပီဆာလို	-	နာပိုလီ	ည ၉း၃၀
ယူအယ်လ်အမ်	-	အော့စ်ဘတ်	ည ၁၀း၃၀
ဒူးစ်ဘတ်	-	ဘိုင်ယန်မြူးနစ်	ည ၁၁း၄၅
ဘော်ဝက်စ်စတေး	-	ဂါလာတာစာရေး	ည ၁၂း၀၀
ဆွင်ဒန်တောင်း	-	ဆောက်သမ်တန်	နံနက် ၁း၀၀
ဟာရိဂိတ်	-	ဟားလ်စီးတီး	နံနက် ၁း၀၀
ဂူဆယ်လီ	-	ဟက်ဒါဖီးလ်	နံနက် ၁း၁၅

ကလပ်ခြေစမ်းပွဲ ဇူလိုင် ၁၉/၂၀ ဂိုးရလဒ်များ

ကတ်စ်ချီ	၀-၁၇	ဟော်ဖန်ဟိမ်း
ပရီစတွန်	၁-၂	လီဗာပူး
ဝင်ဘယ်ဒန်	၂-၃	ချယ်လ်ဆီး
ခရော်လေတောင်း	၀-၂	ဖူလ်ဟမ်
အက်ဖ်စီ ဟိုက်ဒန်ဟိမ်း	၃-၄	ဒေါ့မွန်
ဒါလင်တန်	၁-၅	ဆန်းဒါးလန်း
ဘိုရီဟမ်ဝုဒ်	၀-၂	အာဆင်နယ်
နရင်ဘတ်	၃-၁	ဗလင်စီယာ
အိုင်းယက်စ်	၃-၁	ဆိုစီဒက်
လေဗာကူဆင်	၁-၄	မာဆေး
လိုင်ယွန်	၄-၁	ရုက်တာဒိုးနက်စ်

ရီးရဲတိုက်စစ်မှူး ဂျူဗင်တပ်စ်ရောက်

ဂျူဗင်တပ်စ်က ရီးရဲမက်ဒရစ်တိုက်စစ်မှူး အယ်လ်ဗာရိုမိုရာတာကို ပေါင် ၁၅ ဒသမ ၈ သန်းဖြင့် ခေါ်ယူလိုက်သည်။ အသက် ၂၁ နှစ်ရှိ မိုရာတာကို ဂျူဗင်တပ်စ်က ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ခြင်းဖြစ်သည်။ ဂျူဗင်တပ်စ်နည်းပြသစ် အော်လီဂရီလက်ထက်တွင် ပထမဆုံး စာချုပ်ခဲ့ခြင်းဖြစ်သည်။ စပိန်နိုင်ငံသား မိုရာတာသည် ရီးရဲမက်ဒရစ်တွင် လေးနှစ်ကြာ ကစားခဲ့ပြီး ၃၉ ပွဲတွင် ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဝေါကော့သ်ရာသီအစ လွဲချော်မည်

အာဆင်နယ်တိုက်စစ်မှူး ဝေါကော့သ်သည် ပရီမီယာလိဂ်ရာသီအစတွင် ဒူးခေါင်းဒဏ်ရာကြောင့် လွဲချော်နိုင်သည်။ ၎င်းသည် ဩဂုတ်လကုန်ပိုင်းတွင် လေ့ကျင့်မှု ပြန်လည်စတင်လုပ်ဆောင်နိုင်မည်ဟု ဆိုသည်။

အသက် ၂၅ နှစ်ရှိ ဝေါကော့သ်သည် ပြီးခဲ့သည့်နှစ် ရာသီကုန်ခါနီးနှင့် ကမ္ဘာ့ဖလားတို့တွင်လည်း လွဲချော်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘရာဇီးနည်းပြခန့်မည်

လူးဝစ်စကိုလာရီ နုတ်ထွက်သွားပြီးနောက် ဘရာဇီးအသင်းက မကြာမီ နည်းပြသစ်ခန့်အပ်ဖွယ်ရှိသည်။ နည်းပြဟောင်းဒွန်ဂါသည် ဘရာဇီးနည်းပြ ဖြစ်လာနိုင်သည်။

၎င်းသည် ဘရာဇီးအသင်းကို ၂၀၀၆ မှ ၂၀၁၀ ခုနှစ်အတွင်း ကိုင်တွယ်ခဲ့သည်။ အခြားနည်းပြများဖြစ်သည့် ကိုရင်သီယန်နည်းပြနှင့် ဆော်ပေါလိုနည်းပြများလည်း ဖြစ်လာနိုင်သည်ဟု ဆိုသည်။

အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်း

အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁။)
၁၃၇၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်
(၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **ပြည်ထောင်စုအစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ပြည်ထောင်စုအသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။
(ဃ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။
(င) **နေပြည်တော်ကောင်စီမှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ နေပြည်တော်ကောင်စီက ဖွဲ့စည်းတာဝန်ပေးအပ်သော နေပြည်တော်ကောင်စီ အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့် အဖွဲ့ကို ဆိုသည်။
(စ) **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းတာဝန်ပေးအပ်သော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။
(ဆ) **ခရိုင်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော ခရိုင်အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။
(ဇ) **မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့** ဆိုသည်မှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဖွဲ့စည်းတာဝန်ပေးအပ်သော မြို့နယ်အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆောင်ရွက်ပေးသည့်အဖွဲ့ကို ဆိုသည်။
(ဈ) **အသင်းအဖွဲ့** ဆိုသည်မှာ ပြည်တွင်းအသင်းအဖွဲ့နှင့်အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့ကို ဆိုသည်။
(ည) **ပြည်တွင်းအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်နှင့်နိုင်ငံသားများ အကျိုးအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများနှင့်အညီ ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုခု အတွက်သော်လည်းကောင်း၊ အဖွဲ့ဝင်များ၏ ဘုံအကျိုးစီးပွား အတွက်သော်လည်းကောင်း ငါးဦး သို့မဟုတ် ငါးဦးထက်ပိုသော လူအများစုပေါင်း ဖွဲ့စည်းထားသည့် အကျိုးအမြတ်မယူသော နိုင်ငံတော်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ကို ဆိုသည်။ ယင်းစကားရပ်တွင် အသင်းအဖွဲ့များ၏ အဖွဲ့ခွဲများလည်း ပါဝင်သည်။
(ဋ) **အစိုးရမဟုတ်သောနိုင်ငံတကာအသင်းအဖွဲ့** ဆိုသည်မှာ နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်ပြီး ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် နိုင်ငံတော်အတွင်း လူမှုရေးလုပ်ငန်း တစ်ရပ်ရပ်ကိုဆောင်ရွက်ရန် ရည်ရွယ်သော အဖွဲ့အစည်းကို ဆိုသည်။
(ဌ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ပြည်တွင်း အသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ် သို့မဟုတ် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့အဖြစ် အသိအမှတ်ပြုလက်မှတ်တို့ကို ဆိုသည်။
(ဍ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။
(ဎ) **ဦးစီးဌာန** ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းကို ဤဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊
(ခ) အသင်းအဖွဲ့များကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်စေရန်၊
(ဂ) အသင်းအဖွဲ့များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများအကျိုးကို အထောက်အကူပြုနိုင်စေရန်၊
(ဃ) အသင်းအဖွဲ့များသည် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများထံမှ ဥပဒေနှင့်အညီ အကူအညီများရယူနိုင်ရန်၊
(င) လူမှုအဖွဲ့အစည်းများ ခိုင်မာအားကောင်းစေရန်။

အခန်း(၃)
မှတ်ပုံတင်ရေးအဖွဲ့ အဆင့်ဆင့်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၄။ အသင်းအဖွဲ့များမှတ်ပုံတင်ရေးအတွက် မှတ်ပုံတင်ရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊
(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊
(ဂ) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊
(င) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊
(စ) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။

၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁)	ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန	ဥက္ကဋ္ဌ
(၂)	ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံး	အဖွဲ့ဝင်
(၃)	ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန	အဖွဲ့ဝင်
(၄)	ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန	အဖွဲ့ဝင်
(၅)	ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဦးစီးဌာန	အဖွဲ့ဝင်
(၆)	ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၇)	ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး	တွဲဖက်အတွင်းရေးမှူး

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁)	လူမှုရေးရာဝန်ကြီး	ဥက္ကဋ္ဌ
(၂)	တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရဲတပ်ဖွဲ့မှူး	အဖွဲ့ဝင်
(၃)	တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသင်း အဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး	အဖွဲ့ဝင်များ
(၄)	ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၅)	တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေအရာရှိ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး	တွဲဖက်အတွင်းရေးမှူး

(ဂ) နေပြည်တော်ကောင်စီသည် နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁)	နေပြည်တော်ကောင်စီဝင်တစ်ဦး	ဥက္ကဋ္ဌ
(၂)	နေပြည်တော်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(၃)	နေပြည်တော်ကောင်စီအသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး	အဖွဲ့ဝင်များ
(၄)	ညွှန်ကြားရေးမှူး၊ နေပြည်တော်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၅)	ခရိုင်ဥပဒေအရာရှိတစ်ဦး၊ ခရိုင်ဥပဒေရုံး	တွဲဖက်အတွင်းရေးမှူး

(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းရမည် -

(၁)	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီဝင်တစ်ဦး	ဥက္ကဋ္ဌ
(၂)	ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(၃)	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသင်းအဖွဲ့များမှကိုယ်စားလှယ်နှစ်ဦး	အဖွဲ့ဝင်များ
(၄)	လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၅)	ဥက္ကဋ္ဌက တာဝန်ပေးအပ်သော သက်ဆိုင်ရာဥပဒေအရာရှိ	တွဲဖက်အတွင်းရေးမှူး

(င) ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသည် ခရိုင်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(၁)	ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(၃)	ခရိုင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး	အဖွဲ့ဝင်များ
(၄)	လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၅)	ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ဥပဒေရုံး	တွဲဖက်အတွင်းရေးမှူး

(စ) မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် -

(၁)	မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	ဥက္ကဋ္ဌ
(၂)	မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့	အဖွဲ့ဝင်
(၃)	မြို့နယ်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်နှစ်ဦး	အဖွဲ့ဝင်များ
(၄)	ဦးစီးအရာရှိ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန	အတွင်းရေးမှူး
(၅)	မြို့နယ်ဥပဒေအရာရှိ၊ မြို့နယ်ဥပဒေရုံး	တွဲဖက်အတွင်းရေးမှူး

၆။ မှတ်ပုံတင်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) အသင်းအဖွဲ့များက မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားခြင်းများနှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊
(ခ) ပြည်တွင်း အသင်းအဖွဲ့များအား မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်း၊
(ဂ) အသင်းအဖွဲ့များအား ဥပဒေနှင့်အညီ ဆောင်ရွက်စေခြင်းနှင့် ကူညီပေးခြင်း၊
(ဃ) အသင်းအဖွဲ့များ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊
(င) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးခြင်းကိုလည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်လိုသော ပြည်တွင်းအသင်းအဖွဲ့တို့ကို မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်းနှင့် လဲလှယ်ပေးခြင်းတို့ကို လည်းကောင်း ဆောင်ရွက်ခြင်း၊
(စ) ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကိုလည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိရပါက မှတ်ပုံတင် လက်မှတ်လဲလှယ်ခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းကို ငြင်းပယ်ခြင်း။

အခန်း(၄)
ပြည်တွင်းအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၇။ ပြည်တွင်းအသင်းအဖွဲ့များသည် ဆန္ဒအလျောက် မှတ်ပုံတင်လိုပါက အသင်းအဖွဲ့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် တာဝန်ခံပုဂ္ဂိုလ်သည် သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ အောက်ပါအချက်များကို ဖော်ပြ၍ လျှောက်ထားရမည်-

(က) အသင်းအဖွဲ့အမည်၊
(ခ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊
(ဂ) စတင်တည်ထောင်သည့်နေ့၊
(ဃ) ရည်ရွယ်ချက်၊
(င) လုပ်ငန်းစဉ်၊
(စ) အမှုဆောင်ဦးရေ၊
(ဆ) အသင်းဝင်ဦးရေ၊
(ဇ) အသင်းပိုင်ငွေကြေးနှင့်ပစ္စည်းစာရင်း၊
(ဈ) ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊
(ည) ဖွဲ့စည်းပုံနှင့်စည်းမျဉ်း၊
(ဋ) သီးခြားတင်ပြချက် (ရှိလျှင်)၊
(ဌ) လျှောက်ထားသည့်ရက်စွဲ။

၈။ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၇ အရ လျှောက်ထားသော အသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း(အစိုးရရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး-

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့်လုံခြုံရေးကို ထိခိုက်နိုင်ရန် အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့်နေ့မှစ၍ မှတ်ပုံတင်လက်မှတ်ကို အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူအားထုတ်ပေးရမည်-

(၁)	ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊	၉၀ ရက်
(၂)	တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊	၆၀ ရက်
(၃)	နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊	၆၀ ရက်
(၄)	ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊	၃၀ ရက်
(၅)	ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊	၃၀ ရက်
(၆)	မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။	၃၀ ရက်

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့မှာ မှတ်ပုံတင်ကြေးပေးသွင်းရန်လိုအပ်သည့် အသင်းအဖွဲ့ဖြစ်ပါက မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းမပြုမီ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းစေရမည်။
(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်း ဆုံးဖြတ်ပါက

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

ကျိုးကြောင်း ပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ပြန်ကြားစာကို ထိုသို့ဆုံးဖြတ်သည့်နေ့မှစ၍ အောက်ဖော်ပြပါ သတ်မှတ်ကာလအတွင်း လျှောက်ထားသူထံ ပြန်ကြားရမည်-

(၁) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်
(၃) နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့၊ ၃၀ ရက်
(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့၊ ၁၅ ရက်
(၅) ခရိုင်မှတ်ပုံတင်ရေးအဖွဲ့၊ ၁၅ ရက်
(၆) မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့။ ၁၅ ရက်

၉။ မှတ်ပုံတင်ပေးရန်လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားနိုင်သည်။

၁၀။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော ပြည်တွင်း အသင်းအဖွဲ့သည် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးကျပ်တစ်သိန်း သတ်မှတ်သည်။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင် ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အတွင်းတွင် လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ် သတ်မှတ်သည်။

၁၂။ နေပြည်တော်ကောင်စီ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် နေပြည်တော်ကောင်စီနယ်နိမိတ်အတွင်းတွင် လှုပ်ရှား ဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး သုံးသောင်းကျပ်သတ်မှတ်သည်။

၁၃။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင် ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေးပေးသွင်းရန်မလို။

၁၄။ ခရိုင်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ ခရိုင်အတွင်းလှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

၁၅။ မြို့နယ်မှတ်ပုံတင်ရေးအဖွဲ့တွင် မှတ်ပုံတင်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်အတွင်း လှုပ်ရှားဆောင်ရွက်ခွင့်ရှိသည်။ မှတ်ပုံတင်ကြေး ပေးသွင်းရန်မလို။

အခန်း(၅)
အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များကို မှတ်ပုံတင်ခွင့်ပြုခြင်း

၁၆။ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့တစ်ခုခုသည် မှတ်ပုံတင် လက်မှတ်ရရှိရန် အောက်ပါအချက်များကိုဖော်ပြ၍ ယင်းအသင်းအဖွဲ့၏ တာဝန်ခံက ပြည်ထောင်စုမှတ်ပုံတင်ရေး အဖွဲ့သို့ လျှောက်ထားရမည်-

(က) အသင်းအဖွဲ့အမည်၊
(ခ) အကြီးအကဲအမည်၊
(ဂ) တာဝန်ခံအမည်၊
(ဃ) တည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊
(င) အသင်းအခြေစိုက်နိုင်ငံ၊
(စ) မြန်မာနိုင်ငံတွင်ဆောင်ရွက်မည့်လုပ်ငန်း၊
(ဆ) ဆက်သွယ်ဆောင်ရွက်မည့်ဝန်ကြီးဌာနများ၊
(ဇ) လုပ်ငန်းစီမံချက်၊
(ဈ) အမှုဆောင်အဖွဲ့ဝင်ဦးရေ၊
(ည) ရုံးခွဲတည်နေရာနှင့်ဆက်သွယ်ရန်လိပ်စာ၊
(ဋ) ရုံးခွဲတာဝန်ခံအမည်၊
(ဌ) လျှောက်ထားသည့်ရက်စွဲ။

၁၇။ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် ပုဒ်မ ၁၆ အရ လျှောက်ထား သောအသင်းအဖွဲ့အား လျှောက်ထားသည့်နေ့မှ ခုနစ်ရက်အတွင်း (အစိုးရ ရုံးပိတ်ရက်များမပါ) ယာယီမှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။ ဆက်လက်၍ သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး -

(က) နိုင်ငံတော်၏ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးကို ထိခိုက်နိုင် ရန်အကြောင်းမရှိပါက အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခြင်းကို စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုနိုင်သည်။ ထိုသို့ ခွင့်ပြုရန် ဆုံးဖြတ်ပါက လျှောက်လွှာလက်ခံရရှိသည့် နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို ထုတ်ပေးရမည်။

(ခ) မှတ်ပုံတင်ခွင့်ရရှိသည့် အသင်းအဖွဲ့သည် သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးသွင်းရမည်။ မှတ်ပုံတင်ကြေး တစ်သိန်း ကျပ်သတ်မှတ်သည်။

(ဂ) အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ခွင့်မပြုကြောင်းဆုံးဖြတ်ပါက ကျိုးကြောင်းပြည့်စုံစွာဖော်ပြ၍ မှတ်ပုံတင်ခွင့်မပြုကြောင်း ရက်ပေါင်း ၃၀ အတွင်း ပြန်ကြားစာကို လျှောက်ထားသူအား ပြန်ကြားရမည်။

၁၈။ မှတ်ပုံတင်ပေးရန်လျှောက်ထားသော အသင်းအဖွဲ့သည် သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်ခွင့်မပြုကြောင်း အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေး အဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည် လျှောက်ထားနိုင်သည်။

အခန်း(၆)
မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့များ

၁၉။ ဤဥပဒေအရ မှတ်ပုံတင်ခွင့်လျှောက်ထားရန်မလိုသော အသင်းအဖွဲ့ များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဘာသာရေး၊ သာသနာရေးနှင့် စီးပွားရေးသက်သက်ကိုသာ ကျင့်သုံးဆောင်ရွက်သော အသင်းအဖွဲ့များ၊
(ခ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရ ပြည်ထောင်စုရွေး ကောက်ပွဲကော်မရှင်သို့ လျှောက်ထားရမည့် နိုင်ငံရေးအသင်း အဖွဲ့များ၊
(ဂ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းထားသော အသင်းအဖွဲ့များ။

အခန်း(၇)
အသင်းအဖွဲ့များ၏ မှတ်ပုံတင်လက်မှတ်လဲလှယ်ခြင်းနှင့် သက်တမ်းတိုးခြင်း

၂၀။ မှတ်ပုံတင်လက်မှတ်ရရှိထားသော ပြည်တွင်းအသင်းအဖွဲ့များ သည် -

(က) သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ တစ်နှစ်တစ်ကြိမ် နှစ်ပတ် လည် အစီရင်ခံစာကို ငွေစာရင်း ရှင်းတမ်းနှင့်အတူ တင်ပြရမည်။
(ခ) နှစ်စဉ်နှစ်ပတ်လည်အစီရင်ခံစာ ပုံမှန်တင်ပြခြင်းဖြင့် ဆက်လက် တည်ရှိနေသည်ဟု မှတ်ယူ၍ ငါးနှစ်လျှင် တစ်ကြိမ်မှတ်ပုံတင် လက်မှတ် အသစ်လဲလှယ်ခွင့်ရှိသည်။
(ဂ) ပုဒ်မခွဲ(ခ)အရ လဲလှယ်ခြင်းအတွက် မှတ်ပုံတင်ကြေး ပေးဆောင် ရန်မလို။

၂၁။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အစိုးရ မဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့များသည် ငါးနှစ်လျှင် တစ်ကြိမ်သက်တမ်းတိုးခွင့်ရှိသည်။ သက်တမ်းတိုးခြင်းအတွက် သတ်မှတ်သည့် မှတ်ပုံတင်ကြေးကို ထပ်မံပေး ဆောင်ရမည်။

၂၂။ မှတ်ပုံတင်လက်မှတ်ရရှိထားသော အသင်းအဖွဲ့များသည် သက်ဆိုင်ရာ မှတ်ပုံတင်ရေး အဖွဲ့သို့ နှစ်ပတ်လည် အစီရင်ခံစာကို တစ်ဆက်တည်း ငါးနှစ် တင်ပြရန် ပျက်ကွက်ပါက ယင်းအသင်းအဖွဲ့သည် လှုပ်ရှားရပ်တည်ဆောင်ရွက် မှုမရှိဟု မှတ်ယူမည်ဖြစ်ပြီး ဆက်လက်လှုပ်ရှား ဆောင်ရွက်လိုပါက မှတ်ပုံတင် အသစ် လျှောက်ထားသကဲ့သို့ ပြန်လည်လျှောက်ထားရမည်။

၂၃။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ်လဲလှယ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် ပြည်တွင်း အသင်းအဖွဲ့များ သည် အကြောင်းပြန်ကြားစာ လက်ခံရရှိပါက ရက်ပေါင်း ၆၀ အထိ ဆက်လက် ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသော အကြောင်းရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

၂၄။ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့က မှတ်ပုံတင်လက်မှတ် သက်တမ်းတိုး ရန် ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ သို့မဟုတ် နိုင်ငံတစ်ဝန်းလုံးတွင် လှုပ်ရှားဆောင်ရွက် လိုသော ပြည်တွင်းအသင်းအဖွဲ့များသည် အကြောင်းပြန်ကြားစာ လက်ခံရရှိ သည့်နေ့မှ ရက်ပေါင်း ၁၂၀ အထိ ဆက်လက်ရပ်တည်နိုင်ခွင့်ရှိသည့်အပြင် ခွင့်မပြုသောအကြောင်းရင်းကို သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့နှင့်ဆွေးနွေး ၍ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်ပြီး ပြန်လည်လျှောက်ထားနိုင်သည်။

အခန်း(၈)
အသင်းအဖွဲ့များအား အကာအကွယ်ပေးခြင်းနှင့် အကျိုးခံစားခွင့်

၂၅။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်၏ဥပဒေနှင့်အညီ လှုပ်ရှား ဆောင်ရွက်မှုများကို ဝန်ကြီးဌာနနှင့် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်း များက ဥပဒေနှင့်အညီ ပံ့ပိုးကူညီခြင်းနှင့် အကာအကွယ်ပေးခြင်းပြုရမည်။

၂၆။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့တစ်ရပ်ရပ်သည် နိုင်ငံ တော်က ပေးအပ်သည့် အထောက်အပံ့များကို လက်ခံရယူခွင့်ရှိသည်။

၂၇။ မှတ်ပုံတင်ထားသည့် ပြည်တွင်းအသင်းအဖွဲ့များသည် နိုင်ငံတကာအစိုးရ တစ်ရပ်ရပ်ထံမှဖြစ်စေ၊ အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့ တစ်ရပ် ရပ်ထံမှဖြစ်စေ၊ ပြည်တွင်းအသင်းအဖွဲ့ တစ်ရပ်ရပ်ထံမှဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ထံမှဖြစ်စေ အထောက်အပံ့ကို တည်ဆဲဥပဒေများနှင့်အညီ လက်ခံရယူနိုင်သည်။

၂၈။ မှတ်ပုံတင်ထားသည့် ပြည်တွင်း အသင်းအဖွဲ့တစ်ရပ်ရပ်သည် တရားစွဲ ဆိုခွင့်၊ တရားစွဲဆို ခံပိုင်ခွင့်၊ ရန်ပုံငွေဖွင့်လှစ် တည်ထောင်ပိုင်ခွင့်၊ ဥပဒေနှင့် အညီ အလှူငွေကောက်ခံနိုင်ခွင့်၊ ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခွင့်နှင့် ရွှေ့ပြောင်း နိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည်။

၂၉။ မှတ်ပုံတင်ထားသည့် အသင်းအဖွဲ့တစ်ရပ်ရပ်သည် မိမိအသင်းအဖွဲ့၏ ကိုယ်ပိုင်တံဆိပ်၊ ကိုယ်ပိုင်အမှတ်အသား၊ ကိုယ်ပိုင်ဝတ်စုံ၏ ဒီဇိုင်းပုံစံတို့ကို သက်ဆိုင်ရာဥပဒေနှင့်အညီ မူပိုင်ခွင့်ရှိသည်။

အခန်း (၉)
အထွေထွေ

၃၀။ မည်သည့် နိုင်ငံရေးပါတီဝင်မဆို ဤဥပဒေအရဖွဲ့စည်းသော အသင်း အဖွဲ့များတွင် သက်ဆိုင်ရာ ပါတီကိစ္စမှအပ ဝင်ရောက်လှုပ်ရှားဆောင်ရွက် ခွင့်ရှိသည်။

၃၁။ မည်သည့် နိုင်ငံ့ဝန်ထမ်းမဆို ဤဥပဒေအရဖွဲ့စည်းသော အသင်းအဖွဲ့ များတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ဝင်ရောက်လှုပ်ရှားဆောင်ရွက်နိုင် သည်။

၃၂။ အသင်းအဖွဲ့များသည် အချင်းချင်းမိတ်ဖက်ပြုလုပ်၍ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အပြန်အလှန်တာဝန်ယူမှု၊ ရပိုင်ခွင့်နှင့် အခန်းကဏ္ဍ များ၌ ညီညွတ်မျှတသော အခြေအနေဖြစ်ရန် ဆောင်ရွက်ရမည်။

၃၃။ မှတ်ပုံတင်လက်မှတ် ရရှိထားသောအသင်းအဖွဲ့များသည် ခွင့်ပြုစဉ်က ဖော်ပြခဲ့သည့်ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်ကိုပြောင်းလဲ၍ လုပ်ကိုင်ဆောင် ရွက်လိုလျှင်ဖြစ်စေ၊ ကျော်လွန်ဆောင်ရွက်လိုလျှင်ဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ရမည်။

၃၄။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် မြို့နယ်အဆင့်မှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်သို့ တိုးချဲ့ဖွဲ့စည်းလိုပါက ဤဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ သက်ဆိုင်ရာမှတ်ပုံတင်ရေးအဖွဲ့သို့ တင်ပြလျှောက်ထား ဆောင်ရွက်ရမည်။

၃၅။ ပြည်တွင်းအသင်းအဖွဲ့တစ်ဖွဲ့သည် နိုင်ငံအတွင်း မည်သည့်ဘေး အန္တရာယ်မျိုးကိုမဆို ကြုံတွေ့ရသည့် ဒေသသို့ နယ်မြေကျော်လွန် ဆောင်ရွက် နိုင်ခွင့်ရှိပြီး ဆောင်ရွက်မည့် သက်ဆိုင်ရာဒေသ၏ အုပ်ချုပ်ရေးအဖွဲ့နှင့် မှတ်ပုံတင်ရေးအဖွဲ့သို့ အကြောင်းကြား၍ လှုပ်ရှားဆောင်ရွက်ရမည်။

၃၆။ မှတ်ပုံတင်ခြင်းမပြုရသေးသော အစိုးရမဟုတ်သော နိုင်ငံတကာ အသင်းအဖွဲ့တစ်ခုသည် နိုင်ငံအတွင်း မည်သည့်ဘေးအန္တရာယ်မျိုးကိုမဆို ကြုံတွေ့နေသည့်ဒေသတွင် လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လိုပါက ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ လျှောက်ထားရမည်။ ပြည်ထောင်စု မှတ်ပုံတင်ရေးအဖွဲ့က ယာယီမှတ်ပုံတင်ခွင့်လက်မှတ်ကို ဆောလျင်စွာ ထုတ်ပေးရမည်။

၃၇။ အသင်းအဖွဲ့တစ်ခုသည် ဖျက်သိမ်းခြင်း၊ အမည်ပြောင်းလဲခြင်း၊ အသင်း လိပ်စာပြောင်းလဲခြင်း ပြုလိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက်အတွင်း စာဖြင့်အကြောင်းကြားတင်ပြရမည်။

၃၈။ အသင်းအဖွဲ့ တစ်ခုသည် ယင်းအဖွဲ့တွင်ပါဝင်သော ပုဂ္ဂိုလ်များ ဆန္ဒ အလျောက် နုတ်ထွက်ခြင်း၊ ကွယ်လွန်ခြင်း၊ တစ်စုံတစ်ခုသော အကြောင်း ကြောင့် အသင်းအဖွဲ့ကိုယ်စားပြု ကိုယ်စားလှယ်များ ပြောင်းလဲခြင်းပြုလိုပါက ဖွဲ့စည်းမှတ်ပုံတင်ထားသော သက်ဆိုင်ရာ မှတ်ပုံတင်ရေးအဖွဲ့သို့ ခုနစ်ရက် အတွင်း စာဖြင့်အကြောင်းကြား တင်ပြရမည်။

၃၉။ အဆင့်ဆင့်သော မှတ်ပုံတင်ရေးအဖွဲ့များအတွက် အသင်းအဖွဲ့ ကိုယ်စားပြုကိုယ်စားလှယ်များကို နှစ်နှစ်လျှင်တစ်ကြိမ် အသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့် ညှိနှိုင်းရွေးချယ် တာဝန်ပေးအပ်နိုင်သည်။

၄၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ရာတွင် -

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီ ချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ကို ထုတ်ပြန်နိုင်သည်။
(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှတ်ပုံတင်ရေးအဖွဲ့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မှတ်ပုံတင်ရေးအဖွဲ့တို့သည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၄၁။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ(နိုင်ငံတော်ငြိမ်ဝပ်ပိပြား မှုတည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈)အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့်မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံး ဆောင်ရွက်ခွင့်ရှိသည်။

၄၂။ အသင်းအဖွဲ့များဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈) အရ မှတ်ပုံတင်၍ ဖွဲ့စည်း ထားရှိသောအသင်းအဖွဲ့များသည် ဤဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် အသင်းအဖွဲ့များအဖြစ်မှတ်ယူရမည်။

၄၃။ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ဥပဒေအမှတ် ၆/၈၈)အား ဤဥပဒေဖြင့် ရုပ်သိမ်း လိုက်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဗန်းမော်မြို့၌ ဒုတိယအကြိမ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

ဗန်းမော် ဇူလိုင် ၂၀

ကချင်ပြည်နယ် ဗန်းမော်မြို့ တွင် မြို့နယ်သမဝါယမဦးစီးဌာန နှင့် မြို့နယ်သမဝါယမအသင်းစုတို့ ပူးပေါင်း၍ တောင်သူလယ်သမား များ မိုးရာသီသီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် ဒုတိယအကြိမ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးလျက်ရှိကြောင်း သိရ သည်။

ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက မံရေးကျေးရွာ မြတာပိန်လယ်/ထွေ၊ သမဝါယမ အသင်းသား ၆၃ ဦး၊ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၇၄၄၀၀၀၀ နှင့် မအူပင်ကျေးရွာ စန္ဒာလယ်/ ထွေသမဝါယမအသင်းသား ၄၈ ဦး၊ စိုက်ပျိုးစရိတ် ချေးငွေကျပ် ၅၄၃၀၀၀၀၊ ညနေပိုင်းတွင် နမ့်ဖား ကျေးရွာ မြနန်းစံလယ်/ထွေ သမဝါယမအသင်းသား ၄၂ ဦး၊ စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၉၉၀၀၀၀ တို့ကို ထုတ်ချေးပေးခဲ့ပြီး ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် စင့်ကင် ကျေးရွာ၌ ဟေမွန်လယ်/ ထွေ သမဝါယမအသင်းသား ၄၁ ဦး စိုက်ပျိုးစရိတ်ထုတ်ချေးငွေကျပ် ၄၁၄၀၀၀၀၊ ညနေပိုင်းတွင် ရွှေကျီး နားကျေးရွာ၌ တာပိန်လယ်/ထွေ သမဝါယမအသင်းသား ၁၄၀၊ စိုက်ပျိုးစရိတ်ထုတ်ချေး ငွေကျပ် ၁၆၂ သိန်း စုစုပေါင်းစိုက်ပျိုးစရိတ် ချေးငွေကျပ် ၃၈၂ သိန်းတို့ကို ကျေးရွာများအရောက် ကွင်းဆင်း၍ အသင်းဝင်တောင်သူများအား ထုတ် ချေးပေးခဲ့ကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်မှန် ပေးဆောင်စို့

ပုဂ္ဂလိကကဏ္ဍ ပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအရ အစိုးရဌာနအသီးသီး၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများ

ရန်ကုန်မြို့တော်နေ ပြည်သူများ၏ ဆောက်လုပ်ခွင့်တင်ပြမှုကို ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်မြို့တော်နေ ပြည်သူလူထု၏ အဆောက်အအုံဆောက်လုပ်ခွင့် လျှောက်ထားရာတွင် ယခင်က ပြသရသည့် အထောက်အထား စာရွက်စာတမ်းအချို့ကို ပြသရန်မလိုတော့ဘဲ ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါသည်။ လျှောက်ထားလာမှုများအပေါ် သတ်မှတ်ရက်အတွင်း ခွင့်ပြုဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့် ကြန့်ကြာမှုများရှိပါကလည်း လုပ်ငန်းစဉ်အလိုက် တာဝန်ရှိသည့်ဝန်ထမ်းအဆင့်ဆင့်အား စိစစ်ကြပ်မတ်မှုများကို မြို့တော်ခန်းမအတွင်းရှိ သီးခြားအဆောက်အအုံတွင် ဖွဲ့စည်းထားသည့် One Stop Service (OSS) အဖွဲ့မှ ဆောက်ရွက်ပေးလျက်ရှိပါသည်။ ဤသို့ ဖြေလျှော့၊ ကြပ်မတ်ဆောင်ရွက်ပေးနေမှုကြောင့် အဆောက်အအုံဆောက်လုပ်ခွင့်များ ဘဏ္ဍာနှစ်အလိုက် တိုးတက်ခွင့်ပြုပေးနိုင်မှုနှင့် ယခုဘဏ္ဍာနှစ်တွင် ယခင်နှစ်များကထက် အဆောက်အအုံများ တိုးတက်ခွင့်ပြုပေးမှုများကို တွေ့မြင်ရမည် ဖြစ်ပါသည်-





ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ/ပုဂ္ဂလိကကဏ္ဍပြောင်းလဲဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ (Delivery Unit)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ၏ကြီးကြပ်မှုဖြင့် ငါးလုပ်ငန်းဆိုင်ရာပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေ

ကုန်ထုတ်လုပ်မှုတိုးတက်ဆောင်ရွက်မှု

မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ ကုန်ထုတ်လုပ်မှုတိုးတက်ထုတ်လုပ်စေခြင်း နိုင်ငံတွင်းစားနပ်ရိက္ခာဖူလုံပြီး စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်-







သယံဇာတထိန်းသိမ်းမှု

ပတ်ဝန်းကျင်သယံဇာတထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ငါးမျိုးပြုန်းတီးမှု မဖြစ်စေရေးအတွက် ငါးသားပေါက်များ ဖြန့်ဖြူးရောင်းချခြင်းနှင့် မျိုးစိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတိုင်းတွင် ငါးသားပေါက်ထုတ်လုပ်နိုင်ရန်အတွက် ပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ရေချိုငါးလုပ်ငန်း ဥပဒေစီမံခန့်ခွဲခွင့်များကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးခြင်း၊ ငါးမဖမ်းရဇရိယာ၊ ငါးမဖမ်းရရာသီတို့အား ညှိနှိုင်း၍ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

စာမျက်နှာ ၁၈ သို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

(၆၇)ကြိမ်မြောက် အာဇာနည်နေ့ ဆွမ်းကပ်လှူဒါန်း

စလင်း ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် (၆၇)ကြိမ်မြောက် အာဇာနည်ကြီးများအားရည်စူး၍ ဆွမ်းကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် မြတ်ရတနာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက ဦးဆောင်၍ ပင့်သံဃာကိုးပါးအား ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများကို လှူဒါန်း၍ အာဇာနည်ကြီးများအား ကောင်းမှုအဖို့ကို အမျှအတန်းများပေးဝေလှူဒါန်းခဲ့သည်။

စစ်ကြည်(စလင်း)

သီပေါ၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေး

သီပေါ ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၏ ကြီးကြပ်မှုဖြင့် ယာဉ်တိုက်မှုအန္တရာယ်လျော့နည်းကျဆင်းရေးအတွက် ဇူလိုင် ၁၇ ရက်က လူစည်ကားရာ မိုင်းပွန်လမ်းနှင့် လမ်းမတော်လမ်းဆုံရာတွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့နှင့် ယာဉ်ထိန်းတပ်ဖွဲ့တာဝန်ခံ တပ်ကြပ်ဝင်းဇော်လတ်တို့အဖွဲ့သည် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ လိုင်စင်အပြည့်အစုံမပါရှိသူများကို ဒဏ်ကြေးများ ချမှတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

သီပေါမြို့နယ်သည် မန္တလေး၊ လားရှိုး၊ မူဆယ်သွားပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် လမ်းဆုံကျသောမြို့ဖြစ်ရာ မော်တော်ယာဉ်မျိုးစုံနှင့် မော်တော်ဆိုင်ကယ်အသွားအလာများပြားပြီး မြို့တွင်းလမ်းများ ကျဉ်းမြောင်းခြင်း၊ မြို့ရှောင်လမ်းမရှိခြင်း၊ ကုန်တင်မော်တော်ယာဉ်ကြီးများ မြို့တွင်း ဘေးဝဲ၊ ယာတွင် စည်းကမ်းမဲ့စွာ ရပ်နားသွားလာခြင်းများကြောင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတည်ရှိရာ နေရာဖြစ်၍ ကျောင်းသား ကျောင်းသူများ ကျောင်းသွားကျောင်းပြန် ယာဉ်အန္တရာယ် ကြီးမားလှသည်။

ထို့အပြင် နယ်စပ်ဒေသနှင့် နီးကပ်သည့်အလျောက် နေ့စဉ်မော်တော်ဆိုင်ကယ်များ အများအပြားဝင်ရောက်လျက်ရှိပြီး စက်ဘီးများနေရာတွင် မော်တော်ဆိုင်ကယ်များ အစားထိုးဝင်ရောက်လာမှုကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအရေးယူထိန်းသိမ်းမှုများ အခါအားလျော်စွာ ဆောင်ရွက်ခြင်းထက် နေ့စဉ်ဆောင်ရွက်သွားမည်ဆိုပါက ယာဉ်တိုက်မှုအန္တရာယ် ပိုမိုလျော့နည်းသွားမည်ဖြစ်ကြောင်း ကျောင်းသားမိဘများ၏ ပြောဆိုသံများကို ကြားသိရသည်။

စိုင်း(သီပေါ)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းလျှောက်လွှာ နောက်ဆုံးပေးပို့ရမည့်ရက် တိုးမြှင့်ကြောင်း ကြေညာခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူးနေရာအတွက် လျှောက်ထားနိုင်ကြောင်း ၁-၇-၂၀၁၄ ရက်စွဲဖြင့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများ၌ ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး ရာထူးနေရာသို့ လျှောက်ထားသူများအနေဖြင့် ပိုမိုအဆင်ပြေစေရေးအတွက် သတင်းစာကြေညာစာပါ လျှောက်လွှာနောက်ဆုံးပေးပို့လျှောက်ထားရမည့် ၃၁-၇-၂၀၁၄ ရက်အစား ၇-၈-၂၀၁၄ ရက်သို့ တိုးမြှင့်ပြင်ဆင်လိုက်သည်။

၃။ ရေးဖြေ ဖြေဆိုခြင်းနှင့် လူတွေ့စစ်ဆေးမေးမြန်းမည့်ရက်ကို ယခင်ကြေညာထားသည့်ရက်အစား မိမိလျှောက်လွှာလျှောက်ထားရာ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြင်ဆင်ကြေညာသွားမည် ဖြစ်ပါသဖြင့် အဆိုပါရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ရုံးအမှတ် (၂၂)၊ နေပြည်တော်

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးလှိုင်ငွေး ၁၄/ဟသတ(နိုင်)၀၈၂၇၅၀၏သမီး မဟန်သာသင်း အဟ-၁၈၁၄(၂၀၀၉)/ တတိယနှစ် စီးပွားရေး ၃စီး-၂၇၁(၂၀၁၄)သည် မသစ္စာစုလှိုင် ၁၄/ဟသတ(နိုင်)၂၈၃၈၅၇နှင့် တစ်ဦးတည်းပင်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဖခင်အမည်မှန်

ယင်းမာပင်မြို့၊ အထက တက္ကသိုလ်ဝင်တန်း(B)မှ မနီလာမော်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်လေး ဖြစ်ပါသည်။

ဦးဗိုလ်လေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာဦးစီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနနှင့် စင်ကာပူသမ္မတနိုင်ငံတို့ ပူးပေါင်းဖွင့်လှစ်မည့် စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ လေ့ကျင့်သင်ကြားရေးကျောင်း၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့၌ အောက်ဖော်ပြပါ Hotel and Tourism ဆိုင်ရာ သင်တန်းများ၌ သင်တန်းဆရာများအဖြစ် တာဝန်ထမ်းဆောင်ရန်အတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။ အဆိုပါသင်တန်းကျောင်းတွင် လစ်လပ်လျက်ရှိသော သရုပ်ပြ (လစာနှုန်း-၉၃၀၀၀၀- ၁၀၀၀၀-၉၈၀၀၀၀)အတွက် ခန့်အပ်သွားမည် ဖြစ်ပါသည်။

(က) Front Office Operations
(ခ) Housekeeping Operations
(ဂ) Restaurant Operations
(ဃ) Retail Operations

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများသည် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(တောင်ပိုင်းရုံးခွဲ)၊ အမှတ် ၁၂၃၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့တွင် လျှောက်လွှာထုတ်ယူပြီး လိုအပ်သော စာရွက်စာတမ်းများ ပူးတွဲ၍ ၃၀-၇-၂၀၁၄ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၇-၂၀၁၄ရက်တွင် အနည်းဆုံး အသက် (၂၀)ရှိပြီး အသက် (၃၀)ထက် မကြီးသူဖြစ်ရမည်။
(ဂ) Hotel/Restaurant/Resort/Leisure Management ဆိုင်ရာနယ်ပယ်များတွင် အသိအမှတ်ပြု ဘွဲ့ရရှိသူ (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး Hotel/Restaurant/ Resort/ Leisure Management ဆိုင်ရာနယ်ပယ်များတွင် ဒီပလိုမာရရှိသူ။
(ဃ) Front Office Operations and Management, Housekeeping Operations and Management, Restaurant Service and Operations, Guest Services, Sales and Marketing နယ်ပယ်များတွင် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်ရှိရမည်။
(င) အင်္ဂလိပ်ဘာသာဖြင့် ကျွမ်းကျင်စွာ ပြောဆိုဆက်သွယ်နိုင်ရမည်။
(စ) သင်တန်းပို့ချဖူးသည့် အတွေ့အကြုံရှိရမည်။
(ဆ) Microsoft word, Excel, Powerpoint များအား တတ်ကျွမ်းရမည်။
(ဇ) ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
(ဈ) ခြောက်လအတွင်း ရိုက်ထားသော ပတ်စ်ပို့ဓာတ်ပုံ (၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားမိတ္တူ။
(ည) တစ်လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဋ) တစ်လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဌ) ခြောက်လအတွင်း ပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၃။ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက သင်တန်း ဆရာများအဖြစ် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လိုအပ်သော သင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။

၄။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်/အလုပ်သမားမှတ်ပုံတင် မူရင်းများတင်ပြနိုင်ရမည်။ အသေးစိတ်သိရှိလိုပါက စက်မှုနှင့် သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၄၄၇၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာမျက်နှာ ၁၇ မှ



ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတိုးတက်လာခြင်း၊ ရေထွက်ပစ္စည်းများ ပြည်ပတင်ပို့စေခြင်းဖြင့် နိုင်ငံခြားဝင်ငွေ ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။







မှတ်ချက်။ တရုတ်နိုင်ငံသို့ တင်ပို့ကုန်တန်ချိန်နည်း၍ တန်ဖိုးငွေများပြီး ထိုင်းနိုင်ငံသို့တင်ပို့ကုန်တန်ချိန်များပြီး တန်ဖိုးငွေနည်းရခြင်းမှာ တရုတ်သို့တင်ပို့သည့်ငါးများမှာ တန်ဖိုးမြင့်ပြီး ငါးများဖြစ်၍ ထိုင်းနိုင်ငံသို့တင်ပို့သည့်ငါးများမှာ တန်ဖိုးနည်းငါးများဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

အစုအဖွဲ့နှင့် ငွေကြေးထောက်ပံ့မှု

လူတစ်ဦးချင်း၊ ဝင်ငွေတိုးတက်စေရေးအတွက် ငါးမွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မွေးမြူရေးအသင်းအဖွဲ့များ၊ အစုအဖွဲ့များ တိုးတက်ဖွဲ့စည်းပြီး ချေးငွေရရှိရေး ဆောင်ရွက်လျက်ရှိပါသည်။



ရခိုင်နှင့် ချင်းပြည်နယ်တို့၌ (၆၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်

နေပြည်တော် ဇူလိုင် ၂၀

(၆၇)နှစ်မြောက် အာဇာနည်နေ့ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်မဟာဝေယန် သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ (၆၇)နှစ်မြောက် အာဇာနည်နေ့ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နံနက် ၅ နာရီခွဲတွင် ချင်းပြည်နယ် ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းအမှူးပြုသော ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ကျောင်းကျန်းမာရေးစစ်ဆေးဆောင်ရွက်

မြိုင် ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး မြိုင်မြို့မ အထက(ခွဲ)ကျောင်းတွင် ကျန်းမာရေး စစ်ဆေးဆောင်ရွက်မှုနှင့် ပညာပေး ဟောပြောပွဲကို ဇူလိုင် ၁၇ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ကျောင်းကျန်းမာရေး စစ်ဆေးပညာပေးဟောပြောပွဲသို့ မြိုင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာန ဒေါက်တာရဲလင်းသန်းနှင့် ကျန်းမာရေးဝန်ထမ်းများက မြိုင်မြို့ပေါ်ရှိ အထကကျောင်းများနှင့် မူလွန်ကျောင်းများမှ ကျောင်းသားကျောင်းသူများအား ကျောင်းကျန်းမာရေး တစ်ဦးချင်းစစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး ဝမ်းပျက်၊ ဝမ်းလျှောရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာများကို စစ်ဆေးဆွေးနွေး၍ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လိုအပ်သောဆေးဝါးများ ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **စိန်မြိုင်(မြိုင်)**

ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်

တပ်ကုန်း ဇူလိုင် ၂၀

တပ်ကုန်းမြို့ ဆရာစံရပ်ကွက် စိန်သူဌေးလမ်း (၂၀၀၀×၁၂)ပေ ကျောက်လမ်းမှ ကတ္တရာလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူး ဦးလွင်မောင် လ/ထညွှန်ကြားရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမိုးကျော် (လ/ထအင်ဂျင်နီယာ)တို့က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(လ/ဝ၃၆)

လူကုန်ကူးမှုတိုက်ဖျက်ရေး တို့တွေပါဝင်ကူညီပေး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနသည် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလက်ကမ်းစာစောင်၊ စာအုပ်၊ CD+ CD Bag များကို ထုတ်ဝေရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံရောင်းမည့်ရက်** - ၂၃-၇-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၄ ရက်၊ မွန်းလွဲ ၂ နာရီ

(ဂ) **တင်ဒါပုံစံခေါ်ယူရန်နေရာ** - ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၃)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၂၄၂၊ ၄၀၆၁၃၅၊ ၄၀၆၁၃၀ တို့သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန
နေပြည်တော်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ် (၃၁)အကြီးစားစက်ရုံ(ဘိလပ်မြေစက်ရုံ-သရက်)အား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရွေးချယ်ခံရသော

ကုမ္ပဏီအမည်ကြေညာခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၃)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဘိလပ်မြေစက်ရုံ သုံးရုံအား အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ပြည်တွင်းပြည်ပကုမ္ပဏီများအား တင်ဒါဖိတ်ခေါ်ပြီး စိစစ်မှုများအဆင့်ဆင့်ဆောင်ရွက်ခဲ့ပါသည်။ အမှတ် (၃၁)အကြီးစားစက်ရုံ(သရက်)အတွက် အဆိုပြုလွှာများသည် လိုအပ်ချက်များနှင့်ကိုက်ညီမှုမရှိသဖြင့် နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခဲ့သော ကုမ္ပဏီအားလုံးကို ထပ်မံယှဉ်ပြိုင်စေခဲ့ပါသည်။

၂။ ယခုအခါ တင်ဒါထပ်မံခေါ်ယူမှုအပေါ် စိစစ်မှုများပြီးစီးပြီဖြစ်သဖြင့် အမှတ် (၃၁) အကြီးစားစက်ရုံ(သရက်)ကို အကျိုးတူဆောင်ရွက်ရန်အတွက် Myanmar Jidong Cement Co.,Ltd. အား ရွေးချယ်ကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးမှ အောက်ပါလုပ်ငန်းများအတွက် ဖိတ်ခေါ်အပ်ပါသည်-

(က) ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများ ဝယ်ယူခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၃-၇-၂၀၁၄ရက် နံနက် ၁၀း၀၀နာရီမှ ၁၆း၀၀ နာရီအတွင်း ရုံးအမှတ် (၃၅)၊ ဝန်ကြီးရုံးတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ ဝယ်ယူလိုသော ပစ္စည်းအသေးစိတ်စာရင်းများအား ကြော်ငြာသင်ပုန်းတွင် လာရောက်လေ့လာနိုင်ပါသည်။

၄။ ၃၀-၇-၂၀၁၄ရက် နံနက် ၁၁း၃၀နာရီတွင် အိတ်ဖွင့်တင်ဒါများကို တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် ပေးသွင်းရန်ဖြစ်ပြီး၊ သတ်မှတ်ချိန်ထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစစ်ဆေးမည်မဟုတ်ပါ။

တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာများတွင် ထုတ်ယူနိုင်ပါသည်-

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
ရုံးအမှတ်(၃၅)၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဖုန်း-၀၆၇-၄၀၈၀၃၀၊ ၄၀၈၄၈၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံးမှ အောက်ပါအဆောက်အအုံဆောက်လုပ်ခြင်း လုပ်ငန်းများအတွက် စိတ်ပါဝင်စားသူများအား အိတ်ဖွင့်တင်ဒါခေါ်ယူပါသည်-

(က) မူဆယ်မြို့၊ လူကုန်ကူးခံရသူများ ယာယီစောင့်ရှောက်ရေးဂေဟာ

(၁) (၈၀'×၃၆') လေးခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း

(ခ) အောင်ပန်းမူလတန်းကြိုကျောင်း

(၁) (၁၅၀'×၃၀'×၁၁')၊ တစ်ထပ် RC ကျောင်းဆောင်တစ်လုံးဆောက်လုပ်ခြင်း

(၂) (၂၀'×၁၅')မီးဖိုချောင်

(၃) (၄၀'×၂၆')ကလေးထမင်းစားဆောင်

(၄) (၃၈၇'×အမြင့် ၁၁')ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့်တင်ဒါပုံစံများအား အောက်ပါလိပ်စာများတွင် ၂၁-၇-၂၀၁၄ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၈-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းနိုင်ပါသည်။ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၂၁၁၆

(ခ) တွဲဖက်ပြည်နယ်လူမှုဝန်ထမ်းရုံး၊ လားရှိုးမြို့ ဖုန်း-၀၈၂-၂၃၁၀၄

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ တောင်ကြီးမြို့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီး

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ မန္တလေးမြို့၊ ဗဟိုအမျိုးသမီးဆေးရုံကြီးရှိ ခွဲစိတ်ခန်း/သားဖွားဆောင်အတွက် လျှပ်စစ်ပါဝါလိုင်းများတပ်ဆင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဂါလန် ၂၀၀၀၀ ဆံ့ ရေလှောင်ကန်၊ ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်မည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်နေ့ရက်** - ၂၂-၇-၂၀၁၄ ရက် (အင်္ဂါနေ့)

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃၁-၇-၂၀၁၄ ရက် (ကြာသပတေးနေ့)၊ ညနေ ၄ နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး၊ ဗဟိုအမျိုးသမီးဆေးရုံကြီး
၆၈×၇၀ကြား၊ ၃၀×၃၂ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၆၅၆၃၃၊ ၀၂-၆၅၆၃၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြို့ရှောင်လမ်းများကြောင့် မြို့တွင်းယာဉ်သွားလာမှုလွယ်ကူ

ရေနံချောင်း ဇူလိုင် ၂၀

ကုန်တင်ယာဉ်ကြီးများ၊ ယန္တရားယာဉ်ကြီးများကြောင့် မြို့တွင်းလမ်းများ မပျက်စီးစေရန်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် သွားလာမှု မြန်ဆန်လွယ်ကူ ချောမွေ့စေရန် ပြည်ထောင်စုလမ်းမကြီးများပေါ်၌ တည်ရှိသောမြို့များတွင် မြို့ရှောင်လမ်းများကို နိုင်ငံတော်က တည်ဆောက်ပေးလျက်ရှိသည်။

ရန်ကုန်-ပြည်-မန္တလေး လမ်းမကြီးပေါ်၌ တည်ရှိသော မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့သည် ပထဝီအနေအထားအရ တောင်ကုန်း၊ ချိုင့်ဝှမ်း ပေါများသောဒေသဖြစ်သည်။ မြို့အနေအထားကြောင့် မြို့တွင်းလမ်းများပေါ်၌ယာဉ်ကြောကြပ်တည်းမှုနှင့် လမ်းပျက်စီးမှု လျော့နည်းစေရေးအတွက် မိုင်တိုင်(၃၅၅/၇)မှ မိုင်တိုင်(၃၆၈/၆)အထိ ကိုးမိုင်နှစ်ဖာလုံရှိသည့်ရေနံချောင်းမြို့ရှောင်လမ်းကို နိုင်ငံတော်က ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းလမ်းမကြီးသည် ရေနံချောင်းမြို့တွင်းသို့ ဖြတ်သန်းသွားစရာမလိုတော့ဘဲ ယာဉ်အရှောင်အတိမ်းများကြောင့်ကြန့်ကြာမှုနှင့် မြို့တွင်းလမ်းအနေအထားများကြောင့် အရှိန်လျှော့မောင်းနှင်ရခြင်းများအပါအဝင် ယခင်လမ်းဟောင်းမှ သွားလာရခြင်းထက် များစွာအဆင်ပြေချောမွေ့ကြောင်းသိရသည်။

"အရင်လမ်းဟောင်းကထက် လေးမိုင်လောက်ပိုပြီး လမ်းတိုသွားတယ်။ ယာဉ်အရှောင်အတိမ်းနည်းပါးပြီး လမ်းချောမွေ့တဲ့အတွက် အန္တရာယ်ကင်းတယ်။ ယာဉ်မောင်းချိန် မိနစ် ၂၀ သက်သာတော့ ခရီးပိုတွင်တယ်။ ကုန်တင်ယာဉ်ကြီးတွေနဲ့ ဖြတ်သန်းသွားလာတဲ့ ခရီးသွားယာဉ်တွေအတွက် အကျိုးကျေးဇူးများပါတယ်" ဟု မုံရွာမှမကွေးသို့ ကွမ်းခြင်းများ နေ့စဉ်တင်ပို့ပြေးဆွဲနေသော ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ သို့သော် မြန်မာနိုင်ငံအရပ်ရပ်ရှိ မြို့ရှောင်လမ်းအများတွင် အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ ညအခါစီးနင်းသွားလာရာတွင် မော်တော်ကားနှင့် ဆိုင်ကယ်မီးများ အသုံးမပြုခြင်းတို့ကြောင့် ယာဉ်မတော်တဆထိခိုက်မှုများလည်း ဖြစ်ပွားလျက်ရှိရာ မော်တော်ယာဉ်မောင်းနှင်သူများက အထူးသတိပြုရမည်ဖြစ်ကြောင်း ယာဉ်မောင်းတစ်ဦးက ပြောသည်။ **ကျော်စွာ(မကွေး)**

အပတ်စဉ် ပိတ်ရက်၌ ဓမ္မစကူးလ်သင်တန်းများ ဖွင့်လှစ်သင်ကြား

ရေဖြူ ဇူလိုင် ၂၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဘုန်းတော်ကြီးကျောင်းများတွင် မူလတန်းအဆင့်မှ ပဋ္ဌမတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများအား အပတ်စဉ် ကျောင်းပိတ်ရက်တစ်ရက်တွင် ဓမ္မစကူးလ်သင်တန်းများဖွင့်လှစ်ပို့ချလျက်ရှိသည်။

ရေဖြူမြို့၊ ဓမ္မမာမကဘုန်းတော်ကြီးကျောင်း၌လည်း သင်တန်းသားသင်တန်းသူ ၁၇၀ ကျော်ရှိပြီး သင်တန်းဆရာ ငါးဦးက ကလေးများအား သင်ကြားပေးခြင်းဖြစ်သည်။ ဘုရားရှိခိုးခြင်း၊ တရားထိုင်ခြင်းနှင့် ဓမ္မစကူးလ်သင်ခန်းစာများကို ကလေးများက စိတ်ဝင်တစား သင်ယူနေသည်ကြောင်းသိရသည်။

ကလေးငယ်များအတွက် လိမ္မာယဉ်ကျေးစေရန်နှင့် ဘာသာရေးအသိတရားများ ငယ်စဉ်ကတည်းကပင် ရရှိစေရန် ရည်ရွယ်ကာ ဓမ္မစကူးလ်သင်တန်းများကို အနယ်နယ်အရပ်ရပ်တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

ညောင်တုန်းမြို့နယ်၌ ကိုယ့်အားကိုယ်ကိုး ကျောင်းဆောက်

ညောင်တုန်း ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာအုပ်စု တာဝကျေးရွာ၌ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးရွှေကျီးနှင့် အလှူရှင် ဦးကံလှ မိသားစုတို့က မတည်ငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ စုပေါင်းအလှူငွေကျပ် ၂၆ သိန်းဖြင့် အလျား ပေ ၉၀၊ အနံပေ ၃၀ ရှိ အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းကို ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

တာဝကျေးရွာ မူလတန်းကျောင်းခွဲတွင် တာဝကျေးရွာအပါအဝင် ပါလှဲ့ကျေးရွာအုပ်စုအတွင်းမှ မူလတန်းအရွယ် ကလေးငယ်များ လာရောက် ပညာသင်ကြားခွင့်ရစေရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

ကျောင်းစတင်ဖွင့်လှစ်ရာတွင် ပညာရေးဝန်ကြီးဌာနမှ ခန့်အပ်သည့် ဆရာမ နှစ်ဦးနှင့် ကျေးရွာမှ လုပ်အားပေး ဆရာ ဆရာမများ ပူးပေါင်းသင်ကြားပေးမည်ဖြစ်သည်။

ယခုအခါ ကျောင်းဆောင်၏ အမိုးအကာများ တပ်ဆင်ပြီးစီးသွားပြီဖြစ်သော်လည်း ကျန်ရှိနေသေးသည့် တံခါးရွက်များ၊ ကျောင်းသုံးပရိဘောဂ ဆက်စပ်ပစ္စည်းများ ဖြည့်တင်းခြင်းနှင့် အချောကိုင်ခြင်းများ ကျန်ရှိနေသေးကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းခွဲကို ဆောက်လုပ်ခွင့်ရရှိသဖြင့် ဝမ်းမြောက်ကြောင်းနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းသွားမည်ဖြစ်ကြောင်း သိရသည်။ **မြင့်ဦး(အင်းစိန်)**

မကွေး-တောင်တွင်းလမ်းပေါ်ရှိ ကျေးရွာများ၌ မိုးရွာသွန်းမှု နောက်ကျ၍ နွားစာရှားပါးမှုနှင့် ကြုံတွေ့နေရ

မကွေး ဇူလိုင် ၂၀

မကွေးတိုင်းဒေသကြီး မကွေးမြို့အထွက် တောင်တွင်းလမ်းပေါ်ရှိ နွားကူး၊ သန်းတောကုန်း၊ ဆားတိုင်ကန်မကြီးကန်၊ သပြေစမ်း စသည့်ကျေးရွာများ၌ မိုးရွာသွန်းမှု နောက်ကျသဖြင့် နွားစာရှားပါးမှုအခက်အခဲနှင့် ကြုံတွေ့နေရကြောင်း ဒေသခံများထံမှ သိရသည်။

နွားစာရှားပါးမှုကို လာမည့်နှစ်နွေရာသီအထိပါ ရိုက်ခတ်မည်ကို ဒေသခံများက စိုးရိမ်နေကြသည်။ အကြောင်းမှာ ယခင်နှစ်များက တန်ခူးလအတွင်း မိုးရေလုံလောက်စွာ ရရှိခဲ့သဖြင့် နှမ်းနှင့် မြေပဲများ ဆတူ စိုက်ပျိုးနိုင်ခဲ့ကာ မြေပဲပင်များကို နွားစာအဖြစ် အသုံးပြုနိုင်ခဲ့ပြီး မြေပဲဥမှာမူ တောင်သူများအတွက် ဖြစ်၍ စီးပွားရေးတွက်ခြေကိုက်ပြီး နွားစာလည်း ဖူလုံခဲ့ကြသည်။

ယခုနှစ်မိုးရာသီအတွင်း မိုးဦးကျနောက်ကျနေသဖြင့် မြေပဲများ စိုက်ပျိုးရာတွင် ဖြစ်ထွန်းအောင်မြင်မှု နည်းပါးမည်ကို စိုးရိမ်နေကြသော တောင်သူအများစုက မြေပဲကို စိုက်ပျိုးခြင်းမရှိသလောက်ဖြစ်နေကြပြီး နှမ်းကိုသာ အဓိကစိုက်ပျိုးသဖြင့် လာမည့်နှစ်နွေရာသီအတွက် ကြိုတင်စုဆောင်းထားသည့် နွားစာရိက္ခာများ အားနည်းမည်ကို ကြိုတင်တွက်ဆ စိုးရိမ်လျက်ရှိသည်။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် သာမက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်လည်း လယ်ယာကဏ္ဍမှ ကျွဲ နွားများ၏ အစာအပြင် လယ်ယာလုပ်ငန်းနှင့်ဆက်စပ်လုပ်ကိုင်ကြသည့် မွေးမြူရေးလုပ်ငန်းသုံး တိရစ္ဆာန်များအတွက်လည်း အစာရှားပါးနေရသည်။

(လ/၀၄၇)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၄/မြောက်၊ မြေကွက်အမှတ် ၂၆၈/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆၈/ခ၊ မြို့မ ၁၂လမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးညိုအေး၊ (၂)ဒေါ်အေးကြွယ် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညိုအေး ၁၂/သကတ(နိုင်) ၀၁၃၂၅၄၊ ဒေါ်အေးကြွယ် ၁၂/သကတ(နိုင်)၀၁၀၈၄၁တို့မှ ဂရန်မူရင်းပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၇-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ-၂၂ ကော်လံ ၂တွင် ပါရှိသော ရဲမှူးကျော်မြင့် (ငြိမ်း)အများသိစေရန်ကြော်ငြာတွင် ၇-၅-၁၉၉၅ အစား ၇-၅-၁၉၅၅ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တိုက်ခန်းရောင်းမည် (25'×50')

စမ်းချောင်း CITY MART အနီး၊ ငါးလွှာ၊ ဓာတ်လှေကားပါ။ (အကျိုးဆောင်ခ နှစ်ရာခိုင်နှုန်း) 2A/C, 1M/B, 1 Single room၊ သိန်း 2700 ။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၃၁၉၃၄၁၂
ဖုန်း-၀၉-၅၁၆၄၀၆၃

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေနှင့် သာမန်အသုံးစရိတ်ရန်ပုံငွေများဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသောကြောင့် စိတ်ဝင်စားမည့်လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

စဉ် ပစ္စည်းအမျိုးအစား
၁။ ခွဲကျောက်(ရွယ်စုံ)
၂။ သဲရောကျောက်
၃။ ကျောက်စရစ်
၄။ သဲ
၅။ သစ်ခွဲသား
၆။ သံချောင်းလုံး(ရွယ်စုံ)
၇။ ဘိလပ်မြေ

တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၈-၇-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာရောင်းချမည့်အချိန် - နံနက် ၁၀း၀၀ နာရီ
တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၈-၇-၂၀၁၄ ရက်
တင်ဒါလျှောက်လွှာပိတ်မည့်အချိန် - မွန်းတည့် ၁၂း၀၀ နာရီ
တင်ဒါဖွင့်လှစ်မည့်ရက် - ၂၉-၇-၂၀၁၄ ရက်
တင်ဒါဖွင့်လှစ်မည့်အချိန် - မွန်းလွဲ ၂ နာရီ

အိတ်ဖွင့်တင်ဒါစည်းကမ်းချက်၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါဌာနတွင်စုံစမ်းနိုင်ပြီး လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

လျှောက်လွှာဝယ်ယူရမည့်နေရာ - အင်ဂျင်နီယာမှူးရုံး
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
မြိတ်ခရိုင်၊ မြိတ်မြို့
ဖုန်း-၀၅၉-၄၁၀၀၇၊ ၀၅၉-၄၁၁၁၇

ဖခင်အမည်မှန်

ယင်းမာပင်မြို့၊ အထက၊ နဝမတန်း (H)မှ မောင်ခိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစံထွန်း ၅/ယမပ(နိုင်)၀၁၉၅၆၁ဖြစ်ပါသည်။

ဦးစံထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ယဉ်ကျေးမှုဝန်ကြီးဌာန
ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန

တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ဆောင်ရွက်ရန်လုပ်ငန်းများ		
	တည်နေရာ/ဌာနခွဲအမည်		ဆောင်ရွက်မည့်လုပ်ငန်းများ
၁။	စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၊ ဝက်လက်မြို့	ရွှေဘို-ဟန်လင်း ဌာနစု	ဟန်လင်းရှေးဟောင်းသုတေသနပြတိုက်မွမ်းမံ ထိန်းသိမ်းခြင်း
၂။	မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦးမြို့	ပုဂံဌာနခွဲ	ပုဂံမြို့ဟောင်းမြို့ရိုးအား ခြံစည်းရိုးကာရံခြင်း
၃။	မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့	တကောင်း ဌာနခွဲ	တကောင်းမြို့ဟောင်းပျူခေတ်မြို့ရိုး၏အနောက်မြောက်ထောင့်အား ဧရာဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်ခြင်းလုပ်ငန်း
၄။	မကွေးတိုင်းဒေသကြီး	မကွေးဌာနခွဲ	ရှေးဟောင်းသစ်သားကျောင်းအဆောက်အအုံများဖြစ်သော ပခန်းကျောင်းတော်ကြီးနှင့်လယ်ကိုင်းရပ်စုံကျောင်း ထိန်းသိမ်းခြင်း

၂။ တင်ဒါပုံစံရောင်းချမည့်ရက်နှင့် တင်ဒါပိတ်မည့်ရက်တို့မှာအောက်ပါအတိုင်းဖြစ်ပါသည်-
တင်ဒါပုံစံရောင်းချမည့်ရက် - ၂၈-၇-၂၀၁၄ရက်မှ ၁၃-၈-၂၀၁၄ရက်အထိ
တင်ဒါပိတ်မည့်ရက် - ၁၄-၈-၂၀၁၄ရက်
တင်ဒါပိတ်မည့်အချိန် - မွန်းလွဲ ၂း၀၀နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

ယဉ်ကျေးမှုဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
ရုံးအမှတ် (၃၅)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၀၂၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

မြန်မာနိုင်ငံတွင်သာ ကျန်ရှိတော့သည့် ဧရာဝတီလင်းပိုင်များအား ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်

ဝင်းမောင်(စဉ့်ကူး)

အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံတွင်သာ ကျန်ရှိတော့သည့် ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် ရှားပါးဧရာဝတီ လင်းပိုင်မျိုးစိတ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန်၊ အင်းအိုင်ရေချိုငါးဖမ်းလုပ်ငန်းနှင့် ရေချိုငါးများ မျိုးမသုဉ်းရေးနှင့် ဆက်လက်မျိုးပွားစေကာ ရေရှည်စားသုံးနိုင်ရေး ထိရောက်စွာဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အဆိုပါ အင်းအိုင်ရေချိုငါးလုပ်ငန်း လုပ်ကိုင်ခြင်းများကို ရာစုနှစ်များစွာကပင် ဘိုးဘွားမိဘများအစဉ်အဆက် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြရာ အရှေ့တောင်အာရှနိုင်ငံများတွင် မြန်မာနိုင်ငံတွင်သာ ကျန်ရှိတော့ပြီး အခြားနိုင်ငံများတွင် တိမ်ကောပျောက်ကွယ်နေပြီဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

မြန်မာနိုင်ငံတွင် ငါးသယံဇာတများ ပေါကြွယ်ဝစေရေးနှင့် ပြည်သူများ၏ အာဟာရ ဖြည့်တင်းရေးတို့အတွက် အထောက်အကူပြု အင်းအိုင်ရေချိုငါးဖမ်းလုပ်ငန်း တည်တံ့ရေးအတွက် မြန်မာနိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနက အစိုးရဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်လျက် ပြည်သူများနှင့်အတူ ရေချိုငါးဖမ်းလုပ်ငန်း စီမံခန့်ခွဲရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ဂရန်အင်းများစိစစ်၍ ကြေးတိုင်အင်းအဖြစ် နှစ်ရှည်လုပ်ကိုင်ခွင့်များ ခွင့်ပြုပေးစေပြီး အင်းအိုင်များ ထိန်းသိမ်းပြုပြင်ခြင်းတို့ဖြင့် ရေချိုငါးလုပ်ငန်းရေပြင်များ ရေရှည်တည်တံ့နိုင်ရေးတို့အတွက် စီမံဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေကို ပြဋ္ဌာန်း၍ ရေချိုငါးလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေချိုငါးများ ရေရှည်တည်တံ့ပြန့်ပွားနိုင်ရေးအတွက်ဂရန်အင်းများတွင် ငါးမျိုးစိုက်ထည့်ပွားများစေခြင်း၊ သဘာဝမြစ်ချောင်းရေပြင်များတွင် ငါးမျိုးများ ပွားများစိုက်ထည့်စေခြင်းတို့အပြင် ငါးမျိုးမပြုန်းတီးရေးတို့အတွက် ဥပဒေနှင့်အညီ တားဆီးကာကွယ်ခြင်းတို့ဖြင့် ရေချိုငါးထုတ်လုပ်မှုတိုးတက်လာစေရန် ဦးဆောင်ကြိုးကြပ်လျက် အင်းလုပ်သားကြီးများနှင့် ရေလုပ်သားကြီးတို့အား ပူးပေါင်းပါဝင်လာစေရန် နှစ်စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ မိုးဦးကျငါးရစ်ငါးသန်ရာသီတွင် ငါးများမဖမ်းဆီးရန် တားမြစ်ခြင်း၊ လှုံ့ဆော်ပညာပေးခြင်း၊ စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူခြင်း၊ ငါးမျိုးပြုန်းတီးစေနိုင်မည့် ငါးဖမ်းနည်းဖြင့် ငါးမဖမ်းဆီးရေးနှင့် မိုင်းခွဲပြီး ငါးမဖမ်းဆီးရေးတို့ကို ပညာပေးစည်းရုံးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာတို့အနေဖြင့် ရေချိုငါးများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် အစရှိသည့် ငါးနှင့်ပြုလုပ်သော စားစရာလုပ်ငန်းများကို အစဉ်အဆက် အန္တရာယ်ကင်းစွာ ထိန်းသိမ်းစားသုံးလာခဲ့ကြရာ ယခုအခါ မတော်လောဘတို့ဖြင့် တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် ငါးဖမ်းဆီးခြင်းများ ပြုလုပ်လာကြသဖြင့် တဖြည်းဖြည်း ငါးများ ရှားပါးပြုန်းတီးမှုများရှိလာရာ ပြည်သူများအနေဖြင့် ရေချိုငါးများ မျိုးမသုဉ်းရေးနှင့် ဆက်လက်မျိုးပွားစေကာ ရေရှည်စားသုံးနိုင်ရေးတို့နှင့် ပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ရှားပါးဧရာဝတီလင်းပိုင်မျိုးစိတ်များကို အမျိုးသားစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် လိုအပ်လျက်ရှိကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

ကလေးမြို့နယ်အတွင်း ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ကြောင့် မီးလင်းပြီ

ကလေး ဇူလိုင် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် ဗဟိုဆိုလာမီးစနစ်မီးလင်းရေးပစ္စည်းများကို တိုင်းဒေသကြီးအတွင်းမြို့နယ် ၁၂ မြို့နယ်သို့ အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်သည် အဆိုပါ ဗဟိုဆိုလာမီးစနစ်ဖြင့် ပြည်တော်သာ၊ စက္ကန့်၊ ကံဦး၊ ကံကြီးနှင့် ကံသာကျေးရွာများအတွက် တစ်ရွာလျှင် ဆိုလာပြား ၂၀၀ ရရှိပြီး ဘက်ထရီအိုးအသေး အလုံး ၆၀ စီ စုစုပေါင်းအလုံး ၃၀၀ နှင့် အားသွင်းဇွဲကုတ် နှစ်လုံးစီ စုစုပေါင်း ၁၀ လုံး အခမဲ့ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။

ပြည်တော်သာကျေးရွာမှ အုပ်ချုပ်ရေးမှူးဦးကျင့်ငိုက်ထန်က "ကျွန်တော်တို့ကျေးရွာမှာ အိမ်ခြေ ၈၅၀ ကျော်ရှိပါတယ်။ နယ်မြေ လေးခုခွဲထားပြီး နယ်မြေတစ်ခုကို ပုဂ္ဂလိက မီးမယူနိုင်တဲ့ မိသားစု ၁၅ အိမ်ရွေးချယ်ပြီး ဆိုလာမီးပေးပါတယ်။ ပုဂ္ဂလိကမီးပေးမှုမှာ နှစ်ပေမီးချောင်းတစ်ချောင်းကို တစ်လလျှင် ငွေကျပ် ၂၀၀၀ ပေးရတာဖြစ်ပါတယ်။ အဲဒါကြောင့် လိုအပ်နေသူတွေကို ထောက်ပံ့ရတာဖြစ်တယ်"ဟု ပြောကြားသည်။

အလားတူ ပျဉ်းတောဦးကျေးရွာအုပ်စု မင်းလှကျေးရွာတွင်လည်း နိုင်ငံတော်အစိုးရမှ စရိတ်တစ်ဝက်ထုတ်ပေးပြီး မီးသုံးစွဲသူများက တစ်ဝက်ခံစနစ်ဖြင့် ဗဟိုဆိုလာမီးစနစ် မီးလင်းရေးပစ္စည်း ၂၅၈ စုံကို တပ်ဆင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဒီဒိုင်း(ကလေး)

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများဆွေးနွေး

ဘားအံ

ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ပါရမီစွမ်းအင်ကုမ္ပဏီလုပ်ငန်းစုတို့ ပူးပေါင်းကျင်းပသည့် တာဝန်သိမှုနှင့် တာဝန်ယူမှု အလုပ်ရုံဆွေးနွေးခြင်းကို ဇူလိုင် ၁၈ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့များ၊ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြပြီး နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးနှင့် ဒီမိုကရေစီနိုင်ငံတော် ဖော်ဆောင်ရေး ဆောင်ရွက်မှုများတွင် ကရင်ပြည်နယ်အနေဖြင့် တာဝန်သိမှုနှင့် တာဝန်ယူမှုအပိုင်းများကို သိရှိနားလည်ကာ လိုက်ပါဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်ကြောင်းသိရသည်။ ဆွေးနွေးပွဲသို့ အစိုးရအဖွဲ့တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(ပြည်နယ်ပြန်/ဆက်)**

ဘားအံ

ချင်းပြည်နယ်အတွင်း နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုဆိုင်ရာ တတိယအဆင့် အရှိန်မြှင့်တင်ခြင်း လုပ်ငန်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ရက်က ချင်းပြည်နယ်ရဲတပ်ဖွဲ့ ရဲဇာနည်ခန်းမ၌ကျင်းပသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုနှင့်အတူ လိုက်ပါဆောင်ရွက်သွားမည့် အခြေအနေများကို တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။ ထို့အပြင် ဝန်ထမ်းများ၏ တာဝန်ယူမှု၊ တာဝန်သိမှုများ အားကောင်းလာစေရေး ဆွေးနွေးကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပန်းတနော်

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျန်းမာရေးဦးစီးဌာန၏ ကျန်းမာရေးကဏ္ဍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က ပန်းတနော်မြို့နယ် ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမိုးဆွေက ကလေးသူငယ်များနှင့်ကိုယ်ဝန်ဆောင်များ၊ နို့တိုက်မိခင်များနှင့် သက်ကြီးရွယ်အိုများ၊ ဆင်းရဲချို့တဲ့သူများအား အခမဲ့ကုသပေးမည့် အခြေအနေများကို ပြောကြားခဲ့သည်။ **ခင်မောင်ဇော်မြင့်(ပန်းတနော်)**

မုံရွာ

နိုင်ငံတော်ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှုနှင့် ပတ်သက်သည့်လုပ်ငန်းစဉ်များ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက်က မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲမှုများ တတိယအဆင့် အရှိန်မြှင့်တင်မှု (Third Wave)နှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးအောင်ကျော်ကျော်က ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူးခြောက်ဦးက သိရှိလိုသည်များကိုပြန်လည်မေးမြန်းဆွေးနွေးသည်။ ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်စေရန်မိမိတို့ကိုယ်တိုင် တစိုက်မတ်မတ်သင်ယူလေ့လာပြီး ပြည်သူများ၏ လိုလားချက်များကို ဝန်ဆောင်မှုကောင်းများပေးနိုင်စေရန် ဆွေးနွေးခဲ့ကြသည်။ **နေလင်းအောင်(မုံရွာ)**

ခြင်ဆေးခွေနှင့်ပတ်သက်သည့် သတိပေးချက်

ယခုအခါ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှနည်းလမ်းမျိုးစုံဖြင့် မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိသော အဆိပ်ရှိပစ္စည်းများနှင့်ထုတ်လုပ်ထားသည့် ကျင်းထုံခြင်ဆေးခွေများ ဝင်ရောက်လျက်ရှိပါသည်။ ၎င်းခြင်ဆေးခွေများအား ပြည်သူများသုံးစွဲခြင်းမပြုကြရန် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ နေ့စဉ်ထုတ်သတင်းစာများတွင် အသိပေးထုတ်ပြန်ကြေညာထားပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းထုံခြင်ဆေးခွေအမည်ဖြင့် မည်သည့်ခြင်ဆေးခွေကိုမျှ ပိုးသတ်ဆေး ဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ဈေးကွက်တွင်တွေ့ရှိရသော ကျင်းထုံတံဆိပ်ခြင်ဆေးခွေနမူနာများကို စစ်ဆေးခဲ့ရာတွင် ကျင်းထုံတံဆိပ်ဖြင့်ခြင်ဆေးခွေများပေါ်တွင် ဖော်ပြထားသော အမျိုးအစားဓာတုပစ္စည်း၏ ပါဝင်မှုရာခိုင်နှုန်း ၀.၀၈%သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးမှ ထုတ်ပြန်ထားသော အများဆုံးပါဝင်ရမည့်ပမာဏ ၀.၀၄%ထက် ပိုမိုပါဝင်နေသဖြင့် သုံးစွဲသူများ၏ ကျန်းမာရေးကိုများစွာ ထိခိုက်စေပါသည်။

တရားမဝင်တင်သွင်းလာသော အခြားခြင်ဆေးခွေများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ပိုးသတ်ဆေးဓာတ်ခွဲခန်းတွင် စစ်ဆေးလျက်ရှိပါသည်။ ခြင်ဆေးခွေတင်သွင်းရောင်းချသူများအနေဖြင့် တင်သွင်းလာသောခြင်ဆေးခွေတွင် အဆိပ်ရှိပစ္စည်းပါဝင်မှုစစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်းကို သီးနှံကာကွယ်ရေးဌာနခွဲသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ တရုတ်ပြည်မှတင်သွင်းလာသော ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ယင်းကျင်းထုံခြင်ဆေးခွေများကို သုံးစွဲခြင်းမပြုကြရန်နှင့်တင်သွင်း၊ ရောင်းချ၊ ဖြန့်ဖြူးမှုများကို တွေ့ရှိပါက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းမည်ဖြစ်ပြီး ပိုးသတ်ဆေးဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံသတိပေးကြေညာအပ်ပါသည်။

ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၂၄၁၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်စိုး ၁၀/ဘလန(နိုင်)၀၁၈၁၁၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၃၅၂၉၅ ယာဉ်လက်ဝယ်ရှိသူ ဒေါ်လွင်လွင်ခိုင်မင်း ၁၀/ကထန(နိုင်)၁၃၆၀၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (သထုံ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၉၃၇၂ Feiling 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီရိထွန်း ၇/ပမန(နိုင်)၁၁၀၄၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
ချင်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန
ဟားခါးမြို့

၁။ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ မင်းတပ်မြို့တွင် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း၊ ပွဲကြည့်စင်နှင့် တွန်းဇန်မြို့တို့တွင် တင်းနစ်ကွင်း လုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၁-၇-၂၀၁၄ ရက်မှစ၍ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံး ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၀-၈-၂၀၁၄ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈
အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
တောင်ကြီးတက္ကသိုလ်
တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းအမည်	လုပ်ငန်းတည်နေရာ
၁။	ပင်မဆောင်(၁) ရှေ့မျက်နှာစာ ထုံးကြမ်းလမ်းအား ကွန်ကရစ်ခင်းခြင်း (၃၆၂၅၀ စ/ပေ)	တောင်ကြီးတက္ကသိုလ်
၂။	တက္ကသိုလ်ဝင်းအတွင်း ကွန်ကရစ်လမ်းများခင်းခြင်း -ပင်မဆောင် (၁)(၃)(၄)(၅)ဘက်မြေသား လမ်းများအား ကွန်ကရစ်ခင်းခြင်း(၆၀၀'×၁၂') -စာမေးပွဲမေးခွန်းလှည့်စခန်း(၁)နှင့်(၂)အတွင်း ကွန်ကရစ်ခင်းခြင်း(၁၉၅၀၀ စ/ပေ)	တောင်ကြီးတက္ကသိုလ်
၃။	200 KVA Transformer တပ်ဆင်ခြင်းနှင့် 11/0.4KV ဓာတ်အား လိုင်းပြုလုပ်ခြင်း (၂၀၀')	တောင်ကြီးတက္ကသိုလ်
၄။	11/0.4 KV, 315 KVA Transformer တည်ဆောက်ခြင်းလုပ်ငန်း	လားရှိုးတက္ကသိုလ်
၅။	စာသင်ဆောင်စကြံ လူကူးလမ်း ဖောက်လုပ်ခြင်းလုပ်ငန်း အမိုးပါ (နှစ်ဖက်) (၁၅၀'-၀" × ၁၀'-၀") (လျှပ်စစ်မီးအပါအဝင်)	ကျိုင်းတုံတက္ကသိုလ်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၈-၇-၂၀၁၄ ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၈-၈-၂၀၁၄ရက် ၁၆း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် သက်ဆိုင်ရာလုပ်ငန်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမို၍ တင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးတစ်ခုချင်းပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

၄။ သက်ဆိုင်ရာလုပ်ငန်းများကို သက်ဆိုင်ရာတက္ကသိုလ်များတွင် လျှောက်လွှာဝယ်ယူတင်သွင်းကြရမည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသည့် အချက်များကို တောင်ကြီးတက္ကသိုလ် ဖုန်း-၀၈၁-၂၁၂၁၀၂၄၊ ၀၉-၄၂၈၃၁၈၀၂၉၊ လားရှိုးတက္ကသိုလ် ဖုန်း-၀၈၂-၂၅၉၀၉၊ ၀၉-၄၀၃၇၀၆၅၅၀ နှင့် ကျိုင်းတုံတက္ကသိုလ် ဖုန်း-၀၈၄-၂၂၅၅၀၊ ၀၉-၄၉၀၃၂၂၂၈ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ခေါ်ယူရေးကော်မတီ

အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၌ အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများအား ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအစား	အရေအတွက်
(၁)	စွမ်းအားမြှင့်အေဝမ်းမီးဖို	၁၀၀၀၀ လုံး
(၂)	စွမ်းအားမြှင့်ထင်းတစ်ချောင်းထိုးမီးဖို	၁၅၀၀ လုံး

၂။ တင်ဒါလျှောက်လွှာပုံစံများကို ၂၅-၆-၂၀၁၄ ရက်မှ ၂၄-၇-၂၀၁၄ ရက်အထိ တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန၊ မုံရွာမြို့၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၃၁-၇-၂၀၁၄ ရက်နောက်ဆုံးထား တင်ဒါတင်သွင်းရန်ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
ဖုန်း-၀၇၁-၂၃၈၈၄၊ ၀၇၁-၂၁၄၅၁၊ ၀၇၁-၂၄၃၁၁

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
တင်ဒါပိတ်ရက်၊ ရက်တိုးခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးထုတ်လုပ်ရေးဌာနခွဲအတွက် ၂-၆-၂၀၁၄ရက်မှ ၂-၇-၂၀၁၄ရက်အထိ တင်ဒါပိတ်သည့် မြန်မာ့အလင်းသတင်းစာတွင်ခေါ်ယူခဲ့သော စက်ပစ္စည်းများအတွက် တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ထပ်မံရက်တိုးသတ်မှတ်ပါသည်-

ပစ္စည်းအမျိုးအမည်	မူလပိတ်ရက်	ရက်တိုးသည့်ပိတ်ရက်
စက်ပစ္စည်း(၁၅)မျိုး	၂-၇-၂၀၁၄	၃၁-၇-၂၀၁၄

၂။ ဝယ်ယူမည့်စက်ပစ္စည်းများ၏ ပါဝင်သော(Technical Specification)များ၊ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၏ အသေးစိတ်အချက်အလက်များနှင့် ပတ်သက်၍ အောက်ပါဌာနများတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၇၅၊ ၄၀၈၂၇၆၊
Fax No-၀၆၇-၄၀၈၁၉၅
အမှတ်(၁) ဆေးဝါးစက်ရုံ(ရန်ကုန်)
ဖုန်း-၀၁-၆၄၆၂၇၄

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီနယ်မြေအတွင်း သမဝါယမဦးစီးဌာနဝန်ထမ်းအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်ခြင်းလုပ်ငန်းများအား အောက်ပါအတိုင်းဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	နေရာ	အဆောက်အအုံအမျိုးအစား
(က)	ပုဗ္ဗသီရိမြို့နယ်	နေပြည်တော်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၄၁'၊ ဝန်ထမ်းအိမ်ရာလုပ်ငန်း
(ခ)	ဇမ္ဗူသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၃၅.၅' ဝန်ထမ်းအိမ်ရာလုပ်ငန်း
(ဂ)	ဒက္ခိဏသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၃၅.၅' ဝန်ထမ်းအိမ်ရာလုပ်ငန်း
(ဃ)	ဥတ္တရသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၃၅.၅' ဝန်ထမ်းအိမ်ရာလုပ်ငန်း
(င)	ပုဗ္ဗသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၃၅.၅' ဝန်ထမ်းအိမ်ရာလုပ်ငန်း
(စ)	ဇေယျာသီရိမြို့နယ်	မြို့နယ်သမဝါယမဦးစီးဌာနရုံးဝင်း RC သုံးထပ်၊ ၇၆'×၃၅.၅' ဝန်ထမ်းအိမ်ရာလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များ၊ ဗိသုကာပုံစံများကို ၂၁-၇-၂၀၁၄ရက်မှစ၍ နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ နေပြည်တော်သမဝါယမဦးစီးဌာနရုံး ယုဇနလမ်းနှင့် ၁၉ လမ်းထောင့်၊ နှင်းဆီပန်းအဝိုင်းအနီး၊ ပေါင်းလောင်းတိုးချဲ့(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့တွင် လာရောက်ထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၀-၈-၂၀၁၄ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်နောက်ကျတင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက နေပြည်တော်သမဝါယမဦးစီးဌာန ဖုန်း-၀၆၇-၂၁၀၉၀ ဦးမျိုးချစ် (ဒုတိယညွှန်ကြားရေးမှူး)၊ ဦးအောင်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

နေပြည်တော်အဆင့် တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး
(ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ ရှမ်းပြည်နယ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း)မှ ၂၀၁၄-၂၀၁၅ခုနှစ် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများဖြစ်သော-

(က) ၁၁ကေဗွီလိုင်းများ၊ ၄၀၀ဗို့လိုင်းများနှင့် ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံငယ်များ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများ

(ခ) ၁၁ကေဗွီနှင့် ၄၀၀ဗို့ဓာတ်အားလိုင်းဟောင်းများအား (တိုင်/တန်း/ကြိုး/ကြွေသီးများ) လဲလှယ်ခြင်းလုပ်ငန်းများ

(ဂ) ၁၁/၀.၄ကေဗွီဓာတ်အားခွဲရုံငယ်အဟောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများအား TURN KEY(ပုတ်ပြတ်)စနစ် မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၇-၂၀၁၄

၃။ **တင်ဒါပိတ်မည့်ရက်** - ၂၄-၈-၂၀၁၄

၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၆း၃၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ - ဖုန်း-၀၉-၅၂၁၀၃၇၁၊ ၀၈၁-၂၀၁၉၀၆

ရှမ်းပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး - ဖုန်း-၀၈၁-၂၀၅၈၄၈၊ ၀၈၁-၂၁၂၁၂၈၆၊ ၀၈၁-၂၀၅၈၄၄၊ ၀၈၁-၂၀၅၈၄၉

တင်ဒါခေါ်ယူရေးအဖွဲ့
ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား DDP(ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No.21 HPGE/14-15-Computer, Printer, Copier, Scanner, Fax Phone

Tender No.22, 23, 24/HPGE/14-15-Light Truck (5) Nos/Fire Fighting (2)Nos, Double Cab (2) Nos

၂။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၄ခုနှစ် ဩဂုတ် ၁၉ရက် မွန်းတည့် ၁၂ နာရီ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆၊ ၄၁၀၅၃၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်ဆောင်ရွက်မည့် မန္တလေး-တကောင်း-ဗန်းမော်-မြစ်ကြီးနား လမ်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်စဉ်(၂) (၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်)

ကျောက်ရွယ်စုံ - ၃၆၅၄ ကျင်း

(၁) **တင်ဒါလျှောက်လွှာစတင်ရယူနိုင်သည့်ရက်** - ၂၂-၇-၂၀၁၄ရက်

(၂) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၄ရက်၊ ၁၀း၀၀နာရီ

(၃) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၁-၇-၂၀၁၄ရက်၊ ၁၃း၀၀နာရီ

(၄) **တင်ဒါတင်သွင်းစိစစ်ရွေးချယ်မည့်နေရာ** - ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး လမ်းအထူးအဖွဲ့(၁၃)၊ မိတ္ထီလာမြို့

အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖုန်း-၀၆၄-၂၃၁၁၈

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ကလေးဆေးရုံကြီး(ဒဂုံမြို့နယ်)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ကလေးဆေးရုံကြီးတွင် လူနာများအတွက် ဆေးဝါးများ ဝယ်ယူရန်ရှိပါသဖြင့် ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် တင်သွင်းရမည့်ဆေးဝါးများအသေးစိတ်စာရင်းကို သိရှိလိုပါက အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၇-၂၀၁၄ ရက် (သောကြာနေ့)

တင်ဒါပိတ်ရက် - ၁၈-၈-၂၀၁၄ ရက် (တနင်္လာနေ့)

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ဆေးရုံအုပ်ကြီးရုံး၊ ရန်ကုန်ကလေးဆေးရုံကြီး
အမှတ်(၂)၊ ပြည်ထောင်စုရိပ်သာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

ပြည်ထဲရေးဝန်ကြီးဌာန
မီးသတ်ဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ထားဝယ်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ကော့သောင်းမြို့နယ်တွင် (၅)ယူနစ်နှစ်ထပ်မီးသတ်စခန်းနှင့် နှစ်ခန်းတွဲဝန်ထမ်းနေအိမ်တစ်လုံး၊ ခြောက်ခန်းတွဲလေးထပ်ဝန်ထမ်း နေအိမ်တစ်လုံးတို့အား တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်တွင်းဆောက်လုပ်ရေး ကုမ္ပဏီများနှင့် ဒေသလုပ်ငန်းရှင်များအား အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၄ ရက် (တနင်္လာနေ့) မှစ၍ ရုံးချိန်အတွင်း

(ခ) **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၂၂-၈-၂၀၁၄ ရက် (သောကြာနေ့) ၁၆း၀၀ နာရီအထိ

(ဃ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံး၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့

(င) **အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၂၈-၈-၂၀၁၄ ရက် (ကြာသပတေးနေ့) ၀၉း၀၀ နာရီ

(စ) **အိတ်ဖွင့်တင်ဒါဖွင့်မည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့

၂။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှူးရုံး၊ ဖုန်း-၀၅၉-၂၃၈၇၁သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး
ကျောင်းအဆောက်အအုံများဆောက်လုပ်ရေးနှင့် ပရိဘောဂများပြုလုပ်ရေးအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် (ငွေလုံးငွေရင်း) ခွင့်ပြုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးကြပ်မှုအစီအစဉ်ဖြင့်ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး အတွင်း အခြေခံပညာကျောင်းများအသစ်ဆောက်လုပ်ခြင်းနှင့် ပရိဘောဂများပြုလုပ်ခြင်းအတွက် ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) အခြေခံပညာကျောင်း ကျောင်းအဆောက်အအုံ(၄၄)ခု အသစ်ဆောက်လုပ်ခြင်း

(ခ) ပရိဘောဂပြုလုပ်ခြင်း

-	Single Desks & Single Chairs	(၃၃၁၆)စုံ
-	လေးယောက်ထိုင်ခုံမြင့်	(၁၆၀၀)စုံ
-	Officer Tables	(၁၄)ချပ်
-	Officer Chairs	(၇)လုံး
-	Armless Chair	(၁၄)လုံး

၂။ **တင်ဒါလျှောက်လွှာပုံစံများစတင်ရောင်းချမည့်ရက်/အချိန်** - ၂၁-၇-၂၀၁၄ ရက် (ရုံးချိန်အတွင်း)

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၀-၈-၂၀၁၄ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါအတိုင်း လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးရုံး
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၃၅၅၁၊ ၂၃၉၆၀၊ ၂၃၉၆၃

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ကျိုက်ထိုမြို့နယ်တရားရုံးတော်၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂ နှင့်ဆက်သွယ်သည့်

၂၀၁၃ခုနှစ်၊ တရားမဇာရီမှုအမှတ်-၇၀

ဦးဇေယျာကျော်ကျော် နှင့် ဒေါ်ငွေကြည်

ဒီကရီအနိုင်ရသူ (ယခုနေရပ်လိပ်စာမသိတရားရှုံး)

ကျိုက်ထိုမြို့နယ်၊ ဖက္ကလိပ်ကျေးရွာ၊ သုံးခွပိုင်းတွင်နေ ဒေါ်ငွေကြည်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၂တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးဇေယျာကျော်ကျော်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် တင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဩဂုတ် ၁၈ ရက် (၁၃၇၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးလာရောက်စေ။

၂၀၁၄ခုနှစ် ဇူလိုင် ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မျိုးမာလာခင်)

တွဲဖက်မြို့နယ်တရားသူကြီး

ကျိုက်ထိုမြို့နယ်တရားရုံး

လူပျောက်ကြော်ငြာ

ဖော်ပြပါဓာတ်ပုံရှင်နှစ်ဦး (ဘ)ဦးမျိုးမြင့်၏သား မောင်ဇင်မင်းသူနှင့်(ဘ)ဦးစိန်ဝင်းဟန်၏သား မောင်ဖွဲ့မြင့်မြတ်တို့နှစ်ဦးသည် ၉-၇-၂၀၁၄ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)၊ သုံးခွစ်ပြရပ်ကွက် နေအိမ်မှထွက်သွားပါသဖြင့် ယနေ့အထိ ပြန်ရောက်လာခြင်းမရှိပါ၍ တွေ့ရှိပါကအကြောင်း ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၄၈၀၀၂၉၇၅၊
၀၉-၄၂၀၂၆၆၂၆၇၊
၀၉-၇၃၀၈၉၃၉၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၅၂)ရပ်ကွက်၊ မြေကွက်အမှတ်၁၄၈၆ ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀×၆၀) ရှိမြေကွက်နှင့်အကျိုးခံစားခွင့်အားလုံးကို လက်ရှိဝယ်ယူပိုင်ဆိုင်ထားသော ဒေါ်ခင်ခင်ရီ ၁၂/အစန(နိုင်)၀၀၂၁၈၄ ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးကျော်စိန်ထွန်း ၁၂/ပဇတ(နိုင်)၀၂၉၄၉၀

ဖုန်း-၀၉-၅၀၉၇၆၂၈၊ ၀၉-၅၀၈၇၂၇၊ ၀၉-၅၁၃၃၆၀

၁၀-၇-၂၀၁၄ရက်စွဲပါ ၂၃-၆-၂၀၁၄ရက်နှင့် ၂၇-၆-၂၀၁၄ရက်စွဲဖြင့် မြန်မာ့အလင်း သတင်းစာနှင့်ကြေးမုံသတင်းစာတို့တွင် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ အရိုးကုန်းလမ်း၊ အမှတ် (၁၀၉/၁၁၁)တိုက်သစ်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ပိုင်ရှင်ဦးမြင့်နိုင်ပါ သုံးဦးတို့မှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်းဆိုသည့် ကြော်ငြာနှင့်ပတ်သက်၍ ဦးအောင်ဌေး ၁၂/ဒဂတ (နိုင်)၀၁၇၅၅၄မှ ပေလီဆောက်လုပ်ရေးမှ ဦးမြင့်နိုင်ပါ သုံးဦးနှင့်အများသိစေရန်

ထပ်မံရှင်းလင်းကြေညာခြင်း

ဒေါ်ဆုမိကျော်မှ အဆိုပါတိုက်ခန်းများအား ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားများ ပြသဝန်ခံပြောဆိုလာသည့်အတွက် ယုံကြည်၍ တိုက်ခန်းများကို ၂၀၁၂ခုနှစ်က ဝယ်ယူခဲ့ခြင်းဖြစ်ရာ တိုက်ခန်းများပြန်လည်ရောင်းချရန် ၁-၁-၂၀၁၄ရက်သွားရောက်သည့်အခါ ၎င်းတိုက် မြေညီ/ဝဲဘက်ခြမ်းခန်းတွင်နေသော ဒေါ်ဆုမိကျော်တို့မိသားစုတို့အား လုံးဝမတွေ့ရပါ။ ၎င်းမှ ဦးအောင်ဌေးဝယ်ယူထားသည့်အခန်းများအား နှစ်ဆင့်/သုံးဆင့် ထပ်မံရောင်းချထားကြောင်း စုံစမ်းသိရှိရသဖြင့် ဒေါ်ဆုမိကျော်(ခ)ဒေါ်ခင်နှင်းဆီနှင့် ၎င်း၏မိခင် ဒေါ်မေမေမြင့် (ခ) ဒေါ်ငယ်ငယ်တို့အား ၁၄-၁-၂၀၁၄ရက် တာမွေရဲစခန်းတွင် (ပ)နံပါတ် (၃၁/၁၄)ဖြင့် အမှုဖွင့်ထားပြီးဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းနောက် ဦးမြင့်ဇော်မှ ၎င်းတို့ပေလီဆောက်လုပ်ရေးလုပ်ငန်း၏ ရုံးခန်းသို့ဦးအောင်ဌေးအား ခေါ်ယူတွေ့ဆုံညှိနှိုင်းခဲ့ပါသည်။ ထို့ကြောင့် တာမွေမြို့နယ် (ပ)နံပါတ် (၃၃/၁၄)ဖြင့် အမှုဖွင့်လှစ်ထားကြောင်း ဖော်ပြချက်အရ ဦးအောင်ဌေးမှ သိရှိပါလျက် အဆိုပါအခန်းများဝယ်ယူခဲ့ခြင်းမှာ တရားမဝင်ပါဟု ဖော်ပြချက်မှားယွင်းနေပါသည်။ ဦးအောင်ဌေးနှင့်ဦးမြင့်ဇော်တို့အမှုမဖွင့်ခင် ၂၀၁၂ ခုနှစ်ကတည်းက ဝယ်ယူထားသည့်အခန်းများဖြစ်ကြောင်း၊ ဦးအောင်ဌေးမှ (ပ)နံပါတ် (၃၁/၁၄)ဖြင့် အမှုဖွင့်ပြီးမှ ဦးမြင့်ဇော်မှ (ပ)နံပါတ် (၃၃/၁၄)ဖြင့် ဖွင့်ခဲ့သဖြင့် ဦးအောင်ဌေးမှ ဆောလျင်စွာဖွင့်ခဲ့ကြောင်း၊ ဦးအောင်ဌေးကိုယ်တိုင်မှလည်း ဒေါ်ဆုမိကျော်မှ မမှန်မကန်ပြုလုပ်မှုများအပေါ်တွင် အမှုဖွင့်လှစ်ထားပါလျက် သတင်းစာတွင်အခန်းများ ဝယ်ယူထားကြောင်း ထည့်သွင်းကြေညာခဲ့ခြင်းမှာ မှားယွင်းလျက်ရှိပါသည်ဟု ဖော်ပြချက်မှာလည်း မှန်ကန်မှုမရှိပါ။ ၂၀၁၂ခုနှစ်ကတည်းက ဝယ်ယူထားသည့်အကြောင်းကို ဦးမြင့်ဇော်တို့မှ ၁၆-၆-၂၀၁၄ရက်စွဲဖြင့် ကြော်ငြာချက်အား ပြန်လည်ရှင်းလင်းခဲ့ခြင်းသာဖြစ်၍ အမှုဖွင့်ပြီးမှ သိလျက်နှင့်ဝယ်ယူခြင်း/ကြော်ငြာခြင်းမဟုတ်ဘဲ အမှုမဖွင့်ခင်ကတည်းက ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဒေါ်ဆုမိကျော် မမှန်မကန်ပြုလုပ်ခြင်းမသိခင်၊ အမှုမဖွင့်ခင်၊ ဆောလျင်စွာဝယ်ယူခဲ့ခြင်းဖြစ်သည်ကို ထပ်မံရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ထွန်း @ ဦးသန်းရွှေ
တရားလွှတ်တော်ရှေ့နေ
အမှတ် (၆၈)၊ သုံးလွှာ၊ ၁၂၂လမ်း၊
ရေတွင်းကုန်းရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၂၁၇၄၄

ဦးနိုင်ဝင်း
B.Sc, H.G.P, D.B.L, D.I.L
အထက်တန်းရှေ့နေ (စဉ်-၂၆၄၇၆)

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂၇/၂၀၁၄

(ကွယ်လွန်သူဦးတင်လှကျန်ရှိရစ်သောပစ္စည်းအကြောင်း)

ဒေါ်မြစန္ဒာ လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ (၂/၉၅၀) နေ ဒေါ်မြစန္ဒာက ကွယ်လွန်သူဦးတင်လှ၏ သမီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်ဘဏ်ခွဲ(ကမ္ဘောဇဘဏ်လီမိတက်)တွင် ကမာရွတ်မြို့နယ်၌ စုဆောင်းငွေကျပ် ၁၀၆၄၄၈၀၅.၂၄(ကျပ်တစ်ရာ့ခြောက်သိန်း လေးသောင်းလေးထောင်ရှစ်ရာနှင့် ငါးကျပ်ပြားနှစ်ဆယ့်လေးတိတိ)ကို ထုတ်ယူနိုင်ရန်နှင့် ကျန်ရှိရစ်သောပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးတင်လှမှ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဩဂုတ် ၅ ရက်(၁၃၇၆ခုနှစ် ဝါခေါင်လဆန်း၁၀ရက်) နံနက်၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် အထက်အမည်ပါ လျှောက်ထားသူ၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုမာသိန်း)

ဒုတိယခရိုင်တရားသူကြီး(၁)

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၄၅)ရပ်ကွက်၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အမှတ် ၁၀၇ ကို ဦးတင်ညွန့် ၁၂/သကတ(နိုင်)၀၈၇၃၀၆ ကလည်းကောင်း၊ မြေကွက်အမှတ် ၁၇၄၁ နှင့် ၁၇၄၅ ကိုဦးမြင့်ဦး ၁၂/ကတတ(နိုင်)၀၂၆၅၇၆ ကလည်းကောင်း၊ မြေကွက်အမှတ် ၁၉၇၅ ကို ဦးအောင်မျိုးထွန်း ၁၂/ဗဟန(နိုင်)၀၇၈၈၇၇ကလည်းကောင်း မူလပိုင်ရှင်သို့ ချအပ်ထားသော မြေချပါမစ်အပါအဝင် ဆက်စပ်စာချုပ်များနှင့်တကွ အရှုပ်အရှင်းကင်းစွာလက်ရှိ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားကြောင်း ဖွင့်ဟဝန်ခံကာပြန်လည်လွှဲပြောင်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်း ၁၂/ပဇတ(နိုင်)၀၀၈၀၂၉ က ငွေအပြီးအပြေပေးချေကာ စာချုပ်စာတမ်းများနှင့်တကွ လက်ရောက်ရယူဝယ်ယူထားပြီးဖြစ်၍ ယင်းမြေကွက်အသီးသီး၏ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သိန်း တစ်ဦးတည်းသာ ခံစားပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှမောင် B.A(Phi):H.G.P,R.L တရားလွှတ်တော်ရှေ့နေ(၁၉၁၀/၈၀)
အမှတ် ၉၅၊ သုံးလွှာ(ညာ)၊ ၁၀၁ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၉၇၂၇၂၅၅

၁၅-၇-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၂)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်လဲ့လဲ့ဝင်းဟန်၊ အထက်တန်းရှေ့နေ ဒေါ်ချိုဇင်ဝင်း လွှဲအပ်ညွှန်ကြားသူ

ဒေါ်မြင့်မြင့်သန်းနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်သတင်းစာပါ အသိပေးတားမြစ်ကြေညာခြင်းနှင့်ပတ်သက်၍ ဦးဇေယျအောင် ၁၂/ဥကတ(နိုင်)၀၆၃၂၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။
ဦးဇေယျအောင်သည် ပင်လယ်ပြင်တွင် (၁၈)နှစ်ခန့် သက်စွန့်ဆံဖြားသင်္ဘောပေါ်တွင် သွားရောက်တာဝန်ထမ်းဆောင်ပြီး ဇနီးဒေါ်မြင့်မြင့်သန်းအပေါ်တွင် လင့်ဝတ္တရားနှင့်အညီ မိသားစုကို ဦးဆောင်လုပ်ကိုင်ကျွေးမွေးနေခဲ့သူဖြစ်ပါသည်။ ကျန်းမာရေးချို့ယွင်းလာသော ဒေါ်မြင့်မြင့်သန်း၏ဖခင်ကို ရန်ကုန်မြို့သို့ခေါ်ဆောင်ပြီး ရန်ကုန်မြို့ရှိ နာမည်ကြီးဆေးရုံများတွင် ငွေကြေးမြောက်များစွာ အကုန်အကျခံ၍ ဆေးကုသစေခဲ့သူ တာဝန်ကျေပွန်သည့် အိမ်ထောင်ဦးစီးတစ်ဦးဖြစ်ပါသည်။

၂။ ဦးဇေယျအောင်သည် ဇနီး ဒေါ်မြင့်မြင့်သန်း၏ လူမှုရေးဖောက်ပြန်မှုကို ဦးတည်စေသော အပြုအမူဆက်ဆံသွားလာမှုများကို လင့်ဝတ္တရားနှင့်အညီ ပြောဆိုဆုံးမလမ်းညွှန်သည်ကို ဇနီးကောင်းတစ်ဦးအနေဖြင့် နာခံခြင်းမရှိဘဲ ၇-၆-၂၀၁၄ ရက်တွင် နာမကျန်းဖြစ်နေသော ၎င်း၏ဖခင်ကြီးအား နေအိမ်တွင်ထားရစ်ခဲ့ပြီး ဦးဇေယျအောင်ကို အသိမပေးဘဲ မိမိ၏ဆန္ဒအရ အိမ်ပေါ်မှအခြားသို့ဆင်းသွားခဲ့ပါသည်။ ထိုသို့ နေအိမ်မှဆင်းသွားရာတွင် ဘဏ်စာအုပ်များ၊ ရွှေထည်ပစ္စည်းများ၊ ဆိုင်ရှိရောင်းချရန်တင်ထားသော ဖုန်းကြိုတင်ငွေဖြည့်ကတ်များ၊ ဆိုင်ရောင်းရငွေများအားလုံး စုစုပေါင်းငွေကျပ်သိန်း ၅၀၀ကျော်ကို ရယူသွားသောကြောင့် ဦးဇေယျအောင်မှ ဒဂုံမြို့သစ်(မြောက်ပိုင်း)ရဲစခန်းသို့ သွားရောက်တိုင်ကြားထားခဲ့ရပါသည်။

၃။ မိသားစုဘဝ ပြိုကွဲခြင်းမရှိစေရန် ဦးဇေယျအောင်မှ လိုက်လံခေါ်ယူသည့်အခါမှ တစ်ပတ်ခန့်အကြာတွင် နေအိမ်သို့ပြန်လာနေပြီး ဒုတိယအကြိမ် ၂၄-၆-၂၀၁၄ ရက် နံနက် ၁နာရီခန့်တွင် သမီးလေးကိုခေါ်၍ အိမ်မှထပ်မံဆင်းသွားခဲ့ခြင်းသာဖြစ်ပါသည်။ ၂၆-၆-၂၀၁၄ ရက်တွင် လူကြီးများကိုခေါ်လာပြီး အိမ်ရှိစတိုးဆိုင်မှ လူသုံးကုန်၊ စားကုန်ပစ္စည်းများကိုယူဆောင်ပြီး နာမကျန်းဖြစ်နေသောဖခင်ကြီးကို ထပ်မံခေါ်ဆောင်ပြီး လင်မယားနှစ်ဦးပိုင် မော်တော်ယာဉ်အမှတ် 2F/5741 Probox ကို ယာဉ်ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်အတူ မောင်းယူထွက်သွားခြင်းသာဖြစ်ပါသည်။ ဦးဇေယျအောင်မှ စတိုးဆိုင်ပစ္စည်းများ သယ်ယူရန် ကားလိုအပ်သဖြင့် တစ်ပတ်အကြာတွင် ဇနီးဒေါ်မြင့်မြင့်သန်း ငှားရမ်းနေထိုင်သောအိမ်မှကားကို ပြန်လည်ရယူထားခြင်းသာဖြစ်ပါသည်။

၄။ ဦးဇေယျအောင်သည် တည်ဆောက်ခဲ့သော မိသားစုဘဝပြိုကွဲမှုမဖြစ်စေရန်အတွက် ဇနီးဒေါ်မြင့်မြင့်သန်းသည် ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လင်မယားအတူနေထိုင်ရာနေအိမ်သို့ ၎င်းရယူသွားသော လင်မယားနှစ်ဦးပိုင်ငွေကြေးများနှင့်တကွ အမြန်ဆုံး ပြန်လာရန် ဦးဇေယျအောင်မှ လင့်ဝတ္တရားနှင့်အညီ တောင်းဆိုကြေညာပါသည်။ သတ်မှတ်ရက်ကျော်လွန်သည့်တိုင်အောင် ပြန်လာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းခံရမည်ဖြစ်ကြောင်းနှင့် ဒေါ်မြင့်မြင့်သန်းရယူသွားသော ရွှေထည်ပစ္စည်း၊ ငွေကြေးများကို အလွဲသုံးစားပြု ရောင်းချလွှဲပြောင်းခြင်းများ၊ ဘဏ်ရှိလင်မယားနှစ်ဦးပိုင် စုဆောင်းငွေများကို ထုတ်ယူခြင်းများမပြုရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျင်ငွေ (၂၄၂၅) ဦးကျော်မြင့်(၉၀၉၅)
ဒေါ်ခင်ဝင်းဖြူ (၉၂၈၄) ဒေါ်ဝင်းဝင်းခိုင် (၃၂၀၅၅)
တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေများ
အမှတ် ၄၆၊ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဝွေးတောင့်အိုင်အုပ်စု မြေနီကွင်းကျေးရွာ၊ ထောက်ကြန့်ကုန်း၊ ဦးပိုင်အမှတ် အင်န်/၄၀၊ ဧရိယာပေ ၁ ဒသမ ၅၅ ဧက ခြံမြေအား ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ညွန့်မြင့်(ခ) ဒေါ်ပြားချိုထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မြမြရီက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး(ဥပဒေတွဲ့) အထက်တန်းရှေ့နေ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်အုန်းကျင်(ကွမ်းခြံကုန်း)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

အထက(၃)၊ ကြည့်မြင်တိုင်(ဗှာကျုံး)၊

ယခင်အလက(၃)၊ သာကေတ

အထက(သုဝဏ္ဏ)

အသက်(၇၀)

သူငယ်ချင်း ဗိုလ်မှူးမင်းဦး(တပ်မှူး၊ အမှတ်-၈ တပ်မတော်ဆေးရုံ၊ ခုတင်-၁၀၀၊ စစ်တွေ)-ဒေါ်ရှိန်းသော်တာစိုးတို့၏မိခင်ကြီး ဒေါ်အုန်းကျင် ကွယ်လွန်ကြောင်းသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

11/87-Batch ဆေးတက္ကသိုလ်(၂)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါက်တာဇော်သိန်း

လက်ထောက်ကထိက(ငြိမ်း)

သွားရောဂါကု ဆေးပညာဌာန၊ သွား/ဆေးတက္ကသိုလ် ရန်ကုန်

အသက်(၅၈)နှစ်

သွားရောဂါကုဆေးပညာဌာနမှ လ/ထ ကထိက(ငြိမ်း) ဒေါက်တာဇော်သိန်း အသက်(၅၈)နှစ်သည် ၁၇-၇-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဒေါက်တာမြင့်မြင့်စန်း
နှင့်
ဆရာ၊ဆရာမ၊ ဝန်ထမ်းများ
သွားရောဂါကုဆေးပညာဌာန
သွား/ဆေးတက္ကသိုလ် ရန်ကုန်

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမင်းလွင်ဦး

အသက် (၂၉)နှစ်

ရန်ကုန်မြို့နေ ဦးမင်းစိုး-ဒေါ်သိန်းဌေးတို့၏သားကြီး၊ မအေးငြိမ်းစိုး၏အစ်ကို ဦးမင်းလွင်ဦး အသက် (၂၉)နှစ်သည် ကျောက်ဖြူမြို့၌ ည ၁၁း၀၀ နာရီခန့်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အကောက်ခွန်သူငယ်ချင်းများ

ကန့်ကွက်နိုင်ပါကြောင်း

